ကြေးမုံ
The Mirror

Established in 1957

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်၊ ကြာသပတေးနေ့ (7-11-2013) (၇၆၅၇)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ထူးခြားသည့် ညအပူချိန်များ

ပူတာအိုနှင့် ပင်လောင်း ၉ ဒီဂရီစင်တီဂရိတ်

ဟားခါးနှင့် ပြင်ဦးလွင် ၈ ဒီဂရီစင်တီဂရိတ်

လွိုင်လင် ၅ ဒီဂရီစင်တီဂရိတ်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တောင်ငူခရိုင်အတွင်း ရေကြီးနစ်မြုပ်မှုနှင့် စပ်လျဉ်း၍ လိုအပ်သည်များ လမ်းညွှန်မှာကြား

တွေ့ဆုံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကေတုမတီမြို့သစ် တိုင်းရိပ်သာကြီး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ်။

(သတင်းစဉ်)

နေပြည်တော်　　နိုဝင်ဘာ　　၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာကြရာ ပဲခူးတိုင်းဒေသကြီး ကေတုမတီမြို့သစ်သို့ ညနေ ၃ နာရီခွဲတွင် ရောက်ရှိသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းနှင့် အစိုးရအဖွဲ့ဝန်ကြီးများ၊ တိုင်းမှူး ဗိုလ်ချုပ်အောင်ကျော်ဇောနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ကေတုမတီမြို့သစ် တိုင်းရိပ်သာကြီးအစည်းအဝေးခန်းမ၌ နိုင်ငံတော်သမ္မတအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းနှင့် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်တို့က တောင်ငူခရိုင်အတွင်း ရေကြီးနစ်မြုပ်မှုအခြေအနေများ၊ ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများ၊ သီးနှံများ ပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ဝန်ကြီးဌာနမှ ပံ့ပိုးကူညီဆောင်ရွက်သွားမည့်အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့●

တောင်ငူမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအား နိုဝင်ဘာ ၆ ရက်က တွေ့ရစဉ်။

စစ်တောင်းမြစ်ရေကျဆင်းသွား၍စာသင်ကျောင်း (၉၇) ကျောင်းပြန်လည်ဖွင့်လှစ်

တောင်ငူ　　နိုဝင်ဘာ　　၆

စစ်တောင်းမြစ်ရေမြင့်တက်မှုကြောင့် ပိတ်ထားခဲ့ရသော တောင်ငူခရိုင်အတွင်းရှိ ကျောင်းပေါင်း ၁၁၉ ကျောင်းအနက် နိုဝင်ဘာ ၆ ရက်က ၉၇ ကျောင်းပြန်လည်ဖွင့်လှစ်၍ ကျောင်းသား ကျောင်းသူများ စာသင်ခန်းအတွင်း ပုံမှန်တက်ရောက်စာသင်ကြားလျက်ရှိပြီး စစ်တောင်းမြစ်ဝှမ်းကမ်းပါးအနီး အနိမ့်ပိုင်းကျေးရွာများရှိ အလယ်တန်းကျောင်းခွဲနှစ်ကျောင်း၊ မူလတန်းလွန်ကျောင်း သုံးကျောင်း၊ မူလတန်းကျောင်း ၁၇ ကျောင်း စုစုပေါင်း ၂၂ ကျောင်းသာ ဖွင့်လှစ်ရန် ကျန်ရှိတော့ကြောင်း တောင်ငူခရိုင်ပညာရေးမှူးရုံး၏ စာရင်းများအရ သိရသည်။

ကျန်ရှိတဲ့ကျောင်းများအနေဖြင့်လည်း လာမည့်ရက်သတ္တပတ်အတွင်း ပြန်လည်ဖွင့်လှစ်နိုင်မည်ဟု တောင်ငူခရိုင် ပညာရေးမှူး ဦးစံကျော်ကပြောကြားသည်။ မြစ်ရေမြင့်တက်မှုကြောင့် တောင်ငူမြို့နယ်တွင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အပါအဝင် ကျောင်း ၃၃ ကျောင်း ယာယီပိတ်ထားခဲ့ရပြီး နိုဝင်ဘာ ၆ ရက် စာရင်းအရ ၁၃ ကျောင်းသာကျန်ရှိတော့ကြောင်း တောင်ငူမြို့နယ်ပညာရေးမှူးရုံးစာရင်းအရ သိရသည်။ "အထက(၁)က တနင်္လာနေ့ (နိုဝင်ဘာ ၄ရက်)ကတည်းက ပုံမှန်ပြန်ဖွင့်နေပါပြီ။ ကျန်တဲ့ကျောင်းတွေကလည်း စစ်တောင်းမြစ်ကမ်းပါးအနိမ့်ပိုင်းမှာရှိတဲ့ ကျောင်းတွေပါ။ ရေပြန်ကျသွားတော့ ကျန်ခဲ့တဲ့နုန်းတွေ၊ အမှိုက်သရိုက်တွေကို ရေနဲ့ပြန်ဆေးချပြီး သန့်ရှင်းရေးလုပ်ဆောင်နေပါတယ်။ နောက်နှစ်ရက်အတွင်း ကျန်တဲ့ကျောင်းတွေပြန်ဖွင့်နိုင်မှာပါ"ဟု တောင်ငူမြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ စစ်တောင်းမြစ်ရေမြင့်တက်မှုကြောင့် တောင်ငူခရိုင်အတွင်းရှိ တောင်ငူ၊ အုတ်တွင်း၊ ထန်းတပင်၊ ရေတာရှည်မြို့များတွင် လူပေါင်း ၄၉၈၄၈ ဦး ရေဘေးသင့်ခဲ့ပြီး ကျေးရွာ ၈၈၃ အုပ်စုမှ တောင်သူ ၁၂၂၅ ဦး၏ ရိတ်သိမ်းခါနီး မိုးစပါးစိုက်ခင်း ၅၇၃၉၅ ဧက ရေနစ်မြုပ်ခဲ့ကြောင်း တောင်ငူခရိုင်အုပ်ချုပ်ရေးရုံးစာရင်းများအရ သိရသည်။

ကျော်စွာ(တောင်ငူ)

ကြေးမုံစာတည်းရှုထောင့် — **၇-၁၁-၂၀၁၃၊ ကြာသပတေးနေ့**

စက်မှုလယ်ယာခေတ်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြကုန်သော ပြည်သူများ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်နေပြည်သူများဖြစ်ပြီး စိုက်ပျိုးရေးကို အခြေခံ၍ အသက်မွေးဝမ်းကျောင်းပြုကြသည်။

လယ်ယာစိုက်ပျိုးရေးကို လုပ်ကိုင်ကြသော ကျေးလက်နေပြည်သူများသည် မိရိုးဖလာလက်မှုလယ်ယာစနစ်ကိုသာ အားထားလုပ်ကိုင်ခဲ့ကြပြီး ယနေ့ထက်တိုင်အောင်ပင် နေရာဒေသများစွာတို့၌ လုပ်ကိုင်နေကြဆဲဖြစ်သည်။

ဒီမိုကရေစီအစိုးရသစ်လက်ထက်တွင် နိုင်ငံတော်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ပြောင်းလဲနိုင်ရေးအတွက် လယ်ယာကဏ္ဍပြုပြင်ပြောင်းလဲမှုများကို ဖန်တီးဖော်ဆောင်ပေးလျက်ရှိသည်။

လယ်ယာကဏ္ဍ ပြောင်းလဲရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပထမအဆင့်အနေဖြင့် တောင်သူလယ်သမားများ၏ လက်ငင်းလိုအပ်ချက်အတွက် ရေရရှိရေးကို ဆောင်ရွက်ပေးသကဲ့သို့ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရန် စက်မှုဝန်ကြီးဌာနနှင့် တောင်ကိုရီးယားနိုင်ငံတို့ ပူးပေါင်းထုတ်လုပ်ခဲ့သည့် ခေတ်မီရိတ်သိမ်းခြွေလှေ့စက်များကို လယ်ယာလုပ်ငန်းခွင်များသို့ ဖြန့်ဖြူးပေးရန် အသင့်ဖြစ်နေကြောင်း ဝမ်းမြောက်ဖွယ်ကြားသိရသည်။

စက်မှုဝန်ကြီးဌာနတွင် မြင်းကောင်ရေ ၇၅ ကောင်အားရှိ ရိတ်သိမ်းခြွေလှေ့စက်အစီး ၂၀၀ နှင့် မြင်းကောင်ရေ ၈၅ ကောင်အားရှိ ရိတ်သိမ်းခြွေလှေ့စက်အစီး ၂၀၀ စုစုပေါင်း အစီး ၄၀၀ အသင့်ထုတ်လုပ်ပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ ရိတ်သိမ်းခြွေလှေ့စက် အစီး ၄၀၀ ကို ပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက် လိုအပ်ချက်ရှိနေသော လယ်ယာလုပ်ငန်းခွင်ဒေသများသို့ လက်ငင်းငွေချေစနစ်ဖြင့်လည်းကောင်း၊ အရစ်ကျငွေချေစနစ်ဖြင့်လည်းကောင်း ဖြန့်ဖြူးပေးသွားမည်ဖြစ်ပြီး ထွက်ရှိလာမည့် မိုးစပါးများ အချိန်မီရိတ်သိမ်းခြွေလှေ့နိုင်ရန် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း အသိပေးကြေညာထားသည်။

ယနေ့ကာလတွင် နိုင်ငံတစ်ဝန်းရှိလယ်ယာမြေများ၌ တစ်ပြိုင်တည်းရင့်မှည့်နေသော စပါးခင်းများကို အချိန်နှင့်တစ်ပြေးညီ ရိတ်သိမ်းနိုင်ရန်နှင့် အလေအလွင့်မရှိစေဘဲ အမိုးအကာအောက်သို့ အမြန်ဆုံးရောက်ရှိနိုင်စေရန်အတွက် အဆိုပါခေတ်မီရိတ်သိမ်းခြွေလှေ့စက်သည် အကောင်းဆုံးနှင့် အသင့်တော်ဆုံး စက်ပစ္စည်းဖြစ်သည်။

စက်မှုဝန်ကြီးဌာနကလည်း တောင်သူလယ်သမားကြီးများ၏ အကျိုးကိုရှေးရှု၍ ကြိုတင်ရောင်းချရေးဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည့်အပြင် လိုအပ်သည့် အရန်စက်ပစ္စည်းအစိတ်အပိုင်းများရရှိရေး၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကိုပါ ဆောင်ရွက်ပေးသွားမည်ဖြစ်၍ တောင်သူလယ်သမားကြီးများအတွက် လုပ်ငန်းအဆင်ပြေချောမွေ့စေမည်ဟု ယုံကြည်ပါသည်။

လယ်ယာလုပ်ငန်းခွင်မှ တောင်သူလယ်သမားကြီးများသည် ထိုခေတ်မီရိတ်သိမ်းခြွေလှေ့စက်များကို အသုံးပြုခြင်းဖြင့် အလေအလွင့်မရှိဘဲ စပါးအထွက်နှုန်းပိုမိုကောင်းမွန်လာမည်ဖြစ်ပါသည်။ တစ်ဧကလျှင် စပါး ၁၀ တင်းနှုန်းထက်မက လျော့နည်းသက်သာသွားစေနိုင်ပြီး စပါးအရည်အသွေးလည်း ပိုမိုတိုးတက်ကောင်းမွန်စေသဖြင့် တွက်ခြေကိုက်သော အဆိုပါ ခေတ်မီရိတ်သိမ်းခြွေလှေ့စက်များကို အသုံးပြုကြရန် တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံ၏စီးပွားရေးသည် စိုက်ပျိုးရေးကိုအခြေခံပြီး ထိုကဲ့သို့ လယ်ယာသုံးစက်ပစ္စည်းများကို အသုံးပြုခြင်းဖြင့် အကျိုးကျေးဇူးများစွာ ရရှိလာမည်ဖြစ်ရာ မိမိတို့အတွက်လည်း လူမှုဘဝမြင့်မားစေပြီး ခေတ်မီစက်မှုလယ်ယာခေတ်သို့လည်း အမြန်ရောက်ရှိအောင် လယ်ယာသုံးစက်ပစ္စည်းများကို တွင်ကျယ်စွာအသုံးပြုကြရန် နှိုးဆော်အပ်ပါသည်။ ။

ပုဂံဒေသမှ သဲပန်းချီကားများ အရောင်းတွင်ကျယ်

ညောင်ဦး နိုဝင်ဘာ ၆

ပုဂံယဉ်ကျေးမှုနယ်မြေဒေသတွင် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ ယခင်နှစ်များနည်းတူ အဆက်မပြတ်လာရောက် လည်ပတ်လျက်ရှိရာ အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ ဒေသထွက်ရိုးရာအဝတ်အထည်နှင့် ပစ္စည်းအရောင်းဆိုင်များ တွင်ကျယ်လျက်ရှိသည်။ ယင်း အမှတ်တရပစ္စည်းများအနက် သဲပန်းချီကား (Sand Painting) သည်လည်း ခရီးသွားဧည့်သည်များ နှစ်ခြိုက်စွာဝယ်ယူအားပေးသည့်အရာတစ်ခုဖြစ်ပေသည်။

အဆိုပါသဲပန်းချီကားများ ရေးဆွဲရာတွင် ဧရာဝတီမြစ်မှ သောင်သဲများကိုအသုံးပြု၍ ရေးဆွဲရခြင်းဖြစ်ကြောင်း၊ ရေးဆွဲရာတွင် ကော်ရည်လေးထပ်ခန့်သုတ်လိမ်း၍ အထပ်ထပ်ပြုလုပ်ထားခြင်းကြောင့် ညစ်ပေပါက ရေလျှော်ခံခြင်း၊ သဲများကွာကျမှုမရှိခြင်း၊ လိပ်၊ ခေါက်၍ သယ်ဆောင်သွားနိုင်ခြင်းတို့အပြင် ယခုအခါ ပုဂံဘုရားစေတီပုထိုးများတွင် နံရံဆေးရေးပန်းချီများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းသည့်အနေဖြင့် ဓာတ်ပုံရိုက်ယူခွင့် ပိတ်ပင်ထားသောကြောင့် နိုင်ငံခြားခရီးသွားများသည် သဲပန်းချီကားများကို ပုဂံရောက် အမှတ်တရအဖြစ်လည်းကောင်း၊ အိမ်တွင်းအလှဆင်ချိတ်ဆွဲရန်အတွက်လည်းကောင်း၊ လက်ဆောင်ပေးရန်အတွက်လည်းကောင်း ဝယ်ယူကြကြောင်း သိရသည်။

ပုဂံယဉ်ကျေးမှုနယ်မြေဒေသတွင် ပုဂံခေတ်နံရံဆေးရေးပန်းချီမူရင်းလက်ရာများကို ဂူပြောက်ကြီးဘုရား၊ ဝိနည်းမိုရ်ဘုရားစု၊ မင်းနန်းသူကျေးရွာအနီးရှိ ဘုရားသုံးဆူနှင့် အခြားသော ဂူဘုရားများတွင် တွေ့ရှိရပြီး အဆိုပါ နံရံဆေးရေးပန်းချီများ ရေရှည်တည်တံ့စေရန်အတွက် ပုဂံမြို့ဟောင်းရှိ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနက ဦးစီး၍ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရဲသူရအောင်(ညောင်ဦး)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

	နိုဝင်ဘာ ၆
ရန်ကုန် ရွှေဈေး	၆၈၅၂၀၀ -၆၈၆၂၀၀
မန္တလေးရွှေဈေး	၆၈၅၀၀၀ -၆၈၆၀၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၂၀	ကျပ်
(ခ)	အောက်တိန်း95	တစ်လီတာ	၁၀၉၀	ကျပ်
(ဂ)	အောက်တိန်း92	တစ်လီတာ	၉၁၀	ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၇၂. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၀၉. ၇
(ဂ)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၈၁. ၃၈
(ဃ)	တရုတ်	တစ်ယွမ်	= ၁၅၉. ၄၃
(င)	ထိုင်း	တစ်ဘတ်	= ၃၁. ၀၆၄
(စ)	မလေးရှား	တစ်ရင်းဂစ်	= ၃၀၅. ၁၃
(ဆ)	အိန္ဒိယ	တစ်ရူပီး	= ၁၅. ၇၇၀
(ဇ)	ဂျပန်	တစ်ရာယန်း	= ၉၈၆. ၃၅
(ဈ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၁. ၄၆၁
(ည)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၉၂၃. ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း



●ရှေ့ဖုံးမှ

နိုင်ငံတော်သမ္မတက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုတို့က ရေကြီးနစ်မြုပ်မှုဘေးနှင့်စပ်လျဉ်းသည့် ဆောင်ရွက်ရန် လိုအပ်သည့်အစီအမံများ၊ ကြိုတင်ကာကွယ်ဆောင်ရွက်မှုများ ပြုလုပ်သင့်သည့်ကိစ္စရပ်များအပေါ် အကျယ်တဝင့် ဖြည့်စွက်ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်သမ္မတက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

(၂၇)ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲ ဖွင့်ပွဲ ပိတ်ပွဲအခမ်းအနား ဖျော်ဖြေရေးအစီအစဉ်များလေ့ကျင့်

နေပြည်တော် နိုဝင်ဘာ ၆

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲပိတ်ပွဲ အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူသည် ယမန်နေ့ညနေ ၅ နာရီတွင် အမှတ်(၇)တည်းခိုရေးစခန်း (ရွာတော်)သို့ သွားရောက်၍ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ ပိတ်ပွဲ အခမ်းအနားတွင် ဖျော်ဖြေတင်ဆက်မည့် အားမာန်ဝင့်ချီရှေ့သို့ချီ၊ ဆင်ရတနာအက၊ ရောင်စုံပန်းများ၏ မြစ်ကြေးမုံ၊ သွေးကပြောသောသစ္စာ၊ ပြန်ဆုံမယ်၊ Countdown အမျိုးသားအမွေအနှစ် မဟာပုဂံ၊ ပွဲဦးအလကာ်၊ သွေးချင်းတို့ဌာနေ မြန်မာပြည်၊ အနာဂတ်ကမ္ဘာမြေ၊ တို့မြန်မာ့ခြင်းလုံး၊ မျိုးဆက်သစ်တို့အားမာန်၊ ပြည်ထောင်စုကြီး တို့ရဲ့မြန်မာ စသည့် အစီအစဉ်များကို လေ့ကျင့်ရေးကွင်းများ၌ လေ့ကျင့်နေမှုများအား ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သဘာဝဓာတ်ငွေ့ကုဗပေတစ်သန်းအစီအစဉ်မှ ခွင့်ပြုလိုက်သည့်ခရီးသည်တင်ယာဉ်စီးရေ ၂၃၀ ကျော်ရှိလာ

ရန်ကုန် နိုဝင်ဘာ ၆

ရန်ကုန်တိုင်းဒေသကြီးအတွက် အထူးအစီအစဉ်တစ်ရပ်အရ ပံ့ပိုးပေးသော သဘာဝဓာတ်ငွေ့ကုဗပေတစ်သန်း အစီအစဉ်အရ သဘာဝဓာတ်ငွေ့ထုတ်ယူခွင့်ရသော ခရီးသည်တင်ယာဉ်မှာ စုစုပေါင်းစီးရေ ၂၃၃ စီး ရှိလာကြောင်း နိုဝင်ဘာ ၆ ရက်က မထသ(ဗဟို)မှသိရသည်။

အဆိုပါအစီအစဉ်အရ မူလက ခွင့်ပြုထားသောယာဉ်မှာ ၁၉၂ စီးရှိရာမှ နိုဝင်ဘာ ၅ ရက်တွင် ၄၁ စီးထပ်မံ၍ ခွင့်ပြုချက်ချပေးလိုက်ခြင်းကြောင့် စုစုပေါင်း ၂၃၃ စီးရှိလာခြင်းလည်းဖြစ်သည်။ “တချို့လည်း လိုင်းတွေထဲမှာ ပြေးနေပြီ၊ တချို့က လိုအပ်တဲ့ပြင်ဆင်ဆောင်ရွက်မှုတွေ လုပ်ဆောင်နေတာဖြစ်ပါတယ်”ဟု မထသ(ဗဟို)ဥက္ကဋ္ဌ ဦးလှအောင်က ပြောသည်။

ထိုသို့ခွင့်ပြုလိုက်သောယာဉ်များမှ သဘာဝဓာတ်ငွေ့တပ်ဆင်မှုနှင့် ပတ်သက်ပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ သတ်မှတ်ချက် လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ပြီးနောက် လိုင်းပြေးဆွဲရန် လုပ်ငန်းအဆင့်ဆင့်ကို လုပ်ဆောင်နေရခြင်းများရှိကြသည်။

ထိုကုဗပေတစ်သန်းအစီအစဉ်အရ သဘာဝဓာတ်ငွေ့သုံးစွဲခွင့်ရရှိသော ၂၃၃ စီးတွင် မထသ(ရန်ကုန်တိုင်းဒေသကြီး)အောက်မှ ၅၇ ယာဉ်လိုင်းတွင် ခြောက်စီး၊ ၄၃ ယာဉ်လိုင်းတွင်တစ်စီး၊ ၄၃ ယာဉ်ကြီး(ရွှေပေါက်ကံ)လိုင်းတွင် တစ်စီး၊ ၄၀ လိုင်းတွင် တစ်စီး၊ ၅၃ ယာဉ်လိုင်းတွင် ခြောက်စီး စသည်ဖြင့်လည်းကောင်း၊ မထသ(အရှေ့ပိုင်းခရိုင်) အောက်မှ G-2000 လိုင်းတွင် ၄၃ စီး၊ မေတ္တာလှိုင်း(၃)တွင် နှစ်စီး၊ မေတ္တာလှိုင်း(၄)တွင် နှစ်စီး၊ မိုးကောင်းကင်လိုင်းတွင် ခုနစ်စီး စသည်ဖြင့်လည်းကောင်း၊ မထသ(အနောက်ပိုင်းခရိုင်)အောက်မှ ၂၄၉ ယာဉ်လိုင်းတွင် လေးစီး၊ ၂၂၆ (အပြာ) လိုင်းတွင် တစ်စီး စသည်ဖြင့်လည်းကောင်း၊ မထသ(တောင်ပိုင်းခရိုင်)အောက်မှ ၂၅၈(ရိုးရိုး)လိုင်းတွင် ၂၃ စီး၊ သုံးခွ-ရန်ကုန်(အေဘီစီ)လိုင်းတွင် မူလနှစ်စီးထပ်မံ၍ ခြောက်စီးအပါအဝင် ရှစ်စီး၊ ခရမ်း-ရန်ကုန်(အေဘီစီ)လိုင်းတွင် သုံးစီး၊ သန်လျင်-ဆူးလေလိုင်းတွင် တစ်စီး၊ မထသ(မြောက်ပိုင်းခရိုင်)အောက်မှ ၁၂၄ ယာဉ်လိုင်းတွင် ၂၈ စီး၊ ၁၃၂ (ယာဉ်ကြီး)လိုင်းတွင် လေးစီး၊ ၁၅၂ ယာဉ်ကြီးလိုင်းတွင် တစ်စီး၊ ၂၂၆ (အနီ)လိုင်းတွင်တစ်စီး စသည်ဖြင့်လည်းကောင်း၊ ရွှေရန်ကုန်ယာဉ်လိုင်းအဖွဲ့အစည်းအောက်မှ သီဟဒီပလိုင်းတွင် သုံးစီး၊ ၁၄၂ လိုင်းတွင် ခုနစ်စီး၊ ပြည့်မဏ္ဍိုင်လိုင်းတွင် မူလသုံးစီး၊ ထပ်မံ၍လေးစီးအပါအဝင် ခုနစ်စီး၊ ၆၇ လိုင်းတွင် တစ်စီး၊ မှော်ဝန်းသားလိုင်းတွင် မူလလေးစီး၊ ထပ်မံ၍ ငါးစီးအပါအဝင် ကိုးစီး၊ ဒီပလိုင်းတွင် မူလ ခြောက်စီး၊ ထပ်မံ၍ သုံးစီးအပါအဝင် ကိုးစီး၊ ၆၈ လိုင်းတွင် တစ်စီး၊ ရွှေမြန်မာလိုင်းတွင် မူလငါးစီး ထပ်မံ၍လေးစီးအပါအဝင် ကိုးစီး၊ ဥက္ကံ-ဆူးလေလိုင်းတွင် ခြောက်စီး၊ သီဟရာဇာလိုင်းတွင် နှစ်စီး၊ ခြသေ့လိုင်းတွင်တစ်စီး စသည်ဖြင့် လည်းကောင်း၊ ကန္ဒရဝတီယာဉ်လိုင်းအဖွဲ့အစည်းမှ ၁၄၆ယာဉ်ကြီးလိုင်းတွင် ၁၀ စီး၊ ရွှေမြင်းပျံယာဉ်လိုင်းအဖွဲ့အစည်းအောက်မှ ၁၂၉ ယာဉ်ကြီးလိုင်းတွင် မူလ ၁၅ စီး၊ ထပ်မံ၍ ၁၀ စီး အပါအဝင် ၂၅ စီး စသည်ဖြင့် အသီးသီးကို သဘာဝဓာတ်ငွေ့သုံးစွဲခွင့်ပြုချက် ပေးလိုက်ခြင်း ဖြစ်သည်။

ထိုသို့ ခွင့်ပြုပေးလိုက်ခြင်းဖြင့် မကြာမီကာလတွင် ရန်ကုန်မြို့၏ သယ်ယူပို့ဆောင်ရေးတွင် မူလထက်ပိုမိုကောင်းမွန်စွာ လုံခြုံစိတ်ချရသော ဝန်ဆောင်မှုကောင်းများဖြစ်လာရန် အလားအလာကောင်းများဖြင့် ပြောင်းလဲ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ **ထက်ခိုင်(စမ်းချောင်း)**

ပြည်ထောင်စုဝန်ကြီးဦးသိန်းညွန့် ရေကြီးနစ်မြုပ်ရွာများမှ ပြည်သူများနှင့်တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၆

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်သည် နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေ၊ ဦးမြင့်ရွှေနှင့် ဦးကံချွန်တို့နှင့်အတူ စစ်တောင်းမြစ်ရေနှင့် မဲဟောင်ချောင်းရေမြင့်တက်ကာ စစ်တောင်းမြစ်အရှေ့ဘက်ကမ်း လယ်ဝေးမြို့နယ် သစ်ကြိမ်းနှင့် ရေကာကျေးရွာအုပ်စု ဟေမာန်၊ ကြို့ပင်သာ၊ အောင်သုခကျေးရွာနေ ပြည်သူများအား ဟေမာန်ရွာ ယာယီရှင်းလင်းဆောင်တွင် ယနေ့မွန်းလွဲပိုင်းက တွေ့ဆုံ၍ ကျေးရွာများမှ ရေနစ်မြုပ်သောလယ်ယာမြေများကို အချိန်မီအစားထိုးစိုက်ပျိုးနိုင်ရေး လိုအပ်သော ကူညီထောက်ပံ့မှုများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လာမည့်နှစ်များတွင် မဲဟောင်ချောင်းရေကြီးချိန်၌ ရေနစ်မြုပ်မှုမရှိစေရေးအတွက် ကြိုတင်ကာကွယ်မှုအနေဖြင့် လိုအပ်သောရေနုတ်မြောင်းများတူးဖော်ရေး၊ ကောနေသောချောင်းများ ပြန်လည်တူးဖော်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရေနစ်မြုပ်မှုကြောင့်ပျက်စီးခဲ့သော ကျေးရွာချင်းဆက်လမ်းများနှင့် တံတားများကို ပြုပြင်သွားမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ဒေသဖွံ့ဖြိုးတိုးတက်စေရန် ပညာရည်မြင့်မားရေးအတွက် အခြေခံပညာကျောင်းများ အဆင့်မြှင့်တင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများ တိုးတက်ကောင်းမွန်လာစေရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။**(အပေါ်ပုံ)**

လယ်ဝေးမြို့နယ်အတွင်း သစ်ကြိမ်းကျေးရွာအုပ်စုနှင့် ရေကာကျေးရွာအုပ်စုရှိ ဟေမာန်၊ ကြို့ပင်သာ၊ အောင်သုခ၊ ဘို့ကိုးလုံးကျေးရွာများမှ အိမ်ထောင်စု ၃၁၅ စု၊ ကျေးရွာသူကျေးရွာသား ၁၃၈၇ ဦးတို့သည် အောက်တိုဘာ ၂၈ ရက်မှ ၂၉ ရက်အထိ မိုးဆက်တိုက်ရွာသွန်းမှုကြောင့် စစ်တောင်းမြစ်နှင့် မဲဟောင်ချောင်းရေမြင့်တက်ကာ ကျေးရွာများရေနစ်မြုပ်သဖြင့် နေပြည်တော်ကောင်စီအစီအစဉ်ဖြင့် ယာယီရွှေ့ပြောင်းပေးခဲ့သည်။ အောက်တိုဘာ ၃၁ ရက်တွင် ရေပြန်လည်ကျဆင်းမှုကြောင့် မူလကျေးရွာများသို့ ပြန်လည်ရွှေ့ပြောင်းပေးခဲ့ပြီး လိုအပ်သောထောက်ပံ့ရေးပစ္စည်းများ ပံ့ပိုးကူညီပေးခဲ့သည့်အပြင် စိုက်ပျိုးရေး၊ ရေကြီးနစ်မြုပ်မှုကာကွယ်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆီးဂိမ်းကာလတွင် ခရီးသည်တင်ယာဉ်လုပ်သားများ သတ်မှတ်ထားသည့်ဝတ်စုံ ဝတ်ဆင်ခြင်း ရှိ၊ မရှိကို စစ်ဆေးသွားမည်

ရန်ကုန် နိုဝင်ဘာ ၆

မကြာမီကျင်းပတော့မည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကာလတွင် ခရီးသည်တင် ယာဉ်လုပ်သားများအနေဖြင့် သတ်မှတ်ထားသည့်ဝတ်စုံ ဝတ်ဆင်ခြင်း ရှိ၊ မရှိကို ယခုထက်ပို၍ စစ်ဆေးသွားမည်ဖြစ်ကြောင်း မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှု(ဗဟို)ကော်မတီ၏ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

“နိုင်ငံတော်နဲ့ပတ်သက်တဲ့ အားကစားပြိုင်ပွဲကြီးဖြစ်တဲ့အတွက် အမျိုးသားရေးစိတ်ဓာတ်နဲ့ စည်းကမ်းတကျ သွားလာကြဖို့ ကြိုတင်နှိုးဆော်ထားပါတယ်။ ယာဉ်လုပ်သားတွေ သတ်မှတ်ဝတ်စုံ ဝတ်ဆင်ထားခြင်းမရှိတာကိုလည်း ပိုမိုတင်းကျပ်စွာ စစ်ဆေးသွားမှာပါ”ဟု ၎င်းကပြောသည်။

ဆီးဂိမ်းကာလတွင် ခရီးသည်တင်ယာဉ်လိုင်းများ စည်းကမ်းတကျ မောင်းနှင်စေရန် ယာဉ်လိုင်းကြီးကြပ်ရေးမှူးများနှင့် အထူးယာဉ်စစ်ဆေးရေးအဖွဲ့များထားရှိ၍ စစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

(ကေသိန်းဆွေ)

သတင်းစာဖတ်မိဘပြည်သူများသို့ လေးစားစွာတောင်းပန်

၅-၁၁-၂၀၁၃ ရက်နေ့ထုတ် ကြေးမုံသတင်းစာထုတ်ဝေဖြန့်ချိရန်အတွက် ရန်ကုန်မြို့တွင် သတင်းစာပုံနှိပ်စဉ် နံနက် ၂ နာရီ ၁၅ မိနစ်တွင် စက်ကျူဆွဲပင် အလုပ်မလုပ်သဖြင့် စက်ရပ်တန့်ခဲ့ပါသည်။ ထို့ကြောင့် အချိန်နှင့် တစ်ပြေးညီ ပြောင်းရွှေ့ရိုက်နှိပ်ခဲ့ရာ မွန်းလွဲ ၁၂ နာရီခွဲတွင် ပုံနှိပ်လုပ်ငန်းအားလုံး ပြီးစီးသွားခဲ့ပြီး သတင်းစာစတင်ရိုက်နှိပ်စဉ်မှ ပြီးဆုံးချိန်အထိ သတင်းစာများထွက်ရှိမှုအလိုက် စုရပ်အားလုံးသို့ အဆက်မပြတ်ဖြန့်ချိ ပို့ဆောင်ပေးခဲ့ပါသည်။ ထိုသို့ ဖြန့်ချိပေးခဲ့သော်လည်း ရန်ကုန်မြို့ရှိအချို့နေရာများတွင် နောက်ကျမှုများဖြစ်ပေါ်ခဲ့ပါသည်။ ယနေ့တွင်လည်း နံနက် ၈ နာရီမှသာ ရိုက်နှိပ်ပြီးစီးခဲ့သဖြင့် ရန်ကုန်မြို့ပေါ် ကြည့်မြင်တိုင်နှင့် မင်္ဂလာဒုံမြို့နယ်တို့တွင် ပုံမှန်ရောက်ချိန်ထက် အနည်းငယ်နောက်ကျခဲ့ရပါသည်။ သို့အတွက် သတင်းစာဖတ် မိဘပြည်သူများအနေဖြင့် သည်းခံခွင့်လွှတ်ပေးပါရန် လေးစားစွာဖြင့် တောင်းပန်အပ်ပါသည်။ **(ကြေးမုံသတင်းစာတိုက်)**

ဂက်စ်စက်ရေမောင်းသူများ အရင်းအနှီးများစွာသက်သာ

ကန့်ဘလူ နိုဝင်ဘာ ၆

ကန့်ဘလူမြို့နယ်အတွင်းရှိ ကျေးရွာ အတော်များများသည် ဆည်ရေဝင်များမဟုတ်ကြပေ။ ဆည်ရေဝင် မဟုတ်သဖြင့် ဂက်စ်စက် ရေမောင်းသူများထံမှ ရေမောင်းခိုင်းကာ ထွန်ယက်စိုက်ပျိုးကြရသည်။ လယ်တစ်ဧကလျှင် ငွေကျပ် ၂၈၀၀၀ အထိ ပေးကြရသည်။

ဂက်စ်စက်ရေမောင်းပြီး စိုက်ပျိုးကြသောတောင်သူများမှာ မိုးဦးမကောင်းသည်နှင့် ကြုံကြိုက်ရကာ ထွန်ယက် ပျိုးထောင်စိုက်ပျိုးရန် အဆင်ပြေခဲ့ကြသည်။ ယခုနှစ်တွင် မိုးဦးမကောင်းသော်လည်း မိုးလယ်နှင့် မိုးနှောင်းမှာ ဆက်လက်ကောင်းပြီး ရွာသွန်းနေမှုကြောင့် ဂက်စ်စက်ရေမောင်းသူများမှာ ရေနံဆီ၊ လောင်စာစပါးခွံများ ကုန်ကျမှုသက်သာခဲ့ကြသည်။

ယခုနှစ် မိုးရာသီတွင် ဂက်စ်စက်ရေမောင်းသူများ အရင်းအနှီးများစွာ သက်သာပြီး တွက်ခြေကိုက်၍ ပျော်ရွှင်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

ကန့်ဘလူကံတင်အောင်(ပထဝီဝင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၇-၁၁-၂၀၁၃ (ကြာသပတေးနေ့)

၅း၄၀	“သတ္တဝါခေါ်ဆို ထိုရုပ်ကို သူ့ကိုငါဟုရားပယ်သတည်း”တရားတော် [ဘဒ္ဒန္တကုန္ဒောဘာသမထေရ်မြတ် (အနိစ္စဆရာတော်)]
၈း၀၅	Cartoon Series (Knock, Knock, English Playground)
၁၀း၀၀	ခေတ်သစ်ပျိုမေ
၁၁း၁၅	**MRTV**-4 ရုပ်သံဇာတ်လမ်းတွဲ “ချစ်ခြင်းတရားနှင့်” (ဇာတ်သိမ်းပိုင်း)
၂း၂၀	World of Knowledge (The Kung Fu Dragons of Wudang)
၅း၁၀	Minute to Win It

ဆီးရီးယား ငြိမ်းချမ်းရေးညီလာခံ ရွှေ့ဆိုင်း

နယူးယောက် နိုဝင်ဘာ ၆

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ယခုလအတွင်းကျင်းပရန် မျှော်လင့်ထားသည့် ငြိမ်းချမ်းရေးညီလာခံကို ရွှေ့ဆိုင်းလိုက်ရကြောင်း၊ ယခုနှစ်မကုန်မီ ကျင်းပနိုင်ရေးအတွက် ကြိုးပမ်းဆဲဖြစ်ကြောင်း ဆီးရီးယားဆိုင်ရာ ကုလသမဂ္ဂနှင့် အာရပ်အဖွဲ့ချုပ်တို့၏ အထူး သံတမန်က ပြောကြားသည်ဟု ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ညီလာခံကျင်းပမည့်ရက်ကို ကြေညာနိုင်ခြင်းမရှိသေးကြောင်း ထိပ်တန်းသံတမန်များနှင့် တွေ့ဆုံ ဆွေးနွေးပြီးနောက်တစ်ရက်တွင် လက်ဒါဘရာဟီမီက ပြောကြားခဲ့သည်။

ညီလာခံသို့ တက်ရောက်မည့်သူများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ညီလာခံတွင်ဆွေးနွေးမည့် အစီအစဉ်များနှင့် ပတ်သက်၍လည်းကောင်း အငြင်းပွားမှုများ ပေါ်ပေါက်နေစဉ်မှာပင် ညီလာခံဖြစ်မြောက်ရေးကို လပေါင်းများစွာ ကြိုးပမ်းခဲ့ကြသည်။

ဘရာဟီမီက ၎င်းသည် အမေရိကန်၊ ရုရှားသံတမန်တို့နှင့် နိုဝင်ဘာ ၂၅ရက်တွင် ထပ်မံတွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ယခုအချိန်တွင် အကြောင်းမသင့်၍ ညီလာခံကျင်းပမည့်ရက်ကို မကြေညာနိုင်သော်လည်း ယခုနှစ်မကုန်မီ ကျင်းပနိုင်မည်ဟု မျှော်လင့်ကြောင်း ၎င်းက သတင်းထောက်များအား ပြောကြားခဲ့သည်။ **ဘီဘီစီ။**

နိုဝင်ဘာ ၅ ရက်က ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂရုံး၌ ထိပ်တန်းသံတမန်များ တွေ့ဆုံဆွေးနွေးကြစဉ်။



ဖာဂူဆန်၏ အတ္ထုပ္ပတ္တိစာအုပ် တရုတ်နိုင်ငံတွင် အရောင်းရဆုံးစာအုပ်ဖြစ်လာ

နန်နင်း နိုဝင်ဘာ ၆

အဲလက် ဖာဂူဆန်၏ အတ္ထုပ္ပတ္တိစာအုပ်သည် တရုတ်နိုင်ငံ၏ အွန်လိုင်းဈေးဝယ်မှုတွင် လူကြိုက်အများဆုံးစာအုပ်တစ်အုပ်ဖြစ်လာသည်ဟု သိရသည်။

အရောင်းရဆုံးစာအုပ်တစ်အုပ်ဖြစ်

တရုတ်နိုင်ငံ၏ အွန်လိုင်းဈေးဝယ်မှုနေရာများတွင် အကြီးဆုံးနေရာတစ်ခုဖြစ်သည့် Taobao မှ ကောက်ယူခဲ့သောစာရင်းဇယားများအရ ဖာဂူဆန်၏ My Autobiography စာအုပ်သည် စတင်ထုတ်ဝေခဲ့သည့် အောက်တိုဘာ ၂၆ ရက်မှစ၍ အုပ်ရေ ၁၀၀၀ နီးပါး ရောင်းချခဲ့ရပြီး ယင်းမှာ အင်္ဂလိပ်စာအုပ်များတွင် အရောင်းရဆုံးစာအုပ်တစ်အုပ်ဖြစ်သည်ဟု ဆိုသည်။

မိမိကိုယ်မိမိ ထာဝရမန်ယူအသင်း အားပေးသူအဖြစ် ခံယူထားသူ ဟီဂျန်တာအိုသည် ယင်းစာအုပ်ကို ဖတ်ရန် အင်္ဂလိပ်စာအခက်အခဲရှိသော်လည်း စာအုပ်ကို ဝယ်ယူအားပေးခဲ့သည်။ "ကျွန်တော့် အင်္ဂလိပ်စာက သာမန်ပါပဲ။ ဒါပေမဲ့ အင်္ဂလိပ်ဘောလုံးသမိုင်းမှာ လွှမ်းမိုးမှုအရှိဆုံးလူတစ်ဦးဖြစ်တဲ့ ဒီလူကြီးအကြောင်းကို ခရေစေ့တွင်းကျကို သိချင်တယ်။ နောက်ပြီး ဒီစာအုပ်ကိုလည်း ကျွန်တော့်ရဲ့ တန်ဖိုးအရှိဆုံးစာအုပ်အဖြစ် စုဆောင်းထားမှာပါ" ဟု ဟီဂျန်တာအိုက ပြောကြားသည်။

ဘောလုံးလောကမှ အနားယူ

အဆိုပါစာအုပ်သည် ဖာဂူဆန်၏ ဘောလုံးအသင်းနည်းပြတစ်ဦးအဖြစ် ဆယ်စုနှစ်လေးစုနီးပါး ဖြတ်သန်းလာသည့် ကာလများကို ပြန်လည်သုံးသပ်ထားပြီး နာမည်ကျော်ဘောလုံးသမားများနှင့် ဆက်ဆံရေးများအပါအဝင် ဘောလုံးလောကမှ အနားယူရသည့်အကြောင်းများပါဝင်သည်။ **ဆင်ဟွာ။**

ကိုလံဘီယာ လေကြောင်းပိုင်နက် ရုရှားဗုံးကြဲလေယာဉ်များ ကျူးကျော်ဟုဆို

ဘိုဂိုတာ နိုဝင်ဘာ ၆

ကိုလံဘီယာနိုင်ငံသည် ၎င်း၏ လေကြောင်းပိုင်နက်အတွင်းသို့ ရုရှားဗုံးကြဲလေယာဉ်များက နှစ်ကြိမ်တိုင်တိုင် ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်ခဲ့သည့်အတွက် မော်စကိုသို့ တရားဝင်ကန့်ကွက်လွှာပေးပို့ရန် ပြင်ဆင်လျက်ရှိကြောင်း သမ္မတ ဂွမ်မာနူရဲလ်ဆန်းတို့စ်က အင်္ဂါနေ့တွင် ပြောကြားခဲ့သည်။

ရုရှားလေယာဉ်နှစ်စင်းသည် သောကြာနေ့တွင် ဗင်နီဇွဲလားနိုင်ငံမှ နီကာရာဂွာနိုင်ငံသို့ ပျံသန်းစဉ် ကိုလံဘီယာလေကြောင်းပိုင်နက်ကို ဖြတ်သန်းခဲ့ကြောင်း၊ အပြန်ခရီးတွင်လည်းဝင်ရောက်ခဲ့ရာ ကိုလံဘီယာ စစ်လေယာဉ်နှစ်စင်းက ကြားဖြတ်ဟန့်တားသဖြင့် ထွက်ခွာသွားကြောင်း ဆန်းတို့စ်က ပြောကြားသည်။

အဆိုပါလေယာဉ်များသည် ရုရှားလုပ် တူပိုလက်တီယူ-၁၆၀ ဗုံးကြဲလေယာဉ်များဖြစ်ကြပြီး ဗင်နီဇွဲလားနိုင်ငံ ဆိပ်ကမ်းမြို့ မိုင်ကွီတီယာမှ နီကာရာဂွာမြို့တော် မနားဂွာသို့ ပျံသန်းခြင်းဖြစ်ကြောင်း၊ ကာရစ်ဘီယံပင်လယ်အတွင်းရှိ ကိုလံဘီယာနိုင်ငံပိုင် ဆန်းအန်းဒီ(စ်)ပရိုဗိုင်ဒင်စီယာကျွန်းစုများအပေါ်မှ ဖြတ်သန်းခြင်းဖြစ်ကြောင်း စစ်ဘက်သတင်းပေးများက ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။ **ရိုက်တာ။**

တရုတ်နိုင်ငံပြည်နယ်ကွန်မြူနစ်ပါတီရုံးရှေ့ ပေါက်ကွဲမှုများဖြစ်၊ တစ်ဦးသေဆုံး

တိုင်ယွမ်(တရုတ်) နိုဝင်ဘာ ၆

တရုတ်နိုင်ငံမြောက်ပိုင်း ရှန်းစီးပြည်နယ် ကွန်မြူနစ်ပါတီကော်မတီ၏ရုံးအဆောက်အအုံရှေ့၌ ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းတွင် ပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွားရာ တစ်ဦးသေဆုံး၍ ရှစ်ဦးဒဏ်ရာရရှိကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ပြည်နယ်ပြည်သူ့လုံခြုံရေးဗျူရို၏အဆိုအရ ပြည်နယ်မြို့တော် တိုင်ယွမ်ရှိ ယင်ဇီလမ်းပေါ်၌ နံနက် ၇နာရီ မိနစ် ၄၀ခန့်တွင် ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဒဏ်ရာရသူများအနက် တစ်ဦးမှာ စိုးရိမ်ဖွယ်ရာအခြေအနေရှိသည်ဟုဆိုသည်။

အခင်းဖြစ်ပွားရာနေရာ၌ စတီးလုံးများကိုတွေ့ရသဖြင့် လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲခဲ့ခြင်းဖြစ်သည်ဟု သံသယရှိကြောင်း သတင်းထောက်က ပြောကြားသည်။

ရဲတပ်ဖွဲ့ဝင်များက ပေါက်ကွဲမှုဖြစ်ပွားရာတစ်ဝိုက်ကို ပိတ်ဆို့ပြီး စုံစမ်းစစ်ဆေးလျက်ရှိသည်။ **ဆင်ဟွာ။**

တပ်တွင်းပုန်ကန်မှု ကျူးလွန်ခဲ့သည့် ဘင်္ဂလားဒေ့ရှ်တပ်ဖွဲ့ဝင် ၁၅၂ဦးကို သေဒဏ်အမိန့် ချမှတ်ခံရ

ဒါကာ နိုဝင်ဘာ ၆

၂၀၀၉ခုနှစ်က လူသတ်မှု၊ အဓမ္မပြုကျင့်မှုနှင့် မီးရှို့မှုများကျူးလွန်ခဲ့သည့် ဘင်္ဂလားဒေ့ရှ်စစ်သား ၁၅၀ ကျော်တို့ကို နိုဝင်ဘာ ၅ရက်တွင် သေဒဏ်ပြစ်ဒဏ်များ ချမှတ်လိုက်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

ပြစ်မှုကျူးလွန်သူများအား မသေမချင်း ကြိုးကွင်းစွပ်သတ်ရန် သေဒဏ်ချမှတ်ခဲ့ကြောင်း ယင်းအမှုအား စီရင်ခဲ့သူဒါကာမြို့တော်ရာဇဝတ်မှုခုံရုံးမှတရားသူကြီးအဖွဲ့ အကြီးအကဲဖြစ်သူ မိုဟာမက်အက်တက်စ်ကမန်က ပြောကြားသည်။ ယင်းရာဇဝတ်တရားရုံးသည် နယ်ခြားစောင့်တပ်ဖွဲ့ဝင် ၁၅၂ဦးကို ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

၂၀၀၉ခုနှစ် ဖေဖော်ဝါရီလတွင် ဒါကာမြို့တော်ရှိ ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်ဌာနချုပ်တွင်ဖြစ်ပွားခဲ့သော တပ်တွင်းပုန်ကန်မှု၌ ကြည်းတပ်အရာရှိ ၅၇ဦးအပါအဝင် လူ ၇၄ဦးသေဆုံးခဲ့ရသည်။

တပ်တွင်းပုန်ကန်မှု၌ ပါဝင်ပတ်သက်သူ ၈၅၀ ခန့်ရှိပြီး ၂၃ဦးမှာ အရပ်သားများဖြစ်ကြသည်။ နောက်ဆုံးအကြိမ် တရားစီရင်မှုတွင် ဆန့်ကျင်တိုက်ခိုက်သူ ၈၄၆ဦးရှိပြီး လေးဦးမှာ ထိန်းသိမ်းထားစဉ်အတွင်း သေဆုံးခဲ့သည်။

ယင်းပုန်ကန်မှု၌ ပါဝင်ခဲ့သည့် တပ်ဖွဲ့ဝင်များအား လူသတ်မှု၊ အဓမ္မပြုကျင့်မှုနှင့် မီးရှို့မှု၊ လက်နက်များ ပျောက်ဆုံးမှုနှင့် လျှို့ဝှက်ပူးပေါင်းကြံစည်မှုများနှင့် တရားစွဲဆိုခဲ့သည်။ **ပီတီအိုင်။**

စိန်တစ်လုံးသရက်ခြံနှင့် တစ်ထပ်တိုက်ရောင်းမည်

(၁) မိတ္ထီလာမြို့တွင်းရှိ မြန်မာနိုင်ငံအော်ဂဲနစ်အစုအဖွဲ့၏ ထောက်ခံချက် လက်မှတ်ရရှိထားသည့် (၁၁)ဧကအကျယ်၊ (၁၂)နှစ်သား ကိုင်းဆက် စိန်တစ်လုံးသရက်(၃၂၀)ပင် ပါရှိသည့် အောင်မြင်ဖြစ်ထွန်းနေသော မြသီတာအော်ဂဲနစ်သရက်ခြံအား ကျပ်သိန်း ၁၈၀၀ (ညှိနှိုင်း)နှင့်ရောင်းချခြင်း၊

(၂) မိတ္ထီလာမြို့တွင်း (၁. ၅)ဧကခန့်မြေပေါ်ရှိ ပေ(၄၂×၄၀)၊ RCတစ်ထပ်တိုက်(ဧည့်ခန်း၊ 4MBR၊ ဘုရားခန်း၊ မီးဖို၊ စတိုခန်းပါ၊ ကျွန်းပါကေးခင်းပြီး)နှင့် အုတ်စည်းရိုးခတ်ပြီး၊ ရေ/မီးစုံ၊ နှစ်ရှည်သီးပင်၊ စားပင်များ ဖြစ်ထွန်းနေသည့်ခြံအား ကျပ်သိန်း ၂၅၀၀ (ညှိနှိုင်း)နှင့်ရောင်းချခြင်း(သို့)ယင်းတို့အား ရန်ကုန်မြို့တွင်း(သို့) အနီးရှိမြေကွက်၊ အိမ်၊ အိမ်စီးယာဉ်ငယ်တို့နှင့် လဲ/ထပ်ခြင်း ပြုလိုပါသည်။

ဖုန်း-၀၆၄-၃၅၄၂၃၊ ၀၉-၄၃၀၄၄၅၀၈၊ ၀၉-၂၅၀၀၄၃၆၀၇

ဥပဒေပြုလွှတ်တော်များနှင့် UNDP ပူးပေါင်း၍ Rebuilding Rule of Law in Myanmar: professional training and education for existing legal practitioners လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် နိုဝင်ဘာ ၆

ဥပဒေပြုလွှတ်တော်များနှင့် UNDP ပူးပေါင်း၍ Rebuilding Rule of Law in Myanmar : professional training and education for existing legal practitioners လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပြည်ထောင်စုလွှတ်တော်နာယက ဦးစီး၍ ယနေ့ မွန်းလွဲပိုင်းတွင် လွှတ်တော်ဝင်း ဇမ္ဗူသီရိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ၊ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီတို့မှ ကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ၊ မဟာဗျူဟာလေ့လာရေးနှင့် သုတေသန ကော်မတီ၊ နိုင်ငံရေး၊ စီးပွားရေးနှင့်ဥပဒေရေးရာကော်မရှင်တို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လွှတ်တော်ရုံးအသီးသီးနှင့် ဌာနဆိုင်ရာ အကြီးအမှူးများနှင့် UNDP မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း **(အပေါ်ယာပုံ)**က အဖွင့်အမှာစကားပြောကြားပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က အမှာစကားပြောကြားသည်။ ယင်းနောက် Rebuilding Rule of Law in Myanmar: professional training and education for existing legal practitioners နှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားသူကြီးချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရှေ့နေချုပ်၊ တက်ရောက်လာသည့် ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မတီ၊ ကော်မရှင်ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ UNDP မှ ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်စုပေါင်းခန်းမ၌ အပြန်အလှန်ဆွေးနွေးခြင်း ပြုလုပ်

နေပြည်တော် နိုဝင်ဘာ ၆

နေပြည်တော် အမျိုးသားလွှတ်တော် အဆောက်အအုံ စုပေါင်းခန်းမ၌ ယနေ့မွန်းလွဲပိုင်းတွင် အပြန်အလှန်ဆွေးနွေးခြင်း (Debate)ကို "လက်တွေ့အသုံးချ ဂလိုဘယ်လိုက်ဇေးရှင်း (Making Globalization Work)"ခေါင်းစဉ်ဖြင့်ကျင်းပရာ အမျိုးသားလွှတ်တော် ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမြဦးက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင် အဖွဲ့ဝင် စာရေးဆရာဦးကျော်ဝင်းက အပြန်အလှန်ဆွေးနွေးပွဲနှင့် ပတ်သက်သည့် အကြောင်းအရာများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဒေါက်တာမြင့်ကြည်နှင့် ဦးကျော်ထွန်းအောင်တို့က သိရှိလိုသည်များအား မေးမြန်းဆွေးနွေးကြရာ စာရေးဆရာ ဦးကျော်ဝင်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

NAB ကုမ္ပဏီမှ ရှက်ဖျန်းမြေသြဇာများနှင့် ပေါင်းသတ်ဆေးများလှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၆

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၇ နာရီခွဲတွင် ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာရှိ ငလိုက်ဆည်ရေသောက် စက်မှုလယ်ယာမြေဧက ၄၄၀ စိုက်ကွင်းအနီး ရှင်းလင်းဆောင်၌ကျင်းပသည့် တရုတ်နိုင်ငံ ပေကျင်းမြို့အခြေစိုက် (NAB)-New Agro Base ကုမ္ပဏီမှ ရွက်ဖျန်းမြေသြဇာများနှင့် ပေါင်းသတ်ဆေးများ လှူဒါန်းခြင်းအခမ်းအနားသို့ တက်ရောက်အားပေးသည်။

အစီအစဉ်အရ NAB ကုမ္ပဏီမှ Chairman Mr.Frank Shao က မြန်မာနိုင်ငံ၏လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမေရိကန်ဒေါ်လာ ရှစ်သောင်းခန့်တန်ဖိုးရှိ ရွက်ဖျန်းမြေသြဇာနှင့် ခေတ်မီပေါင်းသတ်ဆေးအမျိုးမျိုး စုစုပေါင်း ၁၆ တန်ပေးလှူခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောသွင်းအားစု ရွက်ဖျန်းမြေသြဇာများနှင့် ပေါင်းသတ်ဆေးများ လာရောက်လှူဒါန်းသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ NAB ကုမ္ပဏီ Chairman က ရွက်ဖျန်းမြေသြဇာ မျိုးစုံနှင့် ခေတ်မီပေါင်းသတ်ဆေးမျိုးစုံ စုစုပေါင်း ၁၆ တန်ကို ပေးအပ်လှူဒါန်းရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးထွန်းက လက်ခံသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် NAB ကုမ္ပဏီမှလှူဒါန်းသည့် ရွက်ဖျန်းမြေသြဇာများနှင့် ပေါင်းသတ်ဆေးများကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် အလျင်လိုကျေးရွာရှိ ပုလဲသွယ်စပ်မျိုးမိုးစပါးဧက ၄၄၀ စိုက်ကွင်း၊ ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအနီးရှိ တောင်သူပညာပေးပိန်းဥစိုက်ခင်း၏ ဖြစ်ထွန်းအောင်မြင်နေမှုများနှင့် နဂါးမောက်စိုက်ခင်းများနှင့် စက်စက်ယိုဆည်ရေသောက်ဧက ၉၀၀ စိုက်ကွင်းရှိ မျိုးသန့်မျိုးပွား အော်ဂဲနစ်ပိန်းဥစိုက်ခင်းများကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ တရုတ်တိုင်ပေမှ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းဆောင်ရွက်လိုကြသည့် လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ လယ်ယာကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုများနှင့် နည်းပညာဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရန်ဆွေးနွေးကြပြီး ဥတ္တရသီရိမြို့နယ် စက်စက်ယိုဆည်ရေသောက် ဓာတုကင်းလွတ်အော်ဂဲနစ်သဘော်၊ စပ်မျိုးသခွား၊ နာနတ်စိုက်ခင်းများ၊ စပ်မျိုးငရုတ်နှင့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ကျွန်မတို့ စိတ်ဝင်စားပါသည်



အောက်တိုဘာလ ၂၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၆ တွင် ဆောင်းပါးရှင် ယဉ်ကျေးမှုဝန်ကြီးဌာနအမည်ဖြင့် ရေးသားထားသော "(၂၇)ကြိမ်မြောက် ဆီးဂိမ်းဖွင့်ပွဲအခမ်းအနားနှင့် အနုပညာဖန်တီးတင်ဆက်မှု" ဟူသော ဆောင်းပါးကို သုံးပုဒ်မြောက် ဖတ်ရှုရပါသည်။ ဆီးဂိမ်းနှင့်ပတ်သက်သမျှ တွေ့ကြုံမှုအားလုံးကို သိလိုသောကြောင့် သတင်းစာကို စောင့်ဖတ်နေခြင်း ဖြစ်ပါသည်။

ယဉ်ကျေးမှုဝန်ကြီးဌာနက တာဝန်ယူတင်ဆက်သော (၂၇)ကြိမ်မြောက် ဆီးဂိမ်းဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားအစီအစဉ်များကို ပွင့်လင်းမြင်သာစွာ အသေးစိတ်ချပြရေးသားထားသည်မှာ အခက်အခဲ၊ ပြင်ဆင်မှု၊ ဝေဖန်မှု၊ ပီတိ၊ စိတ်ပင်ပန်းရမှုများနှင့် ဆောင်ရွက်နေမှုများကိုသိရပြီး လှပသော နိုင်ငံတော်အခမ်းအနားကြီး အောင်မြင်အောင် လုပ်ဆောင်နေကြသူများ၏ ကြိုးပမ်းမှုကို အတိုင်းအဆမရှိ နားလည်သဘောပေါက်မိသည်။ အိမ်ရှင်အဖြစ် တစ်ချိန်က ရရှိခဲ့သည့် အပေါ်စီးကို ပြန်လိုချင်သည်ဟု ဆောင်းပါးတွင် ဖော်ပြထားသည်။ မည်သည့်ဖွဲ့မာန်တွေကြောင့်နည်း။ ကျွန်မအနေဖြင့် ထိုဆောင်းပါးကိုဖတ်ရင်းပင် ကြက်သီးမွေးညင်းထလာရပါသည်။ အရှေ့တောင်အာရှတွင်သာမက အာရှအားကစားတွင်ပါ ထိပ်သီးနိုင်ငံအဖြစ် ရပ်တည်ခဲ့ဖူးသော ကျွန်မတို့နိုင်ငံ၏ အတိတ်ကောင်းကို မမေ့နိုင်၍ အိပ်မက်မက်နေသည်မဟုတ်ပါ။ မည်သည့်ပြိုင်ပွဲမဆို အိမ်ရှင်က တစ်ပန်းသာတတ်ကြပါသည်။ အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရခြင်းက အိမ်ရှင်အတွက် ညီမျှသော တန်ဖိုးတစ်ခုပေးပါလိမ့်မည်။ အများရရင် ငါတို့နိုင်ငံရော ဘာလို့ မရရမှာလဲဟု စိတ်ကြီးဝင်ရသည်ကိုပင် ကျွန်မတို့ ကျေနပ်နေကြသည်။

(၂၇)ကြိမ်မြောက် ဆီးဂိမ်းဖွင့်ပွဲတွင် အင်အား ၈၄၃၄ ဦး၊ ပိတ်ပွဲတွင် ၂၃၀၇ ဦးဖြင့် ပါဝင်ဆောင်ရွက်ကြမည်ဟု ဖော်ပြထားရာ ကျောင်းသားကျောင်းသူများ၊ တပ်ရင်း တပ်ဖွဲ့ အဖွဲ့အစည်းအသီးသီးမှ ပါဝင်ခွင့်ရကြသည်။ သားစဉ်မြေးဆက် ပြန်ပြောခွင့်သမိုင်းကောင်းကို သူတို့ရေးနေကြသည်။ ဤအခမ်းအနားတွင် ကူညီပံ့ပိုးကြသူများ၏ အခန်းကဏ္ဍသည် အံ့ဩဝမ်းသာဖွယ်ရာဖြစ်သည်။ သူတို့၏ အကြောင်းအကျိုးညီညွတ်မှုကို မြင်ရကြားရသဖြင့် ကျွန်မတို့ အားကျရပါသည်။

ဆီးဂိမ်းအကြိုပြိုင်ပွဲများ၊ နိုင်ငံရပ်ခြားသို့ အတွေ့အကြုံအတွက်စေလွှတ်မှုများ၊ နိုင်ငံခြားသားနည်းပြများ ငှားရမ်းခြင်းစသည်ဖြင့် ငွေကြေးရှာဖွေဖြည့်တင်းမှု အများကြီးလိုအပ်ကြောင်း ကျွန်မတို့ သဘောပေါက်ပါသည်။ အားကစားနည်းအလိုက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးမှုသတင်းများကလည်း ပရိသတ်အတွက် ဝမ်းသာကျေနပ်စရာဖြစ်ပါသည်။ တစ်ချိန်က ဆံပင်နှစ်ဖက်ခွဲစည်းလေးဖြင့် အောင်မြင်ထင်ရှားခဲ့သော သန်းသန်း(မြန်မာ)ရွှေတံဆိပ်ဆုရှင်ကို ယခုနှစ်ပေါင်းများစွာကြာမှ မီးရှူးတိုင်လက်ဆင့်ကမ်းသယ်ဆောင်ခြင်းအစီအစဉ်တွင် ပြန်တွေ့ရသောအခါ ဝမ်းနည်းဝမ်းသာဖြစ်မိသည်။ ဂျနီဖာတင်လေး၊ မာမာမင်း၊ ခင်ခင်ထွေးနှင့် ကာယဗလတွင် ကွယ်လွန်ပြီဖြစ်သော ဦးစန်းမြင့်တို့က လွမ်းစရာပင်ကောင်းသေးတော့သည်။

ကျွန်မတို့ပရိသတ်များအနေဖြင့် ဆီးဂိမ်းအတွက် လုပ်နိုင်ခွင့်ရသည့် အရာမှန်သမျှ ကျွန်မတို့စိတ်ဝင်စားကြသည်။ ဆီးဂိမ်း Theme Songs တွင် ရွေးချယ်မဲပေးခြင်း၊ ဆီးဂိမ်းအမှတ်တရ အင်္ကျီ၊ တံဆိပ်ခေါင်း Lucky draw များအားပေးသည့် ဆီးဂိမ်းနှင့်ပတ်သက်သမျှသော သတင်းအချက်အလက်အားလုံး အသည်းအသန်ဖတ်ကြသည်။ မျှဝေကြသည်။ အားကစားနည်းအလိုက် Pre SEA Games တွင် တစ်ပွဲပြီးတစ်ပွဲ ကျင်းပသည်ကို မလွတ်တမ်းကြည့်ရ၊ နားထောင်ရ၊ အရန်လူနှင့် ကစားသောပွဲရလဒ်၊ (က)နှင့် (ခ)အသင်း ဗိုလ်လုပွဲရလဒ်၊ မြန်မာ့လက်ရွေးစင်အသင်းနှင့် စိမ်းနေသေးသော ပြိုင်ပွဲရလဒ်များကို မလွတ်တမ်းစောင့်ကြည့်ကြသည်။ ဆီးဂိမ်းဂုဏ်ပြုလမ်းလျှောက်သူ၊ မိုင်ရှည်စက်ဘီးစီးသူစသည်ဖြင့် သူတို့ဂုဏ်ပြုတတ်ကြပလေဟု ဝမ်းသာစွာဖြင့် သူတို့ခရီးစဉ်ကို လိုက်မှတ်ရသည်။ ဆီးဂိမ်းပြိုင်ပွဲကြီးကျင်းပရန် ရက်ပေါင်း (၃၃) ရက်သာ လိုပါတော့သည်ဟု ရုပ်မြင်သံကြားတွင် စာတန်းထိုးလာလျှင် ကျွန်မတို့က ရက်ကိုတွက်ချက်၍ ရင်ခုန်ရပြန်သည်။ ဆီးဂိမ်းအကြိုလှုံ့ဆော်ရေး တေးသီချင်းများ၊ ရေကုန်ရေခန်းလေ့ကျင့်နေသော မြန်မာ့လက်ရွေးစင်တို့ကို ရိုက်ချက်အမျိုးမျိုးဖြင့် တင်ဆက်ပြသနေမှုများ၊ ဂုဏ်ပြုအခမ်းအနားများ၊ အင်တိုက်အားတိုက်လှုပ်ရှားမှုများ၊ အစီအစဉ်များကို စောင့်ကြည့်ရသည်မှာ ပီတိဖြစ်စရာကောင်းလှပါသည်။

အိအိခင်(တာမွေထွေ/အုပ်)

လုပ်အားပေးဆက်ဆံရေးအရာရှိသင်တန်းများ ခေါ်ယူနေသည့် သတင်းဖတ်ရသောအခါ ကျွန်မတို့ အသက်ပင် ပြန်ငယ်လိုက်ချင်သည်။ အသင်းအဖွဲ့နှင့် လူအများနှင့် တိုးတိုးဝှေ့ဝှေ့လှုပ်ရှားဆောင်ရွက်ရသော်လည်း နိုင်ငံတော်အတွက်ဟူသော ပီတိကို အားကျရသည်။ ပတ်ဝန်းကျင်မှ လူငယ်များကို "Lo/Vo ခေါ်နေတယ်၊ အတွေ့အကြုံရအောင် သွားလျှောက်ကြ" ဟု အားပေးတိုက်တွန်းရသည်ကိုပင် ကျေနပ်နေရသည်။ ဆီးဂိမ်းလှုံ့ဆော်သီချင်းများကို ကျွန်မတို့အနားက ကလေးများ အလွတ်ရကြသည်။ ဟန်နှင့်ပန်နှင့် လိုက်ဆိုသည်။ ဆီးဂိမ်းအမှတ်တရ အင်္ကျီဝတ်သွားသူများကို ကျွန်မတို့က ကျေနပ်စွာလိုက်ကြည့်ကြသည်။ "Fun Club" အသင်းဖွဲ့သည်ဟု ကြားရသည်။ ကျား၊ မ မရွေး ကြီး၊ ငယ် ရွယ် လတ်မရွေး ပါဝင်လှုပ်ရှားကြသည်။ အံ့ဩစရာပင်ကောင်းတော့သည်။ ဤသို့အသင်းမျိုးဖြစ်လာအောင် တည်ထောင်သူများ၏ ဉာဏ်ကို လေးစားရသည်။ ကျွန်မတို့ မတွေးမမြင်မိသော ရှုထောင့်မှ တွေးမြင်သည်ကို ကျွန်မတို့ အားပေးရမည်၊ ပါဝင်ရမည်၊ ဒါက ပြည်သူတစ်ဦးအနေဖြင့် ခံစားချက်ဖြစ်သည်။ ပြည်သူများသည်လည်း ဤသို့ပင်ဖြစ်လိမ့်မည်ဟု ကျွန်မထင်မြင်မိသည်။

နေပြည်တော်ရှိ "ဝဏ္ဏသိဒ္ဓိ" အားကစားကွင်းပြင်ဆင်မွမ်းမံမှုများကို စောင့်ကြည့်ရသည်။ "လှလိုက်သည့်ကွင်း"ဟု ချီးကျူးရသည်။ ပါဝင်ဆောင်ရွက်ကြသည့် အသိပညာရှင်၊ အတတ်ပညာရှင်တို့အတွက် ဂုဏ်ယူစရာပင်ဖြစ်သည်။ ဆီးဂိမ်းတွင် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း(အမျိုးသား) ဆီမီးတက်မည်ဆိုပါက နေပြည်တော်သို့ အုံနှင့် ကျင်းနှင့် လိုက်ကြမည့်သတင်း ကြားပြန်တော့ စိတ်လှုပ်ရှားပျော်ရွှင်ရပြန်သည်။ တစ်ခုတော့ရှိသည်ပေါ့။ နိုင်ငံကြီးသားပီသစွာ ကိုယ့်တာဝန် ကိုယ်ယူကြဖို့ လိုပါသည်။ နေပြည်တော်-ရန်ကုန် ကားခဈေးနှုန်းပင် သင့်တင့်အောင်စီစဉ်ပေးဦးမည်လို့ ဖတ်ရပြန်တော့ ကျွန်မတို့က "ဟယ် ကောင်းလိုက်တာ၊ လိုက်ချင်လိုက်တာ၊ ဘယ်လိုလုပ်ကြမလဲ" ဟု ဝမ်းသာအားရတိုင်ပင်ကြပြန်သည်။ ဆီးဂိမ်းဖွင့်ပွဲ၊ ပိတ်ပွဲအတွက် ဝင်ခွင့်ကတ် လိုသည်ဆိုတော့ ခုကတည်းက ဝင်ခွင့်ကတ်ရရှိရေး နားစွင့်နေကြပါသည်။

(၂၆)ကြိမ်မြောက် ဆီးဂိမ်းပိတ်ပွဲနေ့က (၂၇)ကြိမ်မြောက် ဆီးဂိမ်းအိမ်ရှင်အတွက် ကျင်းပရေးအလံလွှဲပြောင်းခြင်းအခမ်းအနားတွင် မြန်မာ့အစဉ်အလာဖြစ်သော "ကိုကြီးကျော်" နတ်ဒိုးအကြောင်းကြားရသည်။ နတ်ဒိုးသံသည် ကြားရသူ၏ ဘဝင်ကို ရွှင်မြူးတက်ကြွစေသော အသံဖြစ်သည်။ ထိုသတင်းကို ပြန်ပြောကြတိုင်း ကျွန်မတို့ မျက်ရည်ဝိုင်းစွာ ကျေနပ်ရပါသည်။ ဝဏ္ဏသိဒ္ဓိကွင်းအတွင်း ဒိုးပတ်သံမြိုင်မြိုင်ကြားလျှင်ဖြင့် "အယိုင်"အက ကကြမည့် ပရိသတ်များကို ခုကတည်းက မှန်းဆမြင်ယောင်ရပါသည်။ မြန်မာမင်းသားဝတ်စုံပြည့်ဖြင့် အင်အားများများ ကပြလျှင် ကောင်းမည်ဟု တွေးမိပါသည်။

(၂၇)ကြိမ်မြောက် ဆီးဂိမ်းဖွင့်ပွဲတွင် သရုပ်ပြပွဲအဖြစ် အင်အား ၂၀၀ ကျော်ပါဝင်မည့် မြန်မာ့ခြင်းလုံးအဖွဲ့ လေ့ကျင့်ပြင်ဆင်နေကြသည်။ ကလေးငယ်တွေပင်ဖြစ်လင့်ကစား စိတ်ပါဝင်စားစွာ လေ့ကျင့်နေမှုများ မြင်ရသည်မှာ ပရိသတ်များအတွက် ဝမ်းသာအားရရှိလာပါသည်။ (၂၆)ကြိမ်မြောက် ဆီးဂိမ်းအခမ်းအနားသည် နည်းပညာပိုင်းကို အခြေခံထားပြီး (၂၇)ကြိမ်မြောက် ဆီးဂိမ်းသည် လူ့စွမ်းအားအရင်းအမြစ်ကို အခြေခံတင်ဆက်နိုင်အောင် ပြင်ဆင်နေကြောင်းသိရပါသည်။ နည်းပညာ၏ ပရိယာယ်၊ အတတ်ကြူးခြင်းကို လူသားအနေဖြင့် လိုက်မမီနိုင်သော်လည်း (၂၇)ကြိမ်မြောက် ဆီးဂိမ်းသည် မြန်မာပြည်သူအားလုံး၏ ရင်ထဲတွင်ရှိသော မျိုးချစ်စိတ်နှင့် စိတ်နှလုံးသားလှုပ်ရှားမှု အရင်းတည်၍ ရိုးရိုးလေးပင်တင်ဆက်မည်ဖြစ်သောကြောင့် အနှစ်သာရက ကွာလှပါသည်။

ကွင်းအတွင်း ကပြဖျော်ဖြေမည့် ကျောက်ဆည် ဆင်အစီး ၄၀ ဟု ဆိုပါသည်။ ကျွန်မတို့ကတော့ ကျောက်ဆည်သားတို့ ချီးသည့် မည်းမည်း၊ ဖြူဖြူဆင်ကလေးများကို ချစ်ခင်နှစ်သက်လှသကဲ့သို့ (၂၇)ကြိမ်မြောက် ဆီးဂိမ်း လာဘ်ကောင် ဦးရွှေရိုး၊ ဒေါ်မိုးတို့၏ ပုတုတု လုံးတုံးတုံး ဇီးကွက်ကိုလည်း ချစ်မဝရှိကြပါသည်။ သရုပ်ပြပွဲအဖြစ် လွန်ဆွဲပွဲ ထည့်သွင်းမည်ဆိုသည်။ မြန်မာ့ရိုးရာအစဉ်အလာအတိုင်း မိုးခေါ်ပွဲများတွင် လွန်ဆွဲပွဲများ ထည့်လေ့ရှိရာ (၂၇)ကြိမ်မြောက် ဆီးဂိမ်းဆောင်ပုဒ်ဖြစ်သော Green, Clean & Friendship ကို ပို၍ အသက်ဝင်စေသည်ဆိုကာ နိုင်ငံတကာပရိသတ်က အံ့ဩကြပါဦးမည်။

ထို့ကြောင့် ကျွန်မတို့ ပရိသတ်များသည် (၂၇)ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်နေမှုများ၊ ကြိုးစားအားထုတ်မှု၊ ကူညီပံ့ပိုးမှုအားလုံးကိုစိတ်ပါဝင်စားစွာဖြင့် ကျေနပ်စွာ စောင့်မျှော်နေကြပါသည်။ ကျွန်မတို့သည် နိုင်ငံတော်၏ သားသမီးများဖြစ်သကဲ့သို့ နိုင်ငံ့တာဝန်ထမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်းများလည်းဖြစ်ပါသည်။ နိုင်ငံတော်သီချင်းမှ "ခွင့်တူညီမျှ ဝါဒ ဖြူစင်တဲ့မြေ"ဟု ဆိုသည့် နေရာရောက်တိုင်း ရင်လှိုင်းထရပါသည်။ အဘယ့်ကြောင့်နည်း၊ ကျွန်မတို့ ကိုယ့်နိုင်ငံကို ချစ်သည်။ ကိုယ့်နိုင်ငံပွဲသည် ကိုယ့်ပွဲဖြစ်သည်။ ကိုယ့်အရေးကိစ္စကဲ့သို့ပင် စိတ်ဝင်စားသည်။ ထို့ကြောင့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ စ၊ လယ်၊ ဆုံး ကိစ္စအားလုံးကို ကျွန်မတို့ စိတ်ဝင်စားသည်။ ။

မြန်မာသေနတ်ပစ်အဖွဲ့၏ ဆီးဂိမ်းရွှေအိပ်မက်

သတင်း - ချစ်ကိုကို
ဓာတ်ပုံ - ရှိုင်းထက်ဇော်

(၂၇)ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ငွေဆောင်ကမ်းခြေတို့တွင် နေရာလေးခုခွဲ၍ ကျင်းပသွားမည်ဖြစ်သည်။ ရန်ကုန်မြို့တွင် အားကစားနည်း ခုနစ်မျိုး ထည့်သွင်းကျင်းပမည်ဖြစ်ပြီး သေနတ်ပစ်အားကစားနည်းလည်း အပါအဝင်ဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲကြီးကို လက်ခံကျင်းပမည်ဖြစ်သောကြောင့် မြောက်ဒဂုံရှိ အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်ကွင်းကို အဆင့်မြှင့်တင်ပြုပြင်ထားသကဲ့သို့ အားကစားသမားများကလည်း အောင်မြင်မှုရရှိရေး ပြင်းပြင်းထန်ထန် လေ့ကျင့်လျက်ရှိသည်။

သေနတ်ပစ်အားကစားနည်းမှာ စိတ်တည်ငြိမ်မှုရှိရှိဖြင့် ပစ်မှတ်ကို ထိအောင်ပစ်ရသည့် အားကစားနည်းဖြစ်သောကြောင့် မြန်မာသေနတ်ပစ်အားကစားသမားများမှာ ရုပ်ပိုင်းဆိုင်ရာအပြင် စိတ်ပိုင်းဆိုင်ရာကိုလည်း အဓိကလေ့ကျင့်လျက်ရှိသည်။ မြန်မာသေနတ်ပစ်အဖွဲ့မှာ (၂၆)ကြိမ်မြောက် အင်ဒိုနီးရှားဆီးဂိမ်းပြိုင်ပွဲအပြီး ၂၀၁၃ ခုနှစ် နှစ်ဆန်းပိုင်းကတည်းက စခန်းဝင်လေ့ကျင့်နေခြင်းဖြစ်ပြီး ရိုမေးနီးယားနည်းပြ နှစ်ဦး၊ တရုတ်နည်းပြနှစ်ဦးတို့က လေ့ကျင့်ပေးလျက်ရှိသည်။ မြန်မာသေနတ်ပစ်ကစားသမားများမှာ နေပြည်တော်တွင်စခန်းဝင် လေ့ကျင့်မှုများပြုလုပ်ခဲ့ပြီး ပြိုင်ပွဲနီးကပ်လာသောကြောင့် ရန်ကုန်မြို့သို့ ပြောင်းရွှေ့လေ့ကျင့်လျက်ရှိသည်။ ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် မြန်မာသေနတ်ပစ်အားကစားသမားများမှာ ဇွန်လမှ ဩဂုတ်လအထိ တရုတ်နိုင်ငံတွင် ပူးတွဲလေ့ကျင့်မှုများ သွားရောက်ပြုလုပ်ထားကြောင်း သိရသည်။

ဆီးဂိမ်းအကြို သေနတ်ပစ်ပြိုင်ပွဲကို အောက်တိုဘာ ၂၈ ရက်မှ ၃၀ ရက်အထိကျင်းပခဲ့ပြီး ပြည်ပနိုင်ငံများ လာရောက်ယှဉ်ပြိုင်ခြင်းမရှိဘဲ ပြည်တွင်းကစားသမားများဖြင့်သာ ကျင်းပခဲ့ရသည်။ ထို့ပြင် မလေးရှားနိုင်ငံတွင် ကျင်းပမည့် အရှေ့တောင်အာရှတံခွန်စိုက်သေနတ်ပစ်ပြိုင်ပွဲကို မြန်မာသေနတ်ပစ်အဖွဲ့အနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရန်စီစဉ်ပြီးမှ ပျက်ပြယ်ခဲ့ရသောကြောင့် မြန်မာသေနတ်ပစ်ကစားသမားများမှာ ဆီးဂိမ်းမတိုင်မီ နိုင်ငံတကာအတွေ့အကြုံများလိုအပ်နေသည်မှာ အမှန်ပင်ဖြစ်သည်။

ဆီးဂိမ်းပြိုင်ပွဲကြီးစတင်ရန် ရက်ပေါင်း ၃၀ ကျော်သာ လိုတော့ပေသည်။ မြန်မာသေနတ်ပစ်အဖွဲ့မှာ ဆီးဂိမ်းမတိုင်မီ နိုင်ငံတကာအတွေ့အကြုံများ လိုအပ်နေသော်လည်း အတွေ့အကြုံရှိသည့် ဝါရင့်ကစားသမားများ ပါဝင်နေ၍ ဆီးဂိမ်းရွှေအိပ်မက်အကောင်အထည်ဖော်နိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

ဆီးဂိမ်းပြိုင်ပွဲဝင်ရန် မြန်မာဂေါက်သီးအဖွဲ့ အပြီးသတ် လူရွေးချယ်

နေပြည်တော် နိုဝင်ဘာ ၆

(၂၇)ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာဂေါက်သီးရိုက်အဖွဲ့သည် အပြီးသတ် ကစားသမားခုနစ်ဦးကို ရွေးချယ်လိုက်ပြီဖြစ်သည်။

ဆီးဂိမ်းပြိုင်ပွဲဝင်မည့် မြန်မာဂေါက်သီးရိုက်အဖွဲ့သည် အမျိုးသား-သိန်းနိုင်စိုး၊ မျိုးဝင်းအောင်၊ မောင်မောင်ဦး၊ ရဲထက်အောင်၊ အမျိုးသမီး-ယဉ်မေမျိုး၊ ခင်မာနွယ်၊ မေဦးခိုင်တို့ပါဝင်ကြပြီး အရန်ကစားသမားများအဖြစ် အမျိုးသား-ကေထန်းလျှန်၊ အမျိုးသမီး-အေးအေးအောင်တို့ကို ရွေးချယ်ထားသည်။ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်သည် ဆီးဂိမ်းပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ယခု ၂၀၁၃ ခုနှစ်အတွင်းကျင်းပခဲ့သော ပြည်တွင်းပြိုင်ပွဲများမှ စံချိန်များကိုကြည့်ရှုခဲ့သလို နောက်ဆုံးပြိုင်ပွဲအဖြစ် ဩဂုတ်လတွင် ဆီးဂိမ်းအကြိုဂေါက်သီးရိုက်ပြိုင်ပွဲကို နေပြည်တော်တွင်ကျင်းပခဲ့သည်။ ယင်းပြိုင်ပွဲအပြီးတွင် ပဏာမလက်ရွေးစင်ကစားသမားများကို ရွေးချယ်ခဲ့ပြီး ယခုအပြီးသတ်လူစာရင်းကိုရွေးချယ်ခဲ့ခြင်းဖြစ်သည်။

မြန်မာဂေါက်သီးရိုက်အဖွဲ့မှာ ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးအတွက် နိုင်ငံတကာပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး နိုဝင်ဘာ ၁၀ ရက်မှ ၁၇ ရက်အထိ ထိုင်းနိုင်ငံတွင်ကျင်းပမည့် နိုမူရာဖလားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ **(စိုင်းညီလေး)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

ဝန်ထမ်းများကို ဝေးလံခက်ခဲသောဒေသသို့ ပြောင်းရွှေ့တာဝန်ပေးခြင်းကိစ္စ နိုင်ငံ့ဝန်ထမ်းဥပဒေပါ ပြစ်ဒဏ်အမျိုးအစား၌ ပြဋ္ဌာန်းသတ်မှတ်ထားခြင်းမရှိ

နေပြည်တော် နိုဝင်ဘာ ၆

ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းကကျင်းပရာ ပလက်ဝမဲဆန္ဒနယ်မှ ဦးပိုက်လင်း၏ **တာဝန်မကျေ၊ စာရိတ္တပျက်သည်ဟု အရေးယူအပြစ်ပေးခံရသော ဝန်ထမ်းများကို ဝေးလံခက်ခဲသောဒေသသို့ ပြောင်းရွှေ့တာဝန်ပေးခြင်းဟူသော ပြစ်ဒဏ်ကို ပယ်ဖျက်ပေးပါရန် အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးငွန်မောင်းက နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၃ တွင် ဌာနဆိုင်ရာအရေးယူမှုများ၌ ဝန်ထမ်းအပေါ် ချမှတ်နိုင်သည့်ပြစ်ဒဏ်(၉)မျိုးကို အတိအလင်းပြဋ္ဌာန်းထားရှိပါကြောင်း၊ သို့ဖြစ်ရာ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းအကြီးအမှူးများသည် ပြစ်မှုကျူးလွန်သော ဝန်ထမ်းများအား ကျူးလွန်သည့်ပြစ်မှုနှင့်လျော်ညီသော ပြစ်ဒဏ်ကို နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ချမှတ်နိုင်ပါကြောင်း။

မေးခွန်းတွင်ပါရှိသည့် တာဝန်မကျေ၊ စာရိတ္တပျက်သည်ဟု အရေးယူအပြစ်ပေးခံရသော ဝန်ထမ်းများကို ဝေးလံခက်ခဲသောဒေသသို့ ပြောင်းရွှေ့တာဝန်ပေးခြင်းကိစ္စသည် နိုင်ငံ့ဝန်ထမ်းဥပဒေပါ ပြစ်ဒဏ်အမျိုးအစား၌ ပြဋ္ဌာန်းသတ်မှတ်ထားခြင်းမရှိပါသဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ပယ်ဖျက်ပေးရန် အစီအစဉ်မရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

မေးခွန်းရှင် ဦးပိုက်လင်းက "အကျင့်ပျက်ဝန်ထမ်းတွေကို ဝေးလံဒေသတွေပို့တာ အကျိုးမရှိပါဘူး။ ပိုဆိုးတဲ့ဝန်ထမ်းကို ဆိုးတဲ့နေရာပို့ရင် ပိုဆိုးတယ်။ အဲဒါကြောင့် တချို့ဆို ဘဝပျက်ပြီး ဆုံးသွားတာတွေ ကျွန်တော်တို့ မြို့နယ်မှာကို ရှိပါတယ်။ တာဝန်မကျေတဲ့ ဝန်ထမ်းတွေကို ဝေးလံတဲ့ဒေသကို ပို့တဲ့အကြောင်း လွှတ်တော်မှာ တာဝန်ရှိသူတွေ ဖြေသွားကြတာရှိပါတယ်။ အဲဒါကြောင့် စိတ်မကောင်းလို့ ဒီမေးခွန်းကို မေးမြန်းရတာဖြစ်ပါတယ်။ ဒီနေ့ဖြေတဲ့အခါမှာတော့ လုပ်ထုံးလုပ်နည်း မရှိဘူးလို့ဖြေပါတယ်။ လက်ရှိအခြေအနေအရ မြို့နယ်၊ ဒေသတွေမှာတော့ အကျိုးသက်ရောက်မှု မရှိသေးပါဘူး။ နောက်တော့ ရှိရင်ရှိလာမှာပါ"ဟု ပြောပြခဲ့သည်။

ယနေ့အစည်းအဝေးတွင် ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင်က **စိုက်ပျိုးရေးနှင့်မိုးလေဝသကို ချိတ်ဆက်ပေးနိုင်သော စိုက်ပျိုးရေးမိုးလေဝသပညာရပ် ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ အနာဂတ်မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကို အထောက်အကူပြုအကောင်အထည်ဖော်နိုင်ရန်အတွက် ကော်မတီတစ်ရပ်ဖွဲ့စည်းနိုင်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း** အဆိုကိုတင်သွင်းခဲ့ရာ ဒုတိယဝန်ကြီး ဦးအုန်းသန်းက ဝန်ကြီးဌာနက ကြိုတင်ဆောင်ရွက်နေသည့် လုပ်ငန်းများဖြစ်ပါသဖြင့် အဆိုအား မှတ်တမ်းတင်ထားရှိပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး လွှတ်တော်က အဆိုကို မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်ခဲ့သည်။

အဆိုနှင့်ပတ်သက်၍ ဒုတိယဝန်ကြီး ဦးအုန်းသန်းက ယနေ့ မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများနည်းတူ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော သဘာဝဘေးအန္တရာယ်များ အထိုက်အလျောက် ကြုံတွေ့ရလျက်ရှိပါကြောင်း၊ ရာသီဥတုဖောက်ပြန်မှုကြုံတွေ့ရသော မြန်မာနိုင်ငံအောက်ပိုင်းဒေသများဖြစ်သည့်(ကရင်၊ မွန်၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီ၊ ပဲခူး၊ ရန်ကုန်တိုင်း

ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင်။

ပလက်ဝမဲဆန္ဒနယ်မှ ဦးပိုက်လင်း။

ဒေသကြီး)တို့တွင် ရေကြီးနစ်မြုပ်ခြင်းနှင့် စစ်ကိုင်း၊ မကွေးနှင့်မန္တလေးတိုင်းဒေသကြီးတို့တွင် မိုးခေါင်ခြင်းများကြောင့် သီးနှံပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း သဘာဝဘေးအန္တရာယ်ကျရောက်လျက်ရှိသောဒေသများသို့ ထိထိရောက်ရောက် ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ရာသီဥတုပြောင်းလဲမှုနှင့် မိုးရွာသွန်းမှုအခြေအနေအား လေ့လာလျက် ဒေသရာသီဥတုနှင့်ကိုက်ညီ၍ ဝင်ငွေတွက်ခြေကိုက်ပြီး အကျိုးအမြတ်များသော သီးနှံများကို အခြေခံ၍ သီးနှံပုံစံရေးဆွဲခြင်း၊ သီးနှံပုံစံပြောင်းလဲစိုက်ပျိုးခြင်း၊ သက်တမ်းတိုသီးနှံများစိုက်ပျိုးခြင်း စသည်တို့ကို ပြည်နယ်နှင့်တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာအုပ်စုအလိုက် ရေးဆွဲအကောင်အထည်ဖော်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

ရာသီဥတုပြောင်းလဲလာ၍ ကမ္ဘာကြီးပူနွေးလာပြီး မိုးခေါင်မှုနှစ်စဉ်ကဲ့သို့ ကြုံတွေ့လာနိုင်သဖြင့် မိုးခေါင်ဒဏ်ခံနိုင်သည့် သီးနှံအမျိုးများ ဖော်ထုတ်စိုက်ပျိုးခြင်း၊ စိုက်ချိန်ပြောင်းလဲချိန်ညှိခြင်းတို့ကို စိုက်ပျိုးသည့်မြေအမျိုးအစားအလိုက် ပြောင်းလဲဆောင်ရွက်ရန် အထူးလိုအပ်လာပြီး သီးနှံတစ်မျိုးတည်း စိုက်ပျိုးမှုထက် သီးထပ်သီးညှပ်စိုက်ပျိုးခြင်း၊ သီးနှံနှင့် သစ်တောတွဲဖက်စိုက်ပျိုးခြင်းတို့ကို ကျင့်သုံးလာကြစေရန်အတွက်လည်း သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်များနှင့် ညှိနှိုင်းဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ တောင်သူလယ်သမားကဏ္ဍ ရုပ်သံလွှင့်အစီအစဉ်(Farmer Channel)တစ်ခုအား မြန်မာ့ရုပ်မြင်သံကြားတွင် စတင်စမ်းသပ်ထုတ်လွှင့်လျက်ရှိပါကြောင်း၊ အဆိုပါရုပ်သံအစီအစဉ်တွင် မိုးလေဝသသတင်းအချက်အလက်များနှင့် ဈေးနှုန်းသတင်းအချက်အလက်များအား တောင်သူများ အချိန်နှင့် တစ်ပြေးညီ သိရှိနိုင်ရန် နေ့စဉ်ထည့်သွင်းထုတ်လွှင့်ပေးလျက် ရှိပါကြောင်း။

ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များနှင့် ညှိနှိုင်းဆက်သွယ်၍ အကူအညီရယူဆောင်ရွက်ရန် နိုင်ငံပိုင်သတင်းမီဒီယာများနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အပတ်စဉ်ထုတ်ဝေလျက်ရှိသော လယ်ယာစီးပွားသတင်းစာစောင်များတွင် နှိုးဆော်ချက်များ အချိန်မီထုတ်ပြန်ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့် နိုင်ငံတော်၏ စားနပ်ရိက္ခာနှင့် စိုက်ပျိုးမှုပိုမိုတိုးတက်ရေးနှင့် စိုက်ပျိုးရေးစီမံကိန်းနှင့် လုပ်ငန်းများအား အထိရောက်ဆုံး အကျိုးပြုနိုင်ရေးရှေးရှု၍ သီးနှံအထွက်နှုန်းထိခိုက်နိုင်သည့် မိုးလေဝသအခြေအနေများအား ကြိုတင်သိရှိနိုင်ရေးအတွက် သတိပေးချက်နှင့် ခန့်မှန်းချက်များကို ထုတ်ပြန်ပေးလျက်ရှိပါကြောင်း၊ စိုက်ပျိုးရေးမိုးလေဝသဌာနခွဲမှ (၁၀)ရက်ပတ် စိုက်ပျိုးရေးမိုးလေဝသစာစောင်အား ဖြန့်ချိထုတ်ဝေခြင်းနှင့် စိုက်ပျိုးရေး မိုးလေဝသခန့်မှန်းချက်များ ပိုမိုမှန်ကန်တိကျလာစေရေး ကြိုးပမ်းလျက်ရှိပါကြောင်း၊ အနာဂတ်ကာလတွင် အစွန်းရောက်ရာသီဥတုဖြစ်စဉ်များကို ယခုထက်ပိုမိုတိကျစွာ ခန့်မှန်းနိုင်ပြီး စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နေသူများအတွက် အစွန်းရောက်ဖြစ်စဉ်များနှင့် လိုက်လျောညီထွေစိုက်ပျိုးလုပ်ကိုင်နိုင်ရန် မိုးလေဝသအကြံပြုချက်များကိုလည်း ထုတ်ပြန်နိုင်ရန် အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ သို့ဖြစ်ရာ ဝန်ကြီးဌာနက ကြိုတင်ဆောင်ရွက်နေသည့်လုပ်ငန်းများဖြစ်ပါသဖြင့် အဆိုအား မှတ်တမ်းတင်ထားရှိပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့ပြင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေကြမ်း**နှင့် အမျိုးသားလွှတ်တော်က အတည်ပြုချက်ဖြင့်ပေးပို့သော **ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ**ကို ပြင်ဆင်သည့်ဥပဒေကြမ်းတို့ကို ပြည်သူ့လွှတ်တော်က လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြဆောင်ရွက်ခဲ့သည်။

အစည်းအဝေးကို အစီအစဉ်(၉)ခုဖြင့် ဆောင်ရွက်ခဲ့ပြီး အစည်းအဝေး (၂၀) ရက်မြောက်နေ့ကို နိုဝင်ဘာ ၈ ရက်တွင် ဆက်လက်ကျင်းပမည် ဖြစ်သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

အင်ဂျင်နီယာပညာရေးစနစ်သာမက အမျိုးသားပညာရေးစနစ်တစ်ခုလုံး၏ ပြုပြင်ပြောင်းလဲမှုများကိုပါ ပြည်သူဗဟိုပြု ဆောင်ရွက်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၆

နိုင်ငံတော်အစိုးရအနေဖြင့် အင်ဂျင်နီယာပညာရေးစနစ် ပြုပြင်ပြောင်းလဲရန်အတွက်သာမက အမျိုးသားပညာရေးစနစ်တစ်ခုလုံး၏ ပြုပြင်ပြောင်းလဲမှုများကိုပါ ပြည်သူဗဟိုပြုလျက် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့်တင်သွင်းထားသည့် **အဆင့်မြင့်နည်းပညာတက္ကသိုလ်များ (Centres of Excellence) ပေါ်ပေါက်လာ၍ အရည်အချင်းပြည့်ဝသော နည်းပညာကျွမ်းကျင်သူများနှင့် အင်ဂျင်နီယာများ မွေးထုတ်ပေးနိုင်ရေး လက်တွေ့ကျစွာ ပုံဖော်မည့်အစီအစဉ် (Realistic Scenario) ဖြင့် အင်ဂျင်နီယာနှင့် နည်းပညာဆိုင်ရာ ပညာရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့ပြင် ဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်နည်းပညာအထက်တန်းကျောင်းများအားလုံး ပညာရေးအဆင့် မြင့်မားလာစေရေးအတွက် ပြုပြင်ပြောင်းလဲမှုများကို နိုင်ငံတော်က လက်ရှိသတ်မှတ်ပြဋ္ဌာန်းပြီးသော ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ မူဘောင်များအတွင်းမှ ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာအဆင့်မီ တက္ကသိုလ်များ လျင်မြန်စွာ ပေါ်ထွန်းလာစေရေးအတွက် တက္ကသိုလ်(၆)ခုအား Centres of Excellence (CoE) များအဖြစ် ဦးစားပေးအဆင့်မြှင့်တင်ဖွင့်လှစ်ခဲ့ရာ ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မန္တလေးနည်းပညာတက္ကသိုလ်နှစ်ခု ပါဝင်ပါကြောင်း။

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်း။

ပညာရေးစနစ် ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ရာတွင် ကဏ္ဍအားလုံးကို သေချာစွာ လေ့လာဆန်းစစ်ပြီးမှသာ ပြောင်းလဲရန် လိုအပ်ပါကြောင်း၊ ပညာရေးလေ့လာဆန်းစစ်မှု အစီအစဉ်အဖြစ် ယခုအခါ နိုင်ငံတကာ အဖွဲ့အစည်းများ၊ နိုင်ငံတကာမှ ကျွမ်းကျင်သူများ၊ ပြည်တွင်းမှ ပညာရှင်များ၊ အမျိုးသားအကြံပေးပုဂ္ဂိုလ်များပါဝင်သည့် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာဆန်းစစ်မှုလုပ်ငန်း (Comprehensive Education Sector Review-CESR)ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါလုပ်ငန်း၏ ပထမအဆင့် အချိန်တိုအတွင်း အကဲဖြတ်လုပ်ငန်းများကို ၂၀၁၂ ခုနှစ် ဩဂုတ်လမှ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် အစီရင်ခံစာထွက်ရှိခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုအခါ ဒုတိယအဆင့်ဖြစ်သော အသေးစိတ်လေ့လာဆန်းစစ်မှုလုပ်ငန်းများဆောင်ရွက်နေသည့်ကာလဖြစ်ပါကြောင်းဖြင့် ရှင်းလင်းသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီသည် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာဆန်းစစ်မှုလုပ်ငန်းမှ တွေ့ရှိချက်၊ အကြံပြုချက်များကို ထည့်သွင်းစဉ်းစားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီ အထူးလုပ်ငန်းအဖွဲ့ (Task Force)နှင့် အကြံပေးအဖွဲ့(Advisor Board)အစည်းအဝေးများ ပြုလုပ်လျက်ရှိပြီး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပညာရှင်များပါဝင်သည့် ပူးတွဲလုပ်ငန်းအဖွဲ့ (၁၇) ဖွဲ့ဖြင့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ပြည်သူလူထုထံမှ အကြံဉာဏ်များကို ရယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အဆိုအား ရုပ်သိမ်းသင့်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းအဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်း၏ **မြန်မာ-အိန္ဒိယ နယ်စပ်တစ်လျှောက်ရှိ နယ်စပ်ကားလမ်း(၇)ခုကို အပြည်ပြည်ဆိုင်ရာ ဝင်ထွက်ပေါက်များအဖြစ် တရားဝင်ဂိတ်များ ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်တွင် တမူးနယ်စပ်ကုန်သွယ်ရေးစခန်း၊ ရိဒ်နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် ထန်

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးမျိုးမြင့်။

တလန် ယာယီနယ်စပ်ကုန်သွယ်ရေးစခန်းတို့ကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါကြောင်း။

နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးစခန်းများ ဖွင့်လှစ်ရာတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုရှိခြင်း၊ ဒေသတွင်းလုံခြုံငြိမ်းချမ်းမှုရှိခြင်း၊ လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ခြင်း၊ နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းအစီအစဉ်နှင့် ဘဏ်လုပ်ငန်းအစီအစဉ်များ ညှိနှိုင်းသဘောတူညီမှုနှင့် ယင်းအခြေခံအဆောက်အအုံများ ထူထောင်ပေးနိုင်မှုရှိခြင်း၊ ဒေသတွင်းစားသုံးမှုဖူလုံသည့်အပြင် ပိုလျှံမှုရှိပြီး ပြည်တွင်းပြည်ပ ဈေးကွက်များသို့ ရောင်းချနိုင်မည့် ကုန်ပစ္စည်းများ ရှိခြင်းနှင့် ဈေးကွက်ဖွံ့ဖြိုးမှုရှိခြင်း၊ အခြားပြည်နယ်၊ တိုင်းဒေသကြီးများနှင့်လည်း ချိတ်ဆက်၍ ကုန်စည်များကို တရားဝင်နည်းလမ်းဖြင့် ကူးသန်းရောင်းဝယ်ပြီး တိုက်ရိုက် သို့မဟုတ် တစ်ဆင့်ခံ ကုန်သွယ်ရောင်းချမှုပြုနိုင်သည့်အခြေအနေရှိခြင်း၊ နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်လှစ်မည့် နယ်စပ်ဒေသတွင် နှစ်နိုင်ငံနယ်နိမိတ်တိုင်းတာရေးကိစ္စ ရှင်းလင်းပြီးဖြစ်ခြင်း စသည့် အချက်များကို

စာမျက်နှာ ၉ ကော်လံ ၄ သို့ ❖

ပြည်တွင်းရေးရာ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့ ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့်တို့ ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

❖ ပြည်ထောင်စုသမ္မတမှ

ဇောတိကဓဇ ဘဒ္ဒန္တ ခေမိန္ဒသာမိထံမှ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့ အမျိုးပြုသော ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ လှူဒါန်းပြီး ပျဉ်းမနားမြို့ အောင်တံခွန်ကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍဝထံ ကထိန်လျာသင်္ကန်းကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဒုတိယသမ္မတများနှင့် တက်ရောက်လာကြသူများက ဆရာတော် သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက် ဆရာတော်ကြီးထံမှ ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အခမ်းအနား အပြီးတွင် ကြွရောက်တော်မူကြသည့် ဆရာတော် သံဃာတော်များအား နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

○ ကျောဖုံးမှ

မြန်မာအသင်းမှာ အုပ်စုတက်နိုင်မည်ဖြစ်သော်လည်း ပထမနေရာရရန် ဗီယက်နမ်ကို အနိုင်ကစားရမည်ဖြစ်သည်။ ယင်းမှသာ ဆီမီးဖိုင်နယ်တွင် ထိုင်းကိုရှောင်နိုင်မည်ဖြစ်သည်။ အမျိုးသမီးဘောလုံးပြိုင်ပွဲကို မန္တလေးမြို့တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းမှာ ပွဲဦးထွက်အဖြစ် ဒီဇင်ဘာ ၁၀ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် ကစားရမည်ဖြစ်သည်။

အမျိုးသားဘောလုံးပြိုင်ပွဲကို အရှေ့တောင်အာရှ ၁၀ နိုင်ငံ ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု(က)တွင် လက်ရှိချန်ပီယံ မလေးရှား၊ ဗီယက်နမ်၊ လာအို၊ စင်ကာပူ၊ ဘရူနိုင်း၊ အုပ်စု(ခ)တွင် အိမ်ရှင်မြန်မာ၊ အင်ဒိုနီးရှား၊ တီမော၊ ထိုင်းနှင့် ကမ္ဘောဒီးယားတို့ပါဝင်နေသည်။ မြန်မာအသင်းမှာ အုပ်စုတက်ရေးအတွက် တီမော၊ ကမ္ဘောဒီးယားတို့နှင့်ပွဲတွင် ရလဒ်ကောင်းရန်လိုအပ်သလို အသင်းကြီးများဖြစ်သည့် ထိုင်းနှင့်အင်ဒိုနီးရှားတို့ကိုလည်း ကျော်ဖြတ်ရမည်ဖြစ်သည်။ မြန်မာအသင်းပါဝင်သောအုပ်စု(ခ)ပွဲစဉ်များကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ကျင်းပမည်ဖြစ်ပြီး အုပ်စု(က)ပွဲစဉ်များကို နေပြည်တော်ရှိ ဇေယျာသီရိကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။

အုပ်စုပွဲစဉ်များကို ဒီဇင်ဘာ ၂ ရက်တွင် စတင်ကျင်းပသွားမည်ဖြစ်ပြီး မြန်မာအသင်းမှာအဖွင့်ပွဲအဖြစ် ဒီဇင်ဘာ ၇ ရက်တွင် ကမ္ဘောဒီးယားအသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

မြန်မာယူ-၂၃ အသင်းနှင့် ပွဲစဉ်များ

၇. ၁၂. ၂၀၁၃	မြန်မာ-ကမ္ဘောဒီးယား
၉. ၁၂. ၂၀၁၃	မြန်မာ-တီမော
၁၄. ၁၂. ၂၀၁၃	မြန်မာ-ထိုင်း
၁၆. ၁၂. ၂၀၁၃	မြန်မာ-အင်ဒိုနီးရှား

မြန်မာအမျိုးသမီးအသင်းပွဲစဉ်များ

၁၀. ၁၂. ၂၀၁၃	မြန်မာ-ဖိလစ်ပိုင်
၁၃. ၁၂. ၂၀၁၃	မြန်မာ-အင်ဒိုနီးရှား
၁၅. ၁၂. ၂၀၁၃	မြန်မာ-ဗီယက်နမ်

(ချစ်ကိုကို)

❐ **ဆီးဂိမ်းပွဲတော်မှ**

ဆွဲဆောင်မှုရှိပြီး ဖက်ရှင်ကျကျ ဝတ်ဆင်တတ်သူ မင်းသမီး Siriwanwaree သည် ၂၀၀၈ ခုနှစ်က Forbe မဂ္ဂဇင်းမှ ရွေးချယ်သည့် 20 Hottest Young Royals အယောက် ၂၀ တွင်လည်း တစ်ဦး အပါအဝင်ဖြစ်ခဲ့ပြန်သည်။

ဆီးဂိမ်းပြိုင်ပွဲ အုပ်စုမဲခွဲပွဲ ကျင်းပ

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် အားကစားနည်းများထဲမှ ဘောလုံး၊ ဖူဆယ်၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ မြားပစ်နှင့် ခြင်းလုံးအားကစားနည်းများ အုပ်စုမဲနှိုက်ရေးဆွဲခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပခဲ့သည်။ အဆိုပါ အုပ်စုမဲခွဲပွဲ အခမ်းအနားကို အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ အားကစားနည်းအလိုက် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

ဖူဆယ်ပြိုင်ပွဲတွင် အမျိုးသားပြိုင်ပွဲ၌ ခြောက်သင်း၊ အမျိုးသမီးပြိုင်ပွဲ၌ ငါးသင်းယှဉ်ပြိုင်မည်ဖြစ်သည်။ အမျိုးသားပြိုင်ပွဲတွင် အုပ်စု(က)၌ အိမ်ရှင်မြန်မာ၊ မလေးရှား၊ အင်ဒိုနီးရှား၊ အုပ်စု(ခ)၌ ထိုင်း၊ လာအို၊ ဗီယက်နမ်တို့ ပါဝင်ကြသည်။ အမျိုးသမီးပြိုင်ပွဲကို အုပ်စုပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး မြန်မာ၊ ဗီယက်နမ်၊ ထိုင်း၊ အင်ဒိုနီးရှားနှင့် မလေးရှားတို့ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ ဖူဆယ်အားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

ဘော်လီဘောပြိုင်ပွဲ အမျိုးသားပြိုင်ပွဲအုပ်စု(က)တွင် ထိုင်း၊ မလေးရှား၊ မြန်မာ၊ ကမ္ဘောဒီးယား၊ အုပ်စု(ခ) တွင် အင်ဒိုနီးရှား၊ ဗီယက်နမ်၊ လာအိုတို့ပါဝင်မည်ဖြစ်ပြီး အမျိုးသမီးပြိုင်ပွဲတွင် မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ မလေးရှားနှင့် အင်ဒိုနီးရှားတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ ပိုက်ကျော်ခြင်းပြိုင်ပွဲ၏ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ အုပ်စု(က) တွင် အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ဘရူနိုင်း၊ လာအို၊ အုပ်စု(ခ)တွင် မြန်မာ၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ အုပ်စု(က)တွင် မြန်မာ၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ အုပ်စု(ခ) တွင် လာအို၊ မလေးရှား၊ ကမ္ဘောဒီးယားနှင့် အင်ဒိုနီးရှားတို့ ပါဝင်ကြသည်။

(ရှိုင်းထက်ဇော်)

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစား မြန်မာ့ရိုးရာခြင်းလုံးအားကစား အကြိုဆန်းစစ်ပြိုင်ပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၆

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပွဲတော် ဆီးဂိမ်းပြိုင်ပွဲကြီးအား မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် မကြာခင်ကာလတွင် ကျင်းပတော့မည်ဖြစ်ရာ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ B ၌ မြန်မာ့ရိုးရာခြင်းလုံး အားကစား အကြိုဆန်းစစ်ပြိုင်ပွဲ (PRE SEA GAMES CHINLOND TEST MATCH-2013) များကို နိုဝင်ဘာ ၆ ရက်မှ ၈ ရက်အထိ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့ရိုးရာခြင်းလုံးလက်ရွေးစင် အမျိုးသား၊ အမျိုးသမီးအသင်းများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အထက်ပိုင်း၊ အောက်ပိုင်းမှလက်ရွေးစင် အမျိုးသား၊ အမျိုးသမီးအသင်းများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

နိုဝင်ဘာ ၆ ရက် ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်(ခ)အမျိုးသားအသင်းနှင့် (အောက်မြန်မာပြည်) လက်ရွေးစင်အမျိုးသားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြသည်။**(ဝဲပုံ)**

(သန်းနိုင်-ဇမ္ဗူသီရိ)

မြန်မာ-ကာတာစင်တာ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၆

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် အမေရိကန်နိုင်ငံ ကာတာစင်တာမှ ညွှန်ကြားရေးမှူး Mr.Frederick Rawski နှင့် နိုင်ငံရေးအကြံပေး Ms. Sarah Levitshore တို့သည် ယနေ့ညနေ ၃ နာရီတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ တွေ့ဆုံကြပြီး မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်နှင့် မြန်မာနိုင်ငံနှင့် ကာတာစင်တာတို့အကြား ပူးပေါင်းဆောင်ရွက်ရန်ကိစ္စများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီး ခန့်အပ်ခြင်းအား သဘောတူ

နေပြည်တော် နိုဝင်ဘာ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအမတ်ကြီး မစ္စတာ အမ်ဂျက် မာဂျစ် အဘာစီ၏နေရာတွင် မစ္စတာ အစ်ဆန် အူလာ ဘတ်ဒ်အား ခန့်အပ်ရန်အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ အစ်ဆန် အူလာ ဘတ်ဒ် ကို ၁၉၅၇ ခုနှစ်တွင် မွေးဖွားခဲ့ပြီး ၎င်းသည် ပါရဂူဘွဲ့ကြို (ဓာတုဗေဒ)၊ နိုင်ငံရေးသိပ္ပံမဟာဘွဲ့နှင့် ဥပဒေပညာမဟာဘွဲ့တို့ကို ရရှိခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ဝင်ရောက်ခဲ့ပြီး ၁၉၉၁ ခုနှစ်အထိ ပညာတော်သင် သွားရောက်ခဲ့သည်။ ၎င်းသည် ၁၉၉၅ မှ ၁၉၉၇ ခုနှစ်အထိ နယူးယောက်မြို့တွင် လည်းကောင်း၊ ၂၀၀၁ မှ ၂၀၀၃ခုနှစ်အထိ ရီယာဒ်မြို့တွင် လည်းကောင်း၊ ၂၀၀၃ မှ ၂၀၀၇ ခုနှစ်အထိ ကတ္တမန္ဒူးမြို့တွင်လည်းကောင်း၊ ရာထူးအဆင့်ဆင့်ဖြင့် သံရုံးများတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ပါကစ္စတန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတွင်လည်း ၁၉၈၉-၁၉၉၀ ပြည့်နှစ်အထိနှင့် ၁၉၉၂-၁၉၉၄ ခုနှစ်အထိ ဌာနစုမှူး၊ ၁၉၉၈ မှ ၂၀၀၀ ပြည့်နှစ်အထိ ညွှန်ကြားရေးမှူးနှင့် ၂၀၀၈-၂၀၀၉ ခုနှစ်အထိ ပါကစ္စတန်နိုင်ငံ လာဟိုးမြို့ရှိ နိုင်ငံခြားရေးရုံးတွင် သံတမန်ရေးရာဦးစီးဌာန ဒုတိယအကြီးအကဲတာဝန်များ ထမ်းဆောင်ခဲ့သည်။

လက်ရှိတွင် မန်ချက်စတာမြို့၌ ကောင်စစ်ဝန်ချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပြီး အိမ်ထောင်ရှင်တစ်ဦးဖြစ်သည်။ **(သတင်းစဉ်)**

ဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်ရန် မြန်မာလက်ဝှေ့အဖွဲ့ ပြည်ပသို့ထွက်ခွာ

ရန်ကုန် နိုဝင်ဘာ ၆

မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်အနေဖြင့် အောင်မြင်မှုများရရှိရန် ပြည်တွင်းလေ့ကျင့်မှုများအပြင် ပြည်ပနိုင်ငံများမှ လက်ဝှေ့အားကစားသမားများနှင့်ပါ သွားရောက်ပူးတွဲလေ့ကျင့်မှုများပြုလုပ်လျက်ရှိရာ နိုဝင်ဘာ ၅ ရက် နံနက်က ကာဇက်စတန်နိုင်ငံသို့ ဒုတိယအကြိမ် လေးပတ်အကြာသွားရောက်လေ့ကျင့်ကြမည့် လက်ဝှေ့အဖွဲ့နည်းပြချုပ် ဦးတင်မောင်ဖေဦးဆောင်သော အမျိုးသားပဏာမလက်ရွေးစင် ရှစ်ဦး၊ အမျိုးသမီးပဏာမ လက်ရွေးစင် ငါးဦးတို့အား မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်လှိုင်နှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။ **(တင်ဝင်းလေး-ကြည့်မြင်တိုင်)**

ဆေးတက္ကသိုလ်ပညာသင်ဆု လျှောက်ထားနိုင်

ရန်ကုန် နိုဝင်ဘာ ၆

၂၀၁၃ ခုနှစ် မတ်လတွင် ကျင်းပခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ပြီး ဆေးတက္ကသိုလ်အသီးသီးသို့ ပညာသင်ယူခွင့်ရရှိကြသည့် ကျောင်းသား ကျောင်းသူများအနက် ပညာဆက်လက်သင်ယူရန် အမှန်တကယ်အခက်အခဲရှိသော ကျောင်းသား ကျောင်းသူများအနေဖြင့်(ဦးအေးကျော်)-ဒေါ်အေးအေးမြင့် ရာဇာလင်းမိသားစုက ပညာဒါနပြုသော “ရာဇာလင်း ဆေးတက္ကသိုလ်ပညာသင်ဆု” ကို လျှောက်ထားနိုင်သည်။

ရာဇာလင်းဆေးတက္ကသိုလ် ပညာသင်ဆုကို ၂၀၀၈-၂၀၀၉ ပညာသင်နှစ်မှစ၍ နှစ်စဉ်ချီးမြှင့်လာခဲ့ရာ ယခုပညာသင်နှစ်တွင်လည်း ဆဋ္ဌမအကြိမ်အဖြစ် ကျောင်းသား ကျောင်းသူ ရှစ်ဦးတို့အား ပညာသင်ထောက်ပံ့ပေးမည်ဖြစ်သည်။ ပညာသင်ဆု လျှောက်ထားခွင့်ရှိသူများမှာ ဆေးတက္ကသိုလ်(၁) ရန်ကုန်၊ ဆေးတက္ကသိုလ်(၂) ရန်ကုန်၊ မန္တလေးဆေးတက္ကသိုလ်နှင့် မကွေးဆေးတက္ကသိုလ်များသို့ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်၌ ပထမနှစ်သင်တန်း စတင်ဝင်ရောက်ခွင့်ရရှိသူများဖြစ်ရမည်။ ပညာသင်ဆုရွေးချယ်ခြင်းခံရသူများကို တစ်ဦးလျှင် တစ်လ ငွေကျပ် ၅၀၀၀၀ နှုန်းစီဖြင့် ပထမနှစ်မှစ၍ ဆေးပညာဘွဲ့ရသည်ထိ လစဉ်ထောက်ပံ့ချီးမြှင့်သွားမည်ဖြစ်သည်။

ပညာသင်ဆု လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ ပညာသင်ဆုလျှောက်ထားရခြင်း ကျိုးကြောင်းပြည့်စုံစွာဖော်ပြသည့် ကိုယ်တိုင်ရေးမူရင်းလျှောက်လွှာ၊ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ အမှတ်စာရင်းမိတ္တူ၊ တက္ကသိုလ်ဝင်တန်း အောင်မြင်သည့် ကျောင်းမှ ကျောင်းအုပ်ကြီး၏ထောက်ခံချက်၊ မိမိနှင့်မိဘနှစ်ဦး၏ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲစခန်းတို့၏ ထောက်ခံချက်များနှင့် ဆက်သွယ်ရန်လိပ်စာ(ဖုန်း)တို့ကို ပြည့်စုံစွာဖော်ပြ၍ အမှတ်(၅၀) ကန်ရိပ်သာ(၃)လမ်း Finger Lake F.M.I City လှိုင်သာယာမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူ၍ နိုဝင်ဘာ ၃၀ ရက် နောက်ဆုံးထား လျှောက်ထားနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

❖ **အမျိုးသားလွှတ်တော်မှ**

ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါကြောင်း။

အသုံးပြုလျက်ရှိသော နယ်စပ်လမ်း (၇)လမ်းနှင့်ပတ်သက်၍ တင်ပြရလျှင် နယ်စပ်ကုန်သွယ်ရေးစခန်း ဆောင်ရွက်ပေးနိုင်သည့်နေရာတွင် နယ်စပ်ကုန်သွယ်ရေးစခန်း(၂)ခု ဖွင့်လှစ်ပေးပြီးဖြစ်သည့်အတွက် မြန်မာ-အိန္ဒိယ နယ်စပ်လမ်းကြောင်း(၇)ခုအနက် နယ်စပ်ကုန်သွယ်ရေးစခန်း(၂)ခုနှင့် ဆက်သွယ်ထားသော လမ်းကြောင်း(၃)ခုဖြစ်သည့် ကလေး-တီးတိန်-ရိဒ်မှ အိန္ဒိယနိုင်ငံသို့ သွားသည့်လမ်း၊ ဟားခါး-ဖလမ်း-ရိဒ်မှ အိန္ဒိယနိုင်ငံသို့ သွားသည့်လမ်းနှင့် ဟားခါး-ထန်တလန်-ဆိုင်ဆီခြောက်မှ အိန္ဒိယနိုင်ငံသို့ သွားသည့် လမ်းကြောင်းများပေါ်တွင် တရားဝင်ဂိတ်များဖွင့်လှစ်ထားပြီးဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် ကျန်လမ်းကြောင်း(၄)ခုတွင် တရားဝင်ဂိတ်များဖွင့်လှစ်ရန်အတွက်သော်လည်းကောင်း၊ လက်ရှိဖွင့်ပြီး တရားဝင်ဂိတ်(၃)ခုအပါအဝင် မြန်မာ-အိန္ဒိယနယ်စပ်ရှိ ကားလမ်း(၇)ခုလုံးကို အပြည်ပြည်ဆိုင်ရာ ဝင်ထွက်ပေါက်အဖြစ် တရားဝင်ဖွင့်လှစ်ရန် အစီအစဉ် မရှိသေးပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

အစည်းအဝေး၌ မေးခွန်း(၅)ခု မေးမြန်းဖြေကြားခြင်း၊ အဆို(၂)ခု အတည်ပြုခြင်းနှင့် အဆို(၁)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြပြီး မွန်းလွဲပိုင်းတွင် ရပ်နားခဲ့သည်။ **(သတင်းစဉ်)**

ဩစတြေးလျဘုရင်ခံချုပ်နှင့် ခင်ပွန်း ဦးဆောင်သောအဖွဲ့ ရန်ကုန်မြို့တွင်း ကြည့်ရှုလေ့လာ ရွှေတိဂုံစေတီတော်အား လှည့်လည်ကြည်ညို

ရန်ကုန် နိုဝင်ဘာ ၆

မြန်မာနိုင်ငံ ရန်ကုန်မြို့၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ဩစတြေးလျ ခနသဟာယနိုင်ငံ ဘုရင်ခံချုပ် မစ္စကွင်တင်းဘရိုက်စ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပြည်ထောင်စုရိပ်သာလမ်းရှိ ရန်ကုန်ကလေးဆေးရုံကြီးသို့ ရောက်ရှိပြီး ကလေးဆေးရုံကြီးရှိ အရေးပေါ်ဌာန၊ ပြင်ပလူနာဌာန၊ မွေးကင်းစကလေးကုသဆောင်၊ ဆေးကုသဆောင် (၂)တို့ကို လှည့်လည်ကြည့်ရှုကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာသန်းထိုက်နှင့် ဆရာဝန်ကြီးများက ရှင်းလင်းပြသကြသည်။

ဧည့်သည်တော်ဘုရင်ခံချုပ်က မိမိနှင့်အဖွဲ့ ယခုကဲ့သို့ ကလေးဆေးရုံကြီးသို့ လာရောက်ခြင်းမှာ ဆေးရုံတက်ရောက်ဆေးဝါးကုသမှု ခံယူနေကြသော ကလေးများနှင့် မိသားစုဝင်များအား နှုတ်ဆက်အားပေးလိုသောကြောင့် လာရောက်ခြင်းဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ဧည့်သည်တော်ဘုရင်ခံချုပ် မစ္စ ကွင်တင်းဘရိုက်စ်နှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေတို့သည် မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးကြသည်။

အလားတူ ဧည့်သည်တော် ဩစတြေးလျ ခနသဟာယနိုင်ငံ ဘုရင်ခံချုပ်၏ ခင်ပွန်း မစ္စတာ မိုက်ကယ်ဘရိုက်စ်နှင့် အဖွဲ့သည် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (YANGON HERITAGE TRUST) သို့ ရောက်ရှိကြရာ တာဝန်ရှိသူတစ်ဦးက ရန်ကုန်မြို့ပြ အမွေအနှစ်ဖြစ်သည့် ရန်ကုန်မြို့လယ်ရှိ သမိုင်းဝင် ရှေးဟောင်း အဆောက်အအုံများအား ရေရှည်တည်တံ့အောင် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ဧည့်သည်တော်အဖွဲ့သည် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပန်းချီပြခန်းသို့ သွားရောက်ကြည့်ရှုလေ့လာကြပြီး ဧည့်သည်တော် မစ္စတာ မိုက်ကယ်ဘရိုက်စ်က ပြခန်းရှိ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ညပိုင်းတွင် ဧည့်သည်တော် ဩစတြေးလျခနသဟာယနိုင်ငံ ဘုရင်ခံချုပ်နှင့် ခင်ပွန်းတို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက် လှည့်လည်ကြည်ညိုကြသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဒဂုံအရှေ့စက်မှုဇုန်အတွင်းရှိ ပရိဘောဂစက်ရုံ၌ နိုဝင်ဘာ ၆ ရက် နံနက် ၆ နာရီခွဲက ဝါယာရှော့ဖြစ်ပြီး လေးနာရီကျော်ကြာ မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်နေသည်ကို တွေ့ရစဉ်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၇-၁၁-၂၀၁၃(ကြာသပတေးနေ့)

၆း၀၀	တောင်တန်းသာသနာပြုဆရာတော်ကြီး၏ပရိတ်တရားတော်
၁၂း၂၅	မြန်မာဗီဒီယိုဇာတ်လမ်း “တစ်ဦးမေတ္တာတစ်ဦးမှာ” (လွင်မိုး၊ ခိုင်သင်းကြည်၊ မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ-ကျော်ဇောလင်း)
၂း၀၅	“အနုပညာမိုးကောင်းကင်မှ ယဉ်ကျေးမှုငွေကြယ်ပွင့်များ” (အပိုင်း-၁) (ဂီတစာဆို အကယ်ဒမီ ခိုရာမိုရ်)
၄း၄၅	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (ရသစာပေအရေးအသားအထူးပြု) (ရသစာပေအရေးအသား)
၈း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း
၈း၃၅	ပြည်သူ့နီတိ “ခက်”
၈း၄၅	ပြည်သူ့အတွက် ကြိုးပမ်းမှု ပုံရိပ်များ
၉း၀၀	ပြည်တွင်းသတင်း -ညဏ်ရည်ချင်းပြိုင်ဘယ်သူနိုင် -“ဘတောဝါနော ဘရိယာသတိ” (ဖိုးကျော်၊ နေဆန်း၊ ထူးခန့်ကျော်၊ ထွန်းထွန်းဝင်း၊ စိုးမိုးကြည်၊ ဝင်းမင်းသန်း၊ တိုးမြတ်နိုးဝေ) (ဒါရိုက်တာ-ကြည်စိုးထွန်း)

တောင်ငူခရိုင်အတွင်း ရေဘေးသင့်ပြည်သူများအား သက်ဆိုင်ရာတာဝန်ရှိသူများ ပံ့ပိုးကူညီ

သတင်းဆောင်းပါး
သူရဇော်၊ ထွန်းဝင်းနိုင်

ယနေ့ကမ္ဘာတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် နေရာဒေသအနှံ့တွင် ရေကြီးရေလျှံမှုများ တွေ့ကြုံခံစားရလျက်ရှိသကဲ့သို့ ကောက်ပဲသီးနှံနှင့် စိုက်ပျိုးမြေများပျက်စီးသဖြင့် အတိဒုက္ခရောက်ကြရသည်များကို သတင်းမီဒီယာများတွင် တွေ့မြင်သိရှိနေရသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း ပြောင်းလဲလာသည့်ရာသီဥတု၏ ဒဏ်ရာဒဏ်ချက်များကို ယခုနှစ်ကုန်ပိုင်းတွင် ပိုမိုခံစားနေရသည်။ ယခုရက်ပိုင်း အချိန်အခါမဟုတ် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ချောင်းများ၏ စိုးရိမ်ရေမှတ်ကျော်လွန်ခဲ့သည်။

စစ်တောင်းမြစ်ရေမြင့်တက်မှုကြောင့် တောင်ငူနှင့် ရေတာရှည်မြို့နယ်များရှိ ကျေးရွာ/ရပ်ကွက်တို့ ရေနစ်မြုပ်ခြင်းနှင့် လယ်ယာမြေများပျက်စီးခြင်းတို့တွေ့ကြုံနေရကြောင်း ကြားသိရသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများ၏ ပံ့ပိုးကူညီနေမှုနှင့် ပြည်သူများတွေ့ကြုံနေရသည်တို့ကို သိရှိနိုင်စေရန် သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ဦးသိန်းဇော်
တောင်ငူမြို့နယ်အုပ်ချုပ်ရေးမှူး

ဒေါ်သန်းဝင်း
မြို့ကြီးကျေးရွာတောင်သူ

ဦးနိုင်မင်းလှိုင်
မြို့နယ်ဦးစီးမှူး(စိုက်ပျိုးရေး)

ဒေါက်တာဒေါ်ခင်မေသွင်
ခရိုင်ကျန်းမာရေးဦးစီးမှူး
တောင်ငူခရိုင်

ဦးသိန်းဇော် (တောင်ငူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)

ကျွန်တော်တို့ တောင်ငူမြို့နယ်အနေနဲ့ ယာယီကယ်ဆယ်ရေးစခန်းတွေကို အောက်တိုဘာ ၂၉ ရက်မှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ပြီး အနိမ့်ပိုင်းရပ်ကွက်က ပြည်သူတွေကို စတင်ပြောင်းရွှေ့နေရာချထားပေးပါတယ်။ အောက်တိုဘာ ၃၀ ရက်မှာတော့ ကယ်ဆယ်ရေးစခန်း ၃၀ အထိ တိုးချဲ့ခဲ့ပါတယ်။ ရေဘေးဒဏ်သင့်ကျေးလက်က ပြည်သူတွေကိုပါ ပြောင်းရွှေ့နေရာချထားပေးခဲ့ပါတယ်။

ဒီလိုကယ်ဆယ်ရေးစခန်းမဖွင့်လှစ်ခင် ရေကြီးရေတက်လာပြီ ဆိုကတည်းက အချိန်နဲ့တစ်ပြေးညီ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးတွေ၊ ဌာနဆိုင်ရာတွေနဲ့တပ်မတော်သားတွေကို တကယ့်ရေနစ်မြုပ်နိုင်တဲ့နေရာတွေက ပြည်သူတွေကိုအမြန်ဆုံးရွှေ့ပြောင်းနိုင်အောင် ကြိုတင်စုဖွဲ့ပြီး ဦးစားပေးဆောင်ရွက်ပါတယ်။

ယာယီကယ်ဆယ်ရေးစခန်းဖွင့်ပြီဆိုတာနဲ့ တစ်ပြိုင်နက်တည်း ရပ်မိရပ်ဖ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာတွေကတစ်ဆင့် စေတနာရှင်အလှူရှင်တွေနဲ့ ဆက်သွယ်ပြီး ထမင်းထုပ်၊ ခေါက်ဆွဲခြောက်ထုပ်၊ ရေသန့်ဘူး၊ ဆန်နဲ့ ထောက်ပံ့ငွေတွေကို ရယူစုစည်းပြီး ပံ့ပိုးပေးခဲ့ပါတယ်။

တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စိုက်ပျိုးရေးဝန်ကြီး ဦးတင်စိုးက တောင်ငူမြို့မှာ ရုံးဖွင့်ပြီး ကယ်ဆယ်ရေးနဲ့ ကူညီထောက်ပံ့မှုတွေကို နေ့ညအနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးတဲ့အပြင် လိုအပ်တဲ့ဆန်၊ ဆီ၊ ဆား၊ ကြက်သွန် စတဲ့ရိက္ခာများရရှိရေးနဲ့ အခြားသောထောက်ပံ့ကူညီမှုများရရှိအောင် ညှိနှိုင်းဆောင်ရွက်ပေးခဲ့တယ်။

ဒါ့အပြင် တိုင်းဒေသကြီးဝန်ကြီးချုပ်နဲ့ တိုင်းဒေသကြီးအတွင်းရေးမှူးတို့က ကယ်ဆယ်ရေးစခန်းတွေကို ကိုယ်တိုင်ကွင်းဆင်းကြည့်ရှု အားပေးတဲ့အပြင် တိုင်းဒေသကြီးအစိုးရ၊ ကယ်ဆယ်ရေးဌာနနဲ့ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့တို့က ထောက်ပံ့တဲ့ကယ်ဆယ်ရေးပစ္စည်း လေးမျိုး၊ ဆန်အိတ်နဲ့အခြားပစ္စည်းတွေ ထောက်ပံ့ကူညီပေးခဲ့ပါတယ်။

စစ်တောင်းမြစ်ရေ တိုးလာမယ့်အနေအထားကို စတွေ့ရကတည်းက မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနဲ့ ချိတ်ဆက်ပြီး မြစ်ကမ်းနားတစ်လျှောက်နေထိုင်ကြတဲ့ ဒေသခံတိုင်းရင်းသားပြည်သူတွေဘေးလွတ်ရာရွှေ့ပြောင်းသွားအောင် အသိပေးပြောကြားခဲ့တဲ့အပြင် ဒေသခံလူမှုရေးအသင်းအဖွဲ့ဝင်တွေနဲ့ တပ်မတော်သားတွေက ဝိုင်းဝန်းကူညီရွှေ့ပြောင်းပေးပါတယ်။ ဒီလိုရွှေ့ပြောင်းတဲ့အခါမှာ တချို့နေရာတွေမှာ ကြက်ခြေနီနဲ့ မီးသတ်တပ်ဖွဲ့ဝင်တွေက ရေစီးကြောင်းသန်နေတဲ့နေရာတွေအထိ ခက်ခက်ခဲခဲသွားရောက်ကူညီခဲ့ရတဲ့ ဖြစ်စဉ်တွေရှိပါတယ်။ တောင်ငူမြို့နယ်အနီးမှာရှိတဲ့ ရွာတန်းရှည်၊ အနောက်ဆင်နဲ့ အခြားတမံတွေကို မကျိုးပေါက်အောင်၊ ယခုထက်ပိုပြီး မဆိုးအောင် တမံကာကွယ်ရေးလုပ်ငန်းကို နယ်မြေခံတပ်မတော်သားအင်အား ၄၀၀၊ ၅၀၀ နဲ့ နေ့စဉ် တမံဖို့ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။

ရေကြီးတဲ့ကာလဖြစ်တဲ့ အောက်တိုဘာ ၂၉ ရက်ကနေ နိုဝင်ဘာ ၁ ရက်အထိ မြို့မိမြို့ဖ၊ ဌာနဆိုင်ရာ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ စေတနာရှင်အလှူရှင်တွေက မြေပြင်မှာ အမှန်တကယ်လိုအပ်ချက်တွေကို ပံ့ပိုးဖြည့်ဆည်းပေးနိုင်ခဲ့တဲ့အပြင် ယနေ့အချိန်ထိလည်း ကျေးရွာတွေအရောက် သွားရောက်ကူညီပံ့ပိုးပေးနေကြပါတယ်။ ဒီလိုသဘာဝဘေးအန္တရာယ်ကို အစိုးရ၊ ပြည်သူနဲ့ လူမှုရေးအဖွဲ့အစည်းများက လက်တွဲညီညီပူးပေါင်းဆောင်ရွက်နိုင်ခဲ့တဲ့အတွက် အခုလို အခြေအနေကို အမြန်ဆုံးရရှိနိုင်ခြင်းဖြစ်ပါတယ်။

ဒေါ်သန်းဝင်း(တောင်သူ) မြို့ကြီးကျေးရွာ တောင်ငူမြို့နယ်

ကျွန်မတို့ ဒီလယ်မြေမှာစိုက်ပျိုးလာတာငါးနှစ်ရှိပါပြီ။ နှစ်စဉ် ရေလွှမ်းမှုကိုခံနေကျပါ။ ဒီနှစ်ကတော့ တအားကြမ်းတယ်။ ဘာမှကိုပြန်မရတော့တာပါ။ အရင်နှစ်တွေက ရေမနိုင်မျိုးစိုက်ထားရင်ရေနစ်ပေမယ့် ကျန်ပါတယ်။ အခုနှစ်မှာ ရေမနိုင်မျိုးအပြင် ကျော်ဇောထွန်းမျိုးကိုပါ တိုးစိုက်မှ အခုလိုတစ်ခုမှမကျန်တော့တာပါပဲ။ အစိုးရအပိုင်းကလည်း လိုက်လံစစ်ဆေးနေပါတယ်။ ကျွန်မတို့ကို မျိုးစပါးနဲ့စိုက်စရိတ်ပံ့ပိုးပေးမယ်လို့လည်း ပြောသံကြားပါတယ်။ တကယ်အဟုတ်ဆိုရင်တော့ အတော်ကိုဝမ်းသာရမှာပါ။

ဦးနိုင်မင်းလှိုင် [မြို့နယ်ဦးစီးမှူး(စိုက်ပျိုးရေး) တောင်ငူမြို့နယ်]

တောင်ငူမြို့နယ်အနေနဲ့ ရေကြီးနစ်မြုပ်မှုကြောင့် စစ်တောင်းမြစ်တစ်လျှောက်မှာရှိတဲ့ မိုးစပါးစိုက်ဧက ၁၁၅၄၆ ဧက ရေလွှမ်းမိုးမှုခံခဲ့ရပါတယ်။ လက်ရှိအချိန်မှာ မိုးစပါးအများစုဟာ ရိတ်သိမ်းချိန်နီးနေပြီဖြစ်တဲ့အတွက်ကြောင့် ဆုံးရှုံးမှုတွေရှိလာနိုင်ပါတယ်။ ဥပမာအားဖြင့် ရေကြီးစဉ်ရေစီးကြောင်းကြောင့် ပျက်စီးဆုံးရှုံးခြင်း၊ ရွှံ့ညွှန်များဖုံးအုပ်သွားခြင်း၊ ရေကျပြီးနောက် ပိုင်းရိတ်သိမ်းချိန်မှာလည်း အရည်အသွေးပျက်ခြင်း၊ လူများစားသုံးရန်အတွက် မသင့်တော်ခြင်း၊ တိရစ္ဆာန်အစာဖြစ်သာအသုံးပြုနိုင်ခြင်းနဲ့ အချို့စပါးခင်းတွေ လုံးဝရိတ်သိမ်း၍ မရနိုင်တော့တဲ့ အခြေအနေတွေ ရှိခဲ့ပါတယ်။

အခုချိန်မှာ ရေလွှမ်းမိုးခံရတဲ့စပါးခင်းအများစုဟာ ရေပြန်ကျသွားပြီး ရေလွှမ်းမိုးမှုမှကင်းဝေးသွားပြီဖြစ်ပါတယ်။ ဆုံးရှုံးမှုအတိအကျကိုတော့ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုညှိနှိုင်းမှုအဖွဲ့တွေနဲ့ ကျေးရွာအုပ်စု ၁၄ စုမှာ တောင်သူတစ်ဦးချင်းအလိုက် စာရင်းများ လိုက်လံကောက်ယူနေတဲ့အတွက် ဘယ်လောက်ထိခိုက်တယ်၊ ဘယ်လောက်ဆုံးရှုံးတယ်ဆိုတာတော့ မပြောနိုင်သေးပါဘူး။ ထောက်ပံ့ပစ္စည်းတွေအနေနဲ့တော့ နိုဝင်ဘာ ၆ ရက်မှာ နိုင်ငံတော်အကြီးအကဲတွေကိုယ်တိုင် ဆုံးရှုံးသွားတဲ့တောင်သူတွေကို ထောက်ပံ့ပစ္စည်းတွေပေးအပ်မယ့်အစီအစဉ်ရှိပါတယ်။ နောက်ထပ်လည်း အခြားထောက်ပံ့ပစ္စည်းတွေ ထပ်မံပံ့ပိုးပေးမယ်လို့လည်း ကြားသိရပါတယ်။

ဒေါက်တာဒေါ်ခင်မေသွင် (ခရိုင်ကျန်းမာရေးဦးစီးမှူး၊ တောင်ငူခရိုင်)

ရေဘေးကယ်ဆယ်ရေးစခန်းတွေအားလုံးမှာ ဆေးခန်းတွေဖွင့်လှစ်ပြီး ဆရာဝန်တွေ၊ သူနာပြုတွေ၊ ကျန်းမာရေးမှူးတွေ၊ အမျိုးသမီးကျန်းမာရေးဆရာမတွေနဲ့ သားဖွားဆရာမတွေက ပြည်သူလူထုရဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။

ရေကြီးခြင်းကြောင့် နောက်ဆက်တွဲဖြစ်ပေါ်တတ်တဲ့ ကူးစက်ရောဂါတွေ မဖြစ်အောင်၊ နောက်ပြီး ရေပြန်ကျပြီးရင် တွေ့ကြုံရတတ်တဲ့ မြွေအန္တရာယ်ကင်းဝေးအောင် ရေဘေးကယ်ဆယ်ရေးစခန်းရှိ ပြည်သူတွေကို ကျန်းမာရေးအသိပညာပေးဟောပြောတာတွေကို နေ့စဉ်သွားရောက်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့အပြင် ရေလွှမ်းမိုးဒေသရှိ မပြောင်းရွှေ့တဲ့ ပြည်သူတွေကိုလည်း ကျန်းမာရေးအသိပညာပေးဟောပြောတာတွေ ဆောင်ရွက်ခဲ့ပါတယ်။

ရေဘေးကယ်ဆယ်ရေးစခန်းတွေရဲ့ ပတ်ဝန်းကျင်သန့်ရှင်းရေး ကောင်းမွန်ဖို့အတွက် သန့်ရှင်းတဲ့ယင်လုံအိမ်သာတွေဖြစ်ဖို့နဲ့ အမှိုက်တွေ စနစ်တကျစွန့်ပစ်ဖို့ ကြီးကြပ်ဆောင်ရွက်ခဲ့ပါတယ်။ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ရေဘေးကယ်ဆယ်ရေးစခန်းမှာ သားဖွားဆရာမ ဒေါ်နော်ကပေါ်ဖိုးက အောက်တိုဘာ ၃၁ ရက်တွင် မွေးလူနာတစ်ဦးအား အရေးပေါ်မွေးပေးခဲ့ရပြီး မိခင်နဲ့ကလေးကို တောင်ငူပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းပေးခဲ့ပါတယ်။ မြို့ပေါ်နဲ့ ကျေးလက်ဒေသတွေမှာရှိတဲ့ ရေဘေးသင့်ပြည်သူတွေအတွက် လိုအပ်တဲ့ဆေးဝါးတွေကို အခမဲ့ခွဲဝေထောက်ပံ့ပေးခဲ့ပါတယ်။

ကျွန်မတို့ ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့တွေအနေနဲ့ ကူးစက်ရောဂါတွေဖြစ်ပွားမှု မရှိစေဖို့ ကျန်းမာရေး ပညာပေးဟောပြောတာတွေ၊ ရေကိုကျိုချက်သောက်ဖို့၊ ယင်နားစာတွေမစားဖို့၊ တစ်ကိုယ်ရေသန့်ရှင်းဖို့ ပညာပေး ဆောင်ရွက်တာတွေ၊ မြွေအန္တရာယ်နဲ့ပတ်သက်လို့ ပညာပေးဆောင်ရွက်တာတွေ၊ သန့်ရှင်းတဲ့ သောက်သုံးရေရရှိရေးအတွက် ရပ်ကွက်နဲ့အုပ်ချုပ်ရေးမှူးတွေ၊ စည်ပင်သာယာရေးအဖွဲ့က ဝန်ထမ်းတွေနဲ့ ကျန်းမာရေးဝန်ထမ်းတွေ ပူးပေါင်းပြီး ရေမြုပ်ခဲ့တဲ့ ရေတွင်းတွေကို ရေစုပ်ထုတ်ပြီးတော့ ကလိုရင်းဆေးခတ်ပေးတာတွေကို ဆက်လက်ဆောင်ရွက်နေပါတယ်။

ဒါ့အပြင် ရေမြုပ်အိမ်သာတွေကို သန့်ရှင်းစေဖို့ ထုံးဖြူးတာတွေ၊ ဖိနှိုင်းဖျန်းဖို့ စည်းရုံးဆောင်ရွက်တာတွေ၊ ပျက်စီးအိမ်သာတွေကို သန့်ရှင်းတဲ့ ယင်လုံအိမ်သာအဖြစ် ပြုပြင်ဖို့စည်းရုံးဆောင်ရွက်တာတွေ၊ ကူးစက်ရောဂါ ဖြစ်ပွားမှုရှိ၊ မရှိစုံစမ်းထောက်လှမ်းတာတွေကိုလည်း ဆက်လက်ဆောင်ရွက်နေပါတယ်။

(ဆက်လက်ဖော်ပြပါမည်)



သွေးသည်အသက်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၄ (စက်မှုဇုန်-၂)၊ မြေကွက်အမှတ်(၆၈)၊ ဧရိယာဧက(၀. ၀၅၅)ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၆၈)၊ ချင်းတွင်းလမ်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အအုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးအေးလွင်[၁၂/တမန(နိုင်)၁၀၀၄၀၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်၍ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ထိုမြေကွက်အရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်သည့် ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထား(မူရင်းများ)ဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးအေးအောင် **(LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၃၂၂)
အမှတ်-၁၂၁၊ ဒုထပ်၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၆၉၁၅၉၊ ၀၁-၂၂၅၆၉၄၊ ၀၉-၇၃၀၄၅၆၈၇



ဆင်ရိုင်းကို ဆင်ဘေးမဲ့တောသို့ ပို့ဆောင်

ဘိုကလေး နိုဝင်ဘာ ၆

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့ သစ်တောဝင်းဆိပ်တံတားမှ ဖမ်းမိထားသော တောဆင်ရိုင်းတင်ဆောင်ရန်အတွက် ဘိုကလေးမြစ်ကူးတံတားဆိပ်သို့ နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းက ဆင်တင်ကားရောက်ရှိခဲ့သည်။

ထိုဆင်ရိုင်းကို ရတနာသစ်(၂)ဇက်ရေယာဉ်ပေါ်မှ ဆင်ယဉ်လေးကောင် အကူအညီဖြင့် ဆင်တင်ကားပေါ်သို့ တင်ဆောင်ရာတွင် ဖမ်းမိဆင်မှာ မာန်လျှော့၍ ဒီရေတောဘက်သို့ မျှော်ပြီး အော်ကာ ဆင်တင်ကားပေါ် မတက်သဖြင့် အကူဆင်များဖြင့် တွန်းထိုးပြီး ခက်ခက်ခဲခဲတင်ခဲ့ရသည်။ ဆင်ရိုင်းမှာ ရုန်းကန်ပြီး ဆင်တင်ကားမှ အကာအရံသစ်များကို နှာမောင်းဖြင့် တွန်းထိုးဖျက်ဆီးသဖြင့် ဆင်ဆရာဝန်များက ငြိမ်ဆေးသုံးကြိမ်ထိုးပေးပြီးနောက် ငြိမ်သက်သွားခဲ့သည်။ ထိုဆင်ရိုင်းဖမ်းပွဲတွင် မြို့နေပြည်သူအများအပြား လာရောက်ကြည့်ရှုကြသည်။ **(အောက်ပုံ)**

ကွန်ကျည်ဆင်ခေါ် ဖမ်းဆင်ဖြစ်သည့် ရွှေတိုးဝင်းကို မူလနေရာဖြစ်သော သာယာဝတီသို့ ပို့ဆောင်ပေးမည်ဖြစ်ပြီး ကိုးပေခွဲအမြင့်ရှိ ဖမ်းမိဆင်ရိုင်းကို မြောက်ဇာမရိဆင်ဘေးမဲ့တောသို့ ပို့ဆောင်ရန်ဆင်တင်ကားဖြင့် ဆင်ဖမ်းချောင်းအုပ် မန်းဝင်းသရောဝင်းထိန် ဆင်ဖမ်းသက် ၃၇ နှစ်ရှိသူနှင့် ကျွမ်းကျင်ယာဉ်မောင်း ဦးမြဝင်းတို့ဦးစီးပြီး ဘိုကလေးမြို့မှ ထွက်ခွာသွားကြောင်း သိရသည်။ **(ဌေးနိုင်-ဘိုကလေး)**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ လှုံ့ဆော်ရေး မြေစိုက်ပိုစတာ ဇီးကွက်နှစ်ကောင် (ရုပ်လုံးကြွ) ပုံအား နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် (ပျဉ်းမနား -တောင်ညိုလမ်း) သပြေကုန်းအဝိုင်း၌ နိုဝင်ဘာ ၅ ရက် က တွေ့ရစဉ်။ *မင်းမင်းလတ်(မန်းတက္ကသိုလ်)*

စစ်တောင်းမြစ်ကမ်းပါးပြို၍ နေအိမ်များရွှေ့ပြောင်း

ရေတာရှည် နိုဝင်ဘာ ၆

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း စစ်တောင်းမြစ်ရေပြန်လည်ကျဆင်းခဲ့ပြီးနောက် ဆွာမြို့ အရှေ့ဘက်လေးမိုင်ခန့်အကွာ ရွှေကဇောင်းကျေးရွာတွင် မြစ်ကမ်းပါးများ ပြိုကျ၍ နေအိမ်များရွှေ့ပြောင်းလျက်ရှိကြောင်း သိရသည်။

မြစ်ရေ ဦးတိုက်ကျနေသည့် အဆိုပါကျေးရွာသည် စစ်တောင်းမြစ်ရေမြင့်တက်စဉ် နေအိမ်ကိုးလုံး ရွှေ့ပြောင်းခဲ့ပြီး သုံးပင်ပတ်လည် လူနေအိမ်နှစ်လုံး ရေစီးမျောပါသွားခဲ့ကြောင်း ဒေသခံ ဦးမောင်လေးက ပြောပြသည်။ "ရေတက်တာ တအားမြန်တယ်၊ အစက ကျွန်တော့်ဒူးလောက်ပဲရှိသေးတယ်။ ခဏကြာတော့ ပေါင်လယ်လောက်ရောက်လာတာ၊ ကိုယ့်အိမ်က မြစ်ကမ်းဘေးမှာဆိုတော့ မနေရဲဘူး။ သယ်စရာရှိတာသယ်ပြီး တမံတောင်ဘက်ကို ညတွင်းချင်းပြေးရတာ"ဟု ဦးမောင်လေးကပင် ဆက်လက်ပြောပြသည်။ ယခုလက်ရှိ ရေတားတမံ မြောက်ဘက်ခြမ်းတွင် အိမ်ခြေ ၁၅၀ ခန့်ရှိပြီး နေ့ရောညပါ ကမ်းပါးများဆက်တိုက်ပြိုကျနေသဖြင့် လူနေအိမ် ၁၄ လုံးကို ရက်ပိုင်းအတွင်း ရွှေ့ပြောင်းခဲ့ရသည်ဟု သိရသည်။ "နေစရာက မရှိကြဘူးဗျာ၊ မြေလည်း မဝယ်နိုင်တော့ ရေလွတ်တဲ့နေရာလေးတွေမှာ ပြောဆိုပြီးတော့ ဖြစ်သလိုနေကြရတာပဲ"ဟု ဦးဘိုတူးက ပြောပြသည်။ မြစ်ရေကျပြီးနောက် ကမ်းပါးပြိုကျမှုမှာ ပေ ၄၀ ခန့်ရှိပြီး နေအိမ်များ ဆက်လက်ရွှေ့ပြောင်းရဖွယ်ရှိနေခြင်းကြောင့် အခက်အခဲများ ကြုံတွေ့နေရကြောင်း သိရသည်။

ကိုလွင်(ဆွာ)

မြေညီတိုက်ခန်းရောင်းရန်ရှိသည်
အမြင့် ၁၆ပေ၊ အကျယ် ၂၃ပေ × ၃၅ပေ၊ အထက်ဗဟို လမ်းမပေါ် မုဒိတာအိမ်ရာအနီး၊ မရမ်းကုန်းမြို့နယ်။
ဆက်သွယ်ရန်-
၀၁-၉၆၆၂၉၇၅၊ ၀၉-၇၃၁၅၂၇၆၂

အလှူကြိုက်သူများအတွက်
ကိုယ်လုံးလှ၊ ဘောင်းဘီ၊ မုန့်ဟင်းခါး၊ ရင်စည်း၊ ကော့ဆက်၊ မိုက်ချပ်စကတ်နှင့် မိခင်လောင်းဝတ် မိုက်စည်းပုံစံမျိုးစုံ အထူးချုပ်သည်။ နယ်မှမှာလိုသူများ ကိုယ်တိုင်ပေးလျှင် ပို့ပေးသည်။
နေသဇင်
အမှတ်(၉)၊ နောင်ရိုးလမ်း၊ မဆလာစက်မှတ်တိုင်ဘေးလမ်း၊ သိမ်ဖြူကွင်းအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၉၈၅၀၂၊ ၀၉-၇၃၀၈၄၄၉၅

ကမ္ဘာ့ထိပ်တန်း အမေရိကန်တက္ကသိုလ်များသို့ သွားရောက်ပညာသင်ယူလိုသူများအတွက်...
AT&S

Chubbsafes
Trusted the world over.
GUNNEBO
For a safer world
Contact Details

နည်းပညာသတင်း » TIKILA

စက်ရုပ်စနစ် 4.3 Jelly Bean ဗြိတိန်နိုင်ငံ Samsung ဖုန်းများသို့ စတင်ရောက်ရှိ

စက်ရုပ်လည်ပတ်မှုစနစ် Android OS 4.3 Jelly Bean စနစ်သစ်ကို ဗြိတိန်နိုင်ငံရှိ Samsung Galaxy S4 ဟန်းဆက်များသို့ စတင်ရောက်ရှိပြီဖြစ်ကြောင်း ဗြိတိန်နိုင်ငံရှိ နည်းပညာစာမျက်နှာများတွင် အများအပြားတွေ့ရသည်။ ယင်းစက်ရုပ်လည်ပတ်မှုစနစ်သစ်ကို Samsung ၏ အဆင့်မြင့် ဟန်းဆက်များတွင် အဆင့်ပြန်လည်မြှင့်တင်ရန်အတွက် အင်တာနက်လိုင်းရှိနေရန်လိုအပ်ပြီး အဆိုပါအင်တာနက်လိုင်းနှင့်ချိတ်ဆက်ကာ အလိုအလျောက် နည်းပညာပိုင်းဆိုင်ရာ အဆင့်မြှင့်တင်နိုင်မည်ဟုသိရသည်။ အဆိုပါစက်ရုပ်လည်ပတ်မှုစနစ်သစ်ကို Samsung ၏ Galaxy S4 စီးရီးများအပြင် Galaxy Note 3 နှင့် Galaxy Gear တို့တွင်ပါ ထပ်မံအဆင့်မြှင့်တင်ထည့်သွင်းနိုင်ပြီဖြစ်ကြောင်း နည်းပညာစာမျက်နှာများတွင် တွေ့ရှိရသည်။ အဆိုပါ စက်ရုပ်လည်ပတ်မှုစနစ်အဆင့်မြှင့်တင်မှုပြီးစီးပါက ယခင်က ထည့်သွင်းအသုံးပြုခွင့်မရနိုင်ခဲ့သော Mobile App အသစ်များကို ထည့်သွင်းအသုံးပြုသွားနိုင်တော့မည်ဖြစ်သည်ဟု သိရသည်။ ရွေ့ပြေးနည်းပညာအသစ်များကို အဆိုပါစက်ရုပ်လည်ပတ်မှုစနစ်တွင် အသုံးပြုနိုင်ရန်ထည့်သွင်းပေးထားပြီး ကင်မရာပိုင်းဆိုင်ရာစနစ်နှင့် ချိတ်ဆက်အသုံးပြုနိုင်သော နည်းပညာစနစ်အသစ်များ၊ ဖုန်းခေါ်ဆိုမှု၊ ဖုန်းလက်ခံပြောဆိုနိုင်မှုဆိုင်ရာ နည်းပညာအသစ်များနှင့် အခြားဖျော်ဖြေရေးဆိုင်ရာ နည်းပညာအသစ်များစွာကို Samsung ၏နောက်ဆုံးထွက် Galaxy စီးရီးများတွင် အခမဲ့ရယူအသုံးပြုနိုင်တော့မည်ဖြစ်သည်ဟု သိရသည်။ အဆိုပါစက်ရုပ်လည်ပတ်မှုစနစ်အတွက် အခြား အပိုဝန်ဆောင်ခများစွာပေးဆောင်ရန်မလိုဘဲ Samsung ၏ နောက်ဆုံးထွက် Galaxy စီးရီးဟန်းဆက်တစ်လုံးရှိရုံမျှဖြင့် အင်တာနက်လိုင်းနှင့် ချိတ်ဆက်ကာ ယင်းစက်ရုပ်လည်ပတ်မှုစနစ် Android OS 4.3 Jelly Bean စနစ်သစ်ကို ရယူအသုံးပြုနိုင်တော့မည်ဖြစ်သည်ဟု သိရသည်။ ။

မိဘစိတ်တိုင်းကျ သမီးအလိမ္မာလေးဖြစ်အောင် ကြိုးစားမည့် ဆီလီနာဂိုမက်ဇ်

မျိုးစန္ဒာမောင်
စုစည်းရေးသားသည်

ဆယ်ကျော်သက်အဆိုတော် ဆီလီနာဂိုမက်ဇ်က ၎င်းသည် အချစ်ရေးကိစ္စနှင့်ပတ်သက်ပြီး ရိုင်းစိုင်းသော မိန်းကလေးတစ်ယောက်အဖြစ်သို့ မည်သည့်အကြောင်းကြောင့်မျှ အရောက်ခံမည်မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဂိုမက်ဇ်သည် ယခုနှစ်အစောပိုင်းက ပေါ့ပ်ကြယ်ပွင့် ဂျက်စတင်ဘီဘာနှင့် လမ်းခွဲခြင်းကိစ္စများရှိခဲ့သော်လည်း ပြောမရဆိုမရပုံစံမျိုးဖြင့် ရူးမိုက်လောက်အောင် မဖြစ်ခဲ့ပါကြောင်း၊ သွက်လက်တက်ကြွစွာ နေတတ်ခြင်းသည် သူ၏ နဂိုဗီဇအတိုင်းသာဖြစ်ကြောင်းနှင့် အချစ်ကိစ္စနှင့်မသက်ဆိုင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

"ကိုယ့်ကိုယ်ကိုယ် အများကြီးပြင်ဆင်ဖို့နဲ့ အများကြီးသင်ယူရပါဦးမယ်။ မိဘတွေဖြစ်စေချင်တဲ့ သမီးအလိမ္မာလေး ဖြစ်အောင် ကြိုးစားသွားပါ့မယ်" ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

ဒိုင်ယာနာဇာတ်ကားဖြင့် အကယ်ဒမီဆုမှန်းထားသူ နာအိုမီဝက်ဇ်

ကမ္ဘာကျော်မင်းသမီး ဒိုင်ယာနာ၏ အတ္ထုပ္ပတ္တိကို ရုပ်ရှင်ဇာတ်ကားအဖြစ် ပြန်လည်ပုံဖော်ထားသည့် Diana ဇာတ်ကားတွင် ဗြိတိသျှ-ဩစတြေးလျ ကပြားမင်းသမီး နာအိုမီဝက်ဇ်က အဓိကသရုပ်ဆောင်အဖြစ် ပါဝင်ပံ့ပိုးထားပြီး ယင်းဇာတ်ကားဖြင့် အကယ်ဒမီဆုကို မျှော်မှန်းထားကြောင်း လည်း သိရသည်။ အဆိုပါဇာတ်ကားသည် ဒိုင်ယာနာမင်းသမီးနှင့် နှလုံးခွဲစိတ်ဆရာဝန် Hasnat Khan နှင့် ပတ်သက်သည့် အကြောင်းအရာများကို အဓိကထားရိုက်ကူးထားသော ဇာတ်ကားတစ်ကားဖြစ်ကြောင်း သိရသည်။

Diana ဒရာမာဇာတ်ကားကို စက်တင်ဘာလအတွင်းက ဗြိတိန်တွင် ပြသခဲ့ရာ တစ်ကမ္ဘာလုံး အတိုင်းအတာအနေဖြင့် စတာလင်ပေါင် ၄ ဒသမ ၅ သန်းရရှိခဲ့ပြီး အမေရိကန်နိုင်ငံ၌လည်း စတင်ပြသသည့် ပထမဆုံးရက်သတ္တပတ်မှာပင် ပရိသတ်အားပေးမှုအထူးရရှိခဲ့ကြောင်း သိရသည်။

စီးရီးအေ ရင်ခုန်သံ-၁၂

ရှိုင်းမင်းမင်း

ဒီတစ်ပတ်စီးရီးအေပွဲစဉ်(၁၂)မှာ ဂျူဗင်တပ်နဲ့ နာပိုလီ တွေ့တဲ့ပွဲပါတယ်။ ပြီးခဲ့တဲ့ပွဲစဉ် (၁၁)တုန်းက ရိုးမားကလည်း တိုရီနိုနဲ့သရေကျပြီးအမှတ်လျော့သွားလို့ ဒီပွဲစဉ်မှာ အမှတ်ပြည့်ရအောင် အားစိုက်လာမယ့်အချက်လည်းရှိတယ်။ ဒါကြောင့် စီးရီးအေပွဲစဉ်(၁၂)မှာ ဂျူဗင်တပ်၊ နာပိုလီ၊ ရိုးမားတို့ရဲ့ ရုန်းအားနဲ့ ယှဉ်ပြိုင်လာမယ့်သဘောရှိတယ်။

အင်တာမီလန် - လီဗော်နို — နံနက် ၂း၁၅ (၁၀-၁၁-၂၀၁၃)

အင်တာမီလန်ခြေပြန်ငြိမ်လာတယ်။ နောက်ဆုံးလေးပွဲဆက်မရှုံးဘူး။ အိမ်ကွင်းမှာ တိုက်စစ်ကစားပုံအနည်းငယ်အားပျော့လေ့ရှိပေမယ့် လီဗော်နို အဝေးကွင်းခြေအားနည်းတယ်။ အဝေးကွင်းငါးပွဲမှာတစ်ပွဲပဲနိုင်တယ်။ ဒီတော့ အင်တာရဲ့ဖိအားပေးမှုကို ရေရှည်ထိန်းဖို့မလွယ်လောက်ဘူး။ အင်တာနိုင်သွားဖို့ရှိတယ်။

ကယ်ဂလီယာရီ - တိုရီနို — ည ၈း၃၀ (၁၀-၁၁-၂၀၁၃)

ကယ်ဂလီယာရီကအိမ်ကွင်းကစားပုံမဆိုးဘူး။ အိမ်ကွင်းငါးပွဲမှာတစ်ပွဲတည်းရှုံးတယ်။ တိုရီနိုက ရိုးမားကိုသရေကစားခဲ့တာမှန်ပေမယ့် ခြေတည်ငြိမ်မှုအားနည်းသလို အဝေးကွင်းမှာဆိုရင်လည်း ခြေကပိုပြီးကျဆင်းတတ်တယ်။ ကယ်ဂလီယာရီနိုင်ခြေရှိပြီး သွင်းဂိုးနည်းမယ်။

ချီယေဗို - အေစီမီလန် — ည ၈း၃၀ (၁၀-၁၁-၂၀၁၃)

အေစီမီလန်ရဲ့ခြေကလုံးဝမတည်ငြိမ်သေးဘူး။ ချန်ပီယံလိဂ်ကစားခဲ့ရမှာဆိုတော့ ပွဲပန်းမှုလည်းရှိလာနိုင်တယ်။ ဒါပေမယ့် ချီယေဗိုက ဇယားအောက်ဆုံးရောက်နေပြီ။ခြေစွမ်းပိုင်းကအားနည်းလွန်းတယ်။ ကစားပြီးသမျှပွဲတွေမှာ တစ်ပွဲသာနိုင်တယ်။ ဒါကြောင့် အေစီမီလန်ရှုံးကန်ရဖို့မရှိဘဲ ကပ်ပြီးအနိုင်ရနိုင်တယ်။

ပါးမား - လာဇီယို — ည ၈း၃၀ (၁၀-၁၁-၂၀၁၃)

ဒီပွဲမှာ သတိပြုရမှာက လာဇီယိုရဲ့အနေအထားပဲ။ အထူးသဖြင့် အဝေးကွင်းငါးပွဲကစားခဲ့ရာမှာ နိုင်ပွဲမရှိဘဲ ၁၁ ဂိုးအထိပေးထားရတဲ့ခံစစ်က တည်ငြိမ်မှုမရှိဘူး။ ယူရိုပါလိဂ်ကစားခဲ့ရလို့ ပွဲလည်းပန်းလာနိုင်တယ်။ ဒါကြောင့် ပါးမားက ခြေသာမန်သာရှိပေမယ့် ဖိအားပေးသွားဖို့ရှိတယ်။

ရိုးမား - ဆာစူအိုလို — ည ၈း၃၀ (၁၀-၁၁-၂၀၁၃)

ဂျူဗင်တပ်နဲ့ နာပိုလီဆုံနေချိန်မှာ ရိုးမားအနေနဲ့ဒီပွဲကို မဖြစ်မနေအနိုင်ကစားမှာပါ။ အိမ်ကွင်းဖြစ်တဲ့အပြင် ခြေလည်းကွာပါတယ်။ အထူးသဖြင့် တိုရီနိုနဲ့ သရေကျခဲ့လို့ လျော့ခဲ့ရတဲ့အမှတ်ကို ရိုးမားတို့ ဒီပွဲမှာအမှားမခံဘဲ အနိုင်ရယူသွားဖို့ရှိတယ်။ ရိုးမားနဲ့ သွင်းဂိုးအများကိုပဲ ရွေးချယ်ရမယ်။

ဖီအိုရင်တီးနား - ဆမ်ဒိုးရီးယား — နံနက် ၂း၁၅ (၁၁-၁၁-၂၀၁၃)

ယူရိုပါလိဂ်ကစားခဲ့ရတဲ့ ဖီအိုရင်တီးနားပွဲပန်းလာနိုင်တာမှန်ပေမယ့် လက်ရှိခြေကတည်ငြိမ်မှုရှိတယ်။ အထူးသဖြင့် အိမ်ကွင်းမှာအရှုံးတစ်ပွဲသာရှိတဲ့ ကစားအားက ကောင်းမွန်တယ်။ ဆမ်ဒိုးရီးယားက အဝေးကွင်းအားနည်းခဲ့သလို နှစ်ပွဲဆက်အရှုံးနဲ့ခြေကျနေချိန်ဖြစ်လို့ ဖီအိုရင်တီးနားကိုပဲနှစ်သက်တယ်။

ဂျူဗင်တပ် - နာပိုလီ — နံနက် ၂း၁၅ (၁၁-၁၁-၂၀၁၃)

နှစ်သင်းစလုံး ချန်ပီယံလိဂ်ကြောင့် ပွဲပန်းလာဖို့ရှိတယ်။ လက်ရှိခြေကလည်း တည်ငြိမ်ပုံချင်းမကွာဘူး။ စုဖွဲ့မှုမှာ နာပိုလီက အနည်းငယ်သာသယောင်ရှိပေမယ့် အိမ်ကွင်း ပွဲတိုင်းနိုင်ထားတဲ့ ဂျူဗင်တပ်ရဲ့ကစားအားကိုလည်း သတိပြုရမယ်။ အိမ်ကွင်းမှာ ဂျူဗင်တပ်တို့ အနိမ့်ဆုံးသရေလောက်ရဖို့ရှိတယ်။

မန်စီးတီးအသင်းနှင့် CSKA မော်စကိုအသင်းတို့ ချန်ပီယံလိဂ် အုပ်စုပွဲစဉ်(၄)အဖြစ် နိုဝင်ဘာ ၆ ရက်နံနက်ပိုင်းတွင် မန်စီးတီးအသင်း၏ အိမ်ကွင်းအီတီဟတ်ဒ်၌ ယှဉ်ပြိုင်ကစားခဲ့ရာ နီဂရီဒို၏ ဟက်ထရစ်ဂိုးအပါအဝင် ငါးဂိုး-နှစ်ဂိုးဖြင့် မန်စီးတီးအသင်းက အနိုင်ရရှိခဲ့ခြင်းကြောင့် ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ရှုံး/ထွက်ပြိုင်ပွဲသို့ တက်လှမ်းမည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိလာပြီဖြစ်သည်။

မန်စီးတီးအသင်းနှင့် CSKA မော်စကိုအသင်းတို့၏ ချန်ပီယံလိဂ်ပွဲစဉ်(၄)တွင် မန်စီးတီးအသင်းအတွက် သွင်းဂိုးများကို အာဂျင်တီးနားတိုက်စစ်မှူးအဂူရို၏ ပွဲစပြီး ၃ မိနစ်တွင် သွင်းယူခဲ့သည့် ပင်နယ်တီသွင်းဂိုးနှင့် မိနစ် ၂၀ တွင် သွင်းယူပေးခဲ့သည့် သွင်းဂိုးတို့အပါအဝင် တိုက်စစ်မှူးနီဂရီဒို၏ မိနစ် ၃၀၊ ၅၁ မိနစ်နှင့် မိနစ် ၉၀ တို့တွင် သွင်းယူပေးခဲ့သည့် ဟက်ထရစ်ဂိုးတို့ဖြင့် CSKA မော်စကိုအသင်းအား ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် လေးပွဲကစားအပြီးတွင် သုံးပွဲနိုင်၊ ရမှတ်ကိုးမှတ်ဖြင့် အုပ်စု(D)တွင် ဘိုင်ယန်မြူးနစ်အောက် သုံးမှတ်အကွာဖြင့် ဒုတိယနေရာတွင် ရပ်တည်ခဲ့သည်။

တိုက်စစ်မှူးအဂူရိုသည် မန်စီးတီးအသင်း၏ ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၄)တွင် သွင်းဂိုးနှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သဖြင့် ၎င်း၏ ချန်ပီယံလိဂ်ပြိုင်ပွဲများတွင် သွင်းယူခဲ့သည့် သွင်းဂိုးခုနစ်ဂိုးအထိရှိလာခဲ့ပြီး နောက်ဆုံးကိုးပွဲကစားခဲ့ရာတွင် ၁၂ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သည့် တိုက်စစ်မှူးတစ်ဦးဖြစ်လာခဲ့သည်။

ဂါရတ်ဘေးလ် ချန်ပီယံလိဂ်ပထမဆုံးဂိုးသွင်းယူ

ငွေကြယ်

အုပ်စုအဆင့်၌ နစ္စတယ်ရိုင်းကဲ့သို့ ရှစ်ဂိုးအထိသွင်းယူနိုင်သူ စီရိုနယ်လ်ဒိုဖြစ်လာ

ဂျူဗင်တပ်နှင့် ရီးယဲလ်တို့ ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်တွင် ဂါရတ်ဘေးလ်သည် ရီးယဲလ်အတွက် တစ်ဂိုးသွင်းယူပေးခဲ့ရာ ၂၀၁၀ ခုနှစ် အောက်တိုဘာ ၂၀ ရက်က ဆန်စီရို၌ အင်တာမီလန်အသင်းအား စပါးအသင်းက လေးဂိုး-သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် စပါးအသင်းအတွက် ဟက်ထရစ်ဂိုးသွင်းယူပေးခဲ့ပြီးနောက် ယခုသွင်းဂိုးသည် ၎င်း၏ ချန်ပီယံလိဂ်ပထမဆုံးသွင်းဂိုးဖြစ်လာခဲ့သည်။

ဂျူဗင်တပ်အသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့၏ပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်နောက်ခံလူ ဗာရာနီ၏ ကြမ်းတမ်းစွာကစားခဲ့မှုကြောင့် ပထမပိုင်း ၄၂ မိနစ်တွင် ဗီဒယ်၏ ပင်နယ်တီသွင်းဂိုးကို ခွင့်ပြုပေးလိုက်ရသဖြင့် ဂျူဗင်တပ်၏ အိမ်ကွင်း၌ ပထမပိုင်းတွင် ရီးယဲလ်မက်ဒရစ်အသင်း တစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်နေခဲ့သော်လည်း ဒုတိယပိုင်း ၅၂ မိနစ်တွင် စီရိုနယ်လ်ဒိုက ချေပဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ထို့ကြောင့် စီရိုနယ်လ်ဒိုသည် ယခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုအဆင့်လေးပွဲကစားအပြီးတွင် ရှစ်ဂိုးအထိ သွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် ချန်ပီယံလိဂ် သမိုင်းတစ်လျှောက် အုပ်စုအဆင့်၌ ရှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည့် ဗန်နစ္စတယ်ရိုင်း၊ ဟာနန်ခရက်စပိုနှင့် အင်ဇာဂီတို့ကဲ့သို့ မှတ်တမ်းဝင်သည့် ကစားသမား ဖြစ်လာခဲ့သည်။

ယင်းပွဲစဉ်တွင် စီရိုနယ်လ်ဒိုသည် ရီးယဲလ်မက်ဒရစ်အတွက် ချေပဂိုးတစ်ဂိုးသွင်းယူပေးခဲ့ပြီး ဂါရတ်ဘေးလ် ဂိုးသွင်းယူနိုင်ရေးအတွက်လည်း ဖန်တီးပေးနိုင်ခဲ့သည်။ ယင်းသွင်းဂိုးကြောင့် ရီးယဲလ်မက်ဒရစ် နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်ခဲ့သော်လည်း ၆၅ မိနစ်တွင် ဂျူဗင်တပ်တိုက်စစ်မှူး လော်ရန်တီ၏သွင်းဂိုးကို ခွင့်ပြုပေးလိုက်ရသဖြင့် တစ်ဖက်နှစ်ဂိုးစီ သရေပွဲဖြစ်ကာ ရီးယဲလ်မက်ဒရစ် ရမှတ် ၁၀ မှတ်ဖြင့် ၁၆ သင်းအဆင့်သို့ တက်လှမ်းရန် အသင့်ဖြစ်နေခဲ့ပြီဖြစ်သည်။

ပညာရေးတက္ကသိုလ်(၁၉၇၄-၇၉)
သူငယ်ချင်းများ၏ စတုတ္ထအကြိမ် ဘုံကထိန်ပွဲဖိတ်ကြားလွှာ

ပညာရေးတက္ကသိုလ်(B.Ed) ၁၉၇၄-၇၉သူငယ်ချင်းများ၏ စုပေါင်းဘုံကထိန်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ မပျက်မကွက်ကြွရောက်ကြပါရန် ခင်မင်ရင်းနှီးစွာ စေတနာရှေ့ထား ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ - ၂၀၁၃ခုနှစ်၊ နိုဝင်ဘာလ ၁၀ရက်(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန်-နံနက်၉နာရီ
ကျင်းပမည့်နေရာ-ဇမ္ဗူရတနာကျောင်း၊ ဂန္ဓမာလမ်း၊ ရွာသစ်၊ ထောက်ကြန့်၊ မင်္ဂလာဒုံမြို့နယ်။

စုရပ်၊ [ကိုနေဝင်းသော်၊ မခင်ချိုချိုတို့နေအိမ်၊ ၂၉၊ အခန်း(၆၀၁)၊ ရှိုင်းတာဝါ၊ ဂျိုးဖြူလမ်း၊ အောင်ဆန်းကွင်းအနီး]နံနက်(၆)နာရီ အရောက်လာခဲ့ကြပါ။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၀၊ မြေကွက်အမှတ်-၁၁၉၀/ခ၊ (အလျားပေ၂၀×အနံပေ၆၀)အကျယ်အဝန်းရှိ နှစ်(၆၀) ဂရန်မြေကွက်ဟုခေါ်တွင်သော ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၀)ရပ်ကွက်၊ လှော်ကားလမ်း၊ အမှတ်-၁၁၉၀/ခ မြေကွက်နှင့် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မြေတိုင်းရပ်ကွက်အမှတ်-၇၀၊ မြေကွက်အမှတ်-၁၁၈၁/က(အလျားပေ၂၀×အနံပေ၆၀) အကျယ်အဝန်းရှိ ဦးမြတ်သွင်အမည်ပေါက် ပါမစ်မြေအမျိုးအစား မြေကွက်ဟုခေါ်တွင်သော ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၀)ရပ်ကွက်၊ ဆုထူးပန်လမ်း၊ အမှတ်-၁၁၈၁/က တစ်ဆက်တည်းရှိသော(၂)ကွက်တွဲ မြေကွက်များအပါအဝင် ယင်းမြေကွက်များပေါ်ရှိ နေအိမ် အဆောက်အအုံများတို့နှင့်အတူ အကျိုးခံစား ခွင့်အရပ်ရပ်တို့အား မိမိကိုယ်တိုင် စီမံခန့်ခွဲရောင်းချ ပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူဦးဇော်လင်း [၉/လဝန(နိုင်)၀၀၅၂၄၉]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်များနှင့် နေအိမ်အဆောက်အအုံများတို့၏ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ မြေကွက်များနှင့် နေအိမ်အဆောက်အအုံများတို့၏ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမောင်မောင်သူရ(မြောင်းမြ)	ဦးဇေယျာထွန်း(စဥ်-၂၅၇၈၅)
LL.B,A.G.T.I(EP), D.B.L.D.M.L	**LL.B,WIPO (SWITZERLAND)**
WIPO (SWITZERLAND)	ဦးစိုးလွင်ဦး(စဥ်-၃၇၉၈၁)
တရားလွှတ်တော်ရှေ့နေ(၈၁၀၈)	**LL.B,WIPO (SWITZERLAND)**
ဘဏ်ရှေ့နေနှင့်ဥပဒေအကြံပေး	အထက်တန်းရှေ့နေများ

အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉၅၁၈၄၀၄၂၊ ၀၉-၃၁၁၆၇၀၈၆၊ ၀၉၇၃၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁

ကျေးဇူးဆပ်ပါမည်

ကျွန်တော်ကိုအောင်စိုး [၆/မအရ(နိုင်)၀၂၈၃၄၃]၏ နိုင်ငံကူးလက်မှတ်မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူမှ အကြောင်းကြားပေးပါရန်။

ဖုန်း ၀၉-၂၅၀၂၆၅၅၇၈

စကားမပြောတတ်သည့် မိန်ကလေးငယ်အား မိဘများထံ ပြန်လည်အပ်နှံ

မှော်ဘီ နိုဝင်ဘာ ၆

နိုဝင်ဘာ ၄ ရက်ညပိုင်းက ရန်ကုန်မှ ပြည်ဘက်သို့မောင်းနှင်လာသည့် လက်ပံတန်း-ရန်ကုန်ခရီးသည်တင် န/---- ဟိုင်းလတ် အဖြူရောင် ယာဉ်ပေါ်ပါ မိန်းကလေးငယ်တစ်ဦးအား နိုဝင်ဘာ ၅ ရက်တွင် မှော်ဘီမြို့မရဲစခန်းမှ တာဝန်ရှိသူများ ရှေ့မှောက်၌ မိန်းကလေးငယ်၏ မိဘများထံ ပြန်လည်အပ်နှံပေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၄ ရက် ည ၈ နာရီက ရန်ကုန်မှ ပြည်ဘက်သို့ မောင်းနှင်လာသော န/---ဟိုင်းလတ် အဖြူရောင်လက်ပံတန်း-ရန်ကုန်ခရီးသည်တင်ယာဉ်ပေါ်၌ အသက်(၇)နှစ်ခန့်အရွယ် စကားမပြောတတ်သည့် မိန်းကလေးငယ်တစ်ဦးမှာ အုပ်ထိန်းသူမပါဘဲ ငိုကြွေးနေကြောင်း မှော်ဘီမြို့နယ် ဆပ်သွားတောကျေးရွာ စမ်းချောင်းပေါက်မှတ်တိုင်အရောက်တွင် သိရှိရသဖြင့် ယာဉ်မောင်း ဦးအောင်ကျော်လင်းက အဆိုပါ မိန်းကလေးအား မှော်ဘီမြို့မရဲစခန်းသို့ လာရောက်အပ်နှံရာ အခြားတိုင်းဒေသကြီး/ပြည်နယ်များရှိ ရဲစခန်းများသို့ ဆက်သွယ်စုံစမ်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့် စပ်လျဉ်း၍ မှော်ဘီမြို့မရဲစခန်းက လာရောက်အပ်နှံထားသည့် မိန်ကလေးငယ်၏ မိဘများဖြစ်သော ဦးအောင်ဌေး-ဒေါ်မိနွယ်တို့ထံ ပြန်လည်အပ်နှံခဲ့ကြောင်း သိရသည်။ **(ဝ၄ဝ)**

ပုဇွန်တောင်မြို့နယ်မှ သိန်း ၁၀၀၀ ကျော်ခိုးယူသူ သုံးဦးအား နာရီပိုင်းအတွင်းဖမ်းဆီးရမိ

ရန်ကုန် နိုဝင်ဘာ ၆

ပုဇွန်တောင်မြို့နယ်မှ သိန်း ၁၀၀၀ ကျော်ခိုးယူသူ သုံးဦးအား နာရီပိုင်းအတွင်းဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၅ ရက် နံနက် ၄ နာရီခွဲတွင် ပုဇွန်တောင်မြို့နယ် အမှတ်(၇)ရပ်ကွက်နေ ဦးမောင်ကျော်သည် အိပ်ရာမှထစဉ် နေအိမ်နောက်ဖေးတံခါးပွင့်နေပြီး ပစ္စည်းများပြန့်ကျဲနေသဖြင့် စစ်ဆေးရာ အိပ်ခန်းအတွင်းရှိ သံသေတ္တာအတွင်းထားရှိသော လက်ဝတ်ရတနာပစ္စည်းမျိုးစုံ ၂၇ မျိုး၊ ငွေကျပ်သိန်း ၁၀၀ နှင့်ဆင်းကတ်ပါလက်ကိုင်ဖုန်း တစ်လုံး စုစုပေါင်း ၂၉ မျိုး(ကာလတန်ဖိုးငွေကျပ်သိန်း ၁၁၀၀) ခန့်မှာ ပျောက်ဆုံးနေသည်ကို တွေ့ရှိ၍ ခိုးယူသူအားစုံစမ်းဖော်ထုတ် အရေးယူပေးရန်တိုင်တန်းသဖြင့် ပုဇွန်တောင်မြို့မရဲစခန်းက (ပ)၂၄၀/၂၀၁၃၊ ပုဒ်မ ၃၈၀ ဖြင့် အမှုဖွင့်ပြီး ခိုးယူသူအား ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်ခဲ့သည်။

ထိုသို့ စုံစမ်းဆောင်ရွက်စဉ် တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးချက်အရ မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင် ပုဇွန်တောင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ပုဇွန်တောင်မြို့နယ် (၂)ရပ်ကွက် အနော်ရထာလမ်း Ocean ကားမှတ်တိုင်အနီးတွင် ခိုးယူသွားသူများဖြစ်ကြသည့် ထိန်လင်း သာကေတမြို့နယ်၊ ကျော်ဆန်းဦး(ခ)ပေါက်စ ဒေါပုံမြို့နယ်နေသူနှင့် စိုးမင်းထွေး ဖောင်းတူမြို့နယ် ပဲခူးတိုင်းဒေသကြီးနေသူတို့ သုံးဦးအား ပျောက်ဆုံးပစ္စည်း ၂၉ မျိုးအနက် ပစ္စည်း ၂၄ မျိုးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ကျန်သက်သေခံပစ္စည်းများ သိမ်းဆည်းနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ **(စိုးဝင်း-MLA)**

နွားပို့သူဒဏ်ရာများဖြင့် သေဆုံး

မိတ္ထီလာ နိုဝင်ဘာ ၆

မိတ္ထီလာမြို့နယ် ကျွန်းဖိုပင်အုပ်စု ကျွန်းဖိုပင်ကျေးရွာနေ မောင်ဇော်ထွန်း(၃၆)နှစ်သည် အောက်တိုဘာ ၁၄ ရက် ညနေ ၅ နာရီတွင် ဟံဇားရွာနေ ကိုနန်းတင် မိတ္ထီလာဈေးမှ ဝယ်ယူခဲ့သော ဂျီထောင်နွားမ ဝါညိုအရောင်အား နွားမောင်းပို့ခ ကျပ် ၅၀၀၀ ဖြင့် ဟံဇားရွာသို့နွားမောင်းပို့ရန် ထွက်ခွာသွားခဲ့သည်ဆို၏။ နွားအငှားမောင်းသူထံတွင် စနေဒိုင်မှ ဝယ်ယူကြောင်းနှင့် နွားဝယ်အသိသက်သေ ဦးညွန့်အောင် အမည်ပါစာရွက်ပါရှိသည်။ ထိုည ၁၀ နာရီတွင် စက်မှုဇုန်ရဲကင်းမှတစ်ဆင့် ကျွန်းဖိုပင်ကျေးရွာအုပ်ချုပ်ရေးမှူးထံ ဟံဇားလမ်းရှိ မြို့ကြီးကုန်းရွာအလွန် ဟံဇားအင်းထိပ်၌ လူသေအလောင်း တစ်လောင်းတွေ့ကြောင်း၊ သေဆုံးသူတွင် ဦးညွန့်အောင် ကျွန်းဖိုပင် အမည်ပါ စနေဒိုင်စာရွက်ပါရှိကြောင်း သတင်းပေးပို့ခဲ့သည်။

ကျေးရွာအုပ်ချုပ်ရေးမှူးက ရွာထဲတွင် စုံစမ်းရာ နွားမောင်းပို့သူမှာ ကျွန်းဖိုပင်ရွာသား မောင်ဇော်ထွန်းဖြစ်ကြောင်း သိရသဖြင့် ကျွန်းဖိုပင် အုပ်ချုပ်ရေးမှူးအပါအဝင် သေဆုံးသူ၏ ဆွေမျိုးသားချင်း ၃၀ ခန့်က ကား၊ ဆိုင်ကယ်များဖြင့် လူသေတွေ့ရှိရာနေရာသို့ လိုက်လာခဲ့ကြသည်။ သပြေဝရွာတောင်ဘက် ဘုရားအနီး အရောက်၌ လှည်းတစ်စီးပေါ်တွင် လှည်းမောင်းသူနှင့် တောထဲတွင် ဖားရှာသူတစ်ဦး၊ ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့်အတူ သေဆုံးသူ ဇော်ထွန်း၏အလောင်းကို တွေ့ရှိရသည်ဆို၏။ ကျေးရွာအုပ်ချုပ်ရေးမှူးက အလောင်းကို ကာယကံရှင်တွေလာအောင်စောင့်သင့်ကြောင်း၊ လူသေအလောင်းတွေ့ရာတွင် ကျေးရွာအုပ်ချုပ်ရေးမှူး ပါဝင်ခြင်းရှိ၊ မရှိ မေးမြန်းရာ မချေမငံပြန်ပြောပြီး မောင်ဇော်ထွန်းမှာ အသက်မသေသေး၍ လှည်းပေါ်တင်ပြီး ဆေးရုံသို့ပို့ရန် သယ်ယူလာကြောင်း ပြောသည်။ သပြေဝကားဂိတ်မှ သေဆုံးသူအား သာစည်ဆေးရုံသို့ တင်ပို့ခဲ့သည်။ ဟံဇားရဲစခန်းက ဇော်ထွန်းသေဆုံးမှုအား သေမှုသေခင်းဖြင့် ရေးဖွင့်ထားသည်ဆို၏။

ဆေးရုံရောက်စဉ် သေဆုံးသူ၌ ဦးခေါင်းပေါက်ပြဲဒဏ်ရာ၊ ရင်ဘတ်ပေါ်တွင် ညိုမည်းဒဏ်ရာများနှင့် မျက်နှာတွင် ပွန်းပဲ့ဒဏ်ရာများ တွေ့ရသည်ဆို၏။ ဇော်ထွန်းအလောင်းအား အောက်တိုဘာ ၁၆ ရက် ဂူသွင်းသင်္ဂြိုဟ်ခဲ့သည်ဆို၏။

ဤကဲ့သို့ ဒဏ်ရာများဖြင့် တွေ့ရသောအလောင်းအား သေမှုသေခင်းဖွင့်၍ အရေးယူထားသည်ကို မကျေနပ်၍ သေသူ၏ ဇနီး(ကလေးသုံးဦးမိခင်)ဒေါ်ရွှေနုက အောက်တိုဘာ ၂၁ ရက်တွင် အထက်အဖွဲ့စည်းများသို့ တိုင်ကြားထားကြောင်း သိရသည်။ **(တင်လှိုင်-မိတ္ထီလာ)**

စကေဘာဖြင့်ထိုး၍ အမျိုးသမီးတစ်ဦး သေဆုံး

ရန်ကုန် နိုဝင်ဘာ ၆

နိုဝင်ဘာ ၅ ရက် နံနက် ၁ နာရီ ၁၅ မိနစ်တွင် ကြည့်မြင်တိုင်မြို့နယ်အတွင်း စက်ဆန်းရဲစခန်းပိုင်၌ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး စကားများကြရာမှ လူသတ်မှုတစ်ခု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကြည့်မြင်တိုင် လှိုင်မြစ်တစ်ဖက်ကမ်း ဆိပ်ကြီးရပ်ကွက် တာလမ်းစိုက်ပျိုးရေးခြံရှေ့၌ မိုးအောင် အသက်(၂၅)နှစ်နှင့် မမြင့်မြင့်ဝင်း အသက်(၁၈)နှစ်တို့ စကားများရာမှ မိုးအောင်က မကျေနပ်၍ မမြင့်မြင့်ဝင်း၏ ဝဲဘက်ရင်အုံအား စကေဘာဖြင့်ထိုးရာ ဒဏ်ရာဖြင့်ပင် သေဆုံးခဲ့ရသည်ဟု သိရသည်။

မိခင်ဖြစ်သူ ဒေါ်သန်းသန်းအေးက စက်ဆန်းရဲစခန်း၌ အမှုဖွင့်တိုင်ကြားလာသဖြင့် စခန်းမှူး ရဲအုပ် ရဲမင်းစိုးနှင့် အဖွဲ့က အမြန်ဆုံးဖမ်းမိနိုင်ရေး ကြိုးပမ်းခဲ့ရာ ဖွံ့ဖြိုးရေးတာလမ်း ဆိပ်ကြီးရပ်ကွက်နေ မိုးအောင်အား နှစ်နာရီအတွင်း ဖမ်းမိခဲ့ကြောင်း သိရသည်။ **(တင်ဝင်းလေး-ကြည့်မြင်တိုင်)**







စဥ့်ကူးမြို့ရှိ ငလျင်ဒဏ်သင့် ရွှေရပ်တော်စေတီတော် အလှူရှင်နိုင်ငံခြားသားဧည့်သည်များ လာရောက်ဖူးမြော်

စဥ့်ကူး နိုဝင်ဘာ ၆

၂၀၁၂ ခုနှစ် ငလျင်ဒဏ်ကြောင့် ပြိုလဲပျက်စီးခဲ့သော စဥ့်ကူးမြို့ ရွှေရပ်တော်မြတ်စွာဘုရားစေတီတော်ကြီး ပြန်လည်မွမ်းမံတည်ဆောက်နေမှုများကို နိုဝင်ဘာ ၃ ရက် နံနက် ၁၀ နာရီက အလှူရှင်မန္တလေးအခြေစိုက် MYANMAR UPPER LAND (Culture & Travels) မှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်မျိုးကိုဦးဆောင်သော ဟော်လန်နိုင်ငံသား ဧည့်သည်နှစ်ဦးသည် စေတီတော်ကြီးအား မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးပြီး လှည့်လည်ဖူးမြော်ကြရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဘုရားကြီးတည်ဆောက်ပြီးစီးမှုအခြေအနေများနှင့် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားကြသည်။**(ယာပုံ)**

အဆိုပါ ငလျင်ဒဏ်သင့်စေတီတော်ကြီးအား မန္တလေးအခြေစိုက် MYANMAR UPPER LAND (Culture&Travels) မှ ကျပ်သိန်း ၁၆၀ မတည် အကုန်ကျခံမွမ်းမံပြုပြင်တည်ဆောက်သွားမည်ဖြစ်ကြောင်းနှင့် ကျန်ရှိသော စေတီအရန်နှင့် သာသနိက အဆောက်အအုံများအား မွမ်းမံပြုပြင်လှူဒါန်းလိုသူ အလှူရှင်များ အနေဖြင့် ဘုရားဂေါပကအဖွဲ့နှင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ဝင်းမောင်)**

စလင်းမြို့ ရွှေမုဋ္ဌောရေလယ်ဘုရားကြီး၏ တံတားတန်ဆောင်း ပြုပြင်ရန်လိုအပ်နေပြီ

မကွေး နိုဝင်ဘာ ၆

မကွေးတိုင်းဒေသကြီး စလင်းမြို့၏ အထင်ကရ စေတီတော်တစ်ဆူဖြစ်သော အဏုမြူကပ်ကျော်ရွှေမုဋ္ဌော ရေလယ်ဘုရားကြီး၏ တံတားတန်ဆောင်းကြီးသည် ယိုယွင်းပျက်စီးလျက်ရှိပြီး ပြုပြင်ထိန်းသိမ်းရန်လိုအပ်နေကြောင်း သိရသည်။ ရွှေမုဋ္ဌောဘုရားကြီးသည် စလင်းမြို့ ကျက်သရေဆောင် ဝက်သည်းကန်ကြီး၏အလယ်တွင် တည်ထားပြီး ဘုရားဖူးမြော်ရန်အတွက် ပျဥ်တံတားခင်း၍ တန်ဆောင်း ဆောက်လုပ်ထားသည်။ ဝက်သည်းကန်ကြီးသည် မြန်မာစာပေ၊ ဂီတနယ်ပယ်တွင် ဝတ္ထု၊ တေးအလင်္ကာများ စပ်ဆိုဖော်ညွှန်းခဲ့ကြသည်အထိ လှပထင်ရှားသော ရေကန်ကြီး ဖြစ်သည်။ ကြာဖူး၊ ကြာပွင့်များဖြင့် တင့်လှသော ကန်ကြီး၏ အလယ်တွင် အလောင်းစည်သူမင်းကြီးက သက္ကရာဇ် ၄၅၆ ခုနှစ်တွင် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးကို တည်ထားတော်မူခဲ့သည်။ သက္ကရာဇ် ၅၅၆ ခုနှစ်တွင် နရပတိစည်သူမင်းကြီးက မွမ်းမံခဲ့သည်။ ထို့နောက် ၁၂၉၂ ခုနှစ်တွင် စလင်းမြို့ ကန်လယ်ကျောင်းဆရာတော်ကြီးက ဆက်လက်ထိန်းသိမ်းပြုပြင်ခဲ့သည်။ ယခုအခါ ရှေးဟောင်းစေတီကြီးဖြစ်သော ရွှေမုဋ္ဌောဘုရားကြီး၏ ရေလယ်ပျဥ်တံတားတန်ဆောင်းကြီးသည် နှစ်ကာလကြာမြင့်ပြီဖြစ်၍ အောက်ခံပျဥ်ခင်းများမှာ ဆွေးမြည့်ပျက်စီးနေပြီးဘေးဝဲ၊ ယာ လက်တန်းအကာအရံများ မရှိသဖြင့် ဘုရားဖူးများအတွက် အလွန်အန္တရာယ်များလျက်ရှိသည်။

ဒေသခံတစ်ဦးက "ဒီဘုရားကြီးက ပုဂံခေတ်ရှေးဟောင်းစေတီတော်ကြီးဖြစ်ပြီး ဝက်သည်းကန်ကြီးကလည်း သာယာလှပတဲ့ ရှေးဟောင်းကန်တော်ကြီးဖြစ်တဲ့အတွက် လာရောက်ဖူးမြော်သူတွေများပါတယ်။ ဒီပျဥ်တံတားကြီးက သက်ကြီးရွယ်အို၊ ကလေးသူငယ်တွေနဲ့ နိုင်ငံခြားသားခရီးသွားတွေအတွက် အလွန်အန္တရာယ်များတာကြောင့် သက်ဆိုင်ရာက အမြန်ဆုံးပြုပြင်ထိန်းသိမ်းပေးစေချင်ပါတယ်"ဟု ပြောပြသည်။

ကျော်စွာ (မကွေး)

မကွေးရှိ အဆင့်မြင့်သုံးထပ်ဈေး ဆိုင်ခန်းများ အိတ်ဖွင့်တင်ဒါဖြင့် ရောင်းချ

မကွေး နိုဝင်ဘာ ၆

မကွေးမြို့ လမ်းငါးသွယ် အဝိုင်းပတ်အနီးတွင် LEGACY GROUP CONSTRUCTION Co., Ltd. မှ တာဝန်ယူတည်ဆောက်လျက်ရှိသော အဆင့်မြင့်သုံးထပ်ဈေးရှိ ဆိုင်ခန်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် မြေညီထပ်တစ်ခန်းလျှင် ကျပ်သိန်း ၃၀၀၊ ပထမထပ်တစ်ခန်းလျှင် ကျပ်သိန်း ၂၅၀၊ ဒုတိယထပ်တစ်ခန်းလျှင် ကျပ်သိန်း ၆၀၀ဖြင့် မကွေးမြို့နယ် စည်ပင်သာယာရေးကော်မတီရုံး၌ စုံစမ်းလျှောက်ထားဝယ်ယူနိုင်ကြောင်း သိရသည်။

(တင်ထွန်းဦး)

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ရန်ကုန်မြို့ မျက်စိရောဂါအထူးကုဆေးရုံကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်မြို့၊ မျက်စိရောဂါအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်လိုအပ်သော F.D.A အသိအမှတ်ပြုဆေးနှင့် ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၁-၁၁-၂၀၁၃ရက် (သောကြာနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂-၁၂-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၄ နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
မျက်စိရောဂါအထူးကုဆေးရုံကြီး
အမှတ်(၃၀)၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၅၇၉၅၆၊ ၅၄၉၁၇၇

INVITATION FOR QUOTATION (IFQ)

THE DEPARTMENT OF RURAL DEVELOPMENT has received the Grant from the International Development Association for National Community Driven Development Project and wishes to purchase: Lot 1 Motorcycles 110-125cc (27 Units) for Kanpetlet Township in Chin State, Lot 2 Motorcycles 110-125 cc (21 Units) for Namhsan Township in Shan State, and Lot 3- Motorcycles 110-125cc (9 Units) for Kyunsu Township in Taninthayi Region. The goods are required to be supplied within (3) three weeks from the date of issue of the Purchase Order. Interested qualified eligible suppliers are invited to obtain a copy of the Invitation for Quotation (IFQ) free-of-charge and further information can be obtained from the address given below:

U Myint Oo
Deputy Director General,
Department of Rural Development,
Ministry of Livestock, Fisheries and Rural Development,
Office No.14, Nay Pyi Taw, Myanmar

Telephone & Fax: +95 67 409413
Website: **www.drdmyanmar.org**
Email addresses: **drdmyanmar@gmail.com,kzaw.dda@gmail.com**

Quotations must be delivered to the address mentioned above or before November 30, 2013.

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ အဆောက်အအုံများ အသစ်ဆောက်လုပ်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်းလုပ်ငန်း(၃၂)ခုအား ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားပိုင်ဆိုင်သော ဆောက်လုပ်ရေးလိုင်စင်ရကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၈-၁၁-၂၀၁၃ ရက်(သောကြာနေ့) နံနက် ၁၀း၀၀နာရီတွင် စတင်ရောင်းချမည်ဖြစ်ပြီး ၇-၁၂-၂၀၁၃ရက်(သောကြာနေ့)တွင် အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို လက်ခံသွားမည်ဖြစ်ပါသည်။

၃။ တင်ဒါစည်းမျဥ်းစည်းကမ်းအသေးစိတ်နှင့်ပတ်သက်၍လည်းကောင်း၊ ဆောက်လုပ်မည့်အဆောက်အအုံများ၏ ဗိသုကာပုံစံနှင့်ဆောင်ရွက်မည့်အတိုင်းအတာ၊ အသေးစိတ်အချက်အလက်များနှင့် ပတ်သက်၍လည်းကောင်း လိုအပ်သော အိတ်ဖွင့်တင်ဒါပုံစံများအား ရုံးချိန်အတွင်း နေပြည်တော်၊ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန(ရုံးအမှတ်-၄)၊ ဆောက်လုပ်ရေးဌာနစိတ်တွင် လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ တယ်လီဖုန်းအမှတ်၊ ၀၆၇-၄၁၁၅၁၁သို့ ဆက်သွယ်၍ဖြစ်စေ မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ် ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန လက်အောက်ရှိ တည်ဆောက်ရေးစီမံကိန်းများသို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ စတုတ္ထ(၃)လ (၂၀၁၄ ခုနှစ် ဇန်နဝါရီလ မှ မတ်လ)အတွင်း စီမံကိန်းစခန်း ဂိုဒေါင်အရောက် တည်ဆောက်ရေးပစ္စည်းများ၊ စက်ပစ္စည်းများ၊ ကွန်တိန်နာများ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၄-၁၁-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၁၈-၁၁-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆း၃၀နာရီ

အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါဆိုင်ရာ အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
စီမံကိန်းနှင့်လုပ်ငန်းဌာနခွဲ
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁



ဆရာဦးဝင်းထိန်(ဟိုတယ်/ခရီး)၏
အစားအသောက်သန့်ရှင်းရေးနှင့် ရောဂါပိုးမွှားကင်းစင်ရေးလက်စွဲ
နိုဝင်ဘာလဆန်းတွင် ထွက်မည်
၄၂ နှစ်တာ ဟိုတယ်လုပ်ငန်းနှင့် လူ့စွမ်းအားအရင်းအမြစ်
စာအုပ်ထွက်ရှိပြီး။
ဆက်သွယ်စုံစမ်းရန်
ဖုန်း-၀၉-၅၀၀၆၉၄၀၊ ၀၂-၆၆၁၇၂၊ ၀၉-၄၉၂၁၀၉၁၃

ပုဂံမြို့သစ်အနီး ခြံရောင်းမည်

လောကနန္ဒာ ဘေးမဲ့ဥယျာဥ်ဘေး၊ ရွှေတွင်းကျေးရွာ၊ ညောင်ဦးမြို့နယ်ရှိ မြေ(၆.၅)ဧက ရောင်းရန်ရှိသည်။ အမည်ပေါက်ဖြင့် ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။
ဆက်သွယ်ရန်
ဖုန်း-၀၉-၅၄၁၇၆၇၀၊ ၀၉-၇၃၂၂၁၅၅၇

စစ်တောင်းမြစ်ရေလျှံ၍ မိုးစပါးနှင့်ဆောင်းသီးနှံများ နစ်မြုပ်ပျက်စီး

ဖြူး နိုဝင်ဘာ ၆

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် အရှေ့ဘက် စစ်တောင်းမြစ်ကမ်းဘေးရှိ အုတ်ဖြတ်ကျေးရွာအုပ်စု ကမ်းနားမြိုင်ရွာနှင့် သစ်ခြောက်ခင်အုပ်စု ရှားပင်ချောင်းကျေးရွာတို့တွင် အောက်တိုဘာ ၉ ရက် နံနက်ပိုင်းမှစ၍ စစ်တောင်းမြစ်ရေရုတ်တရက် လျှံတက်လာသဖြင့် ရှားပင်ချောင်းရွာတွင် လူနေအိမ်ခြေ ၆၀ အောက်ကြမ်းခင်းအထိ ရေဝင်ခဲ့ပြီး ရိတ်ပြီးမိုးစပါး ၇၄ ဧကရေနစ်မြုပ်ပျက်စီးကာ ကျန်စပါးခင်းများ စပါးနှံအထိ ရေနစ်မြုပ်လျက်ရှိသည်။**(အပေါ်ပုံ)**

အလားတူ အုတ်ဖြတ်အုပ်စု ကမ်းနားမြိုင်ရွာတွင်လည်း ဆောင်းသီးနှံပဲမျိုးစုံ ဧက ၂၅၀ နှင့် ရိတ်ပြီးမိုးစပါး ဧက ၆၀ ရေနစ်မြုပ်ပျက်စီးသွားကြောင်း အုတ်ဖြတ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးချစ်ဆွေကပြောပြပြီး နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းမှစ၍ စစ်တောင်းမြစ်ရေ တဖြည်းဖြည်းကျဆင်းနေပြီဖြစ်ကြောင်း သိရသည်။

(ဖြူးမြင့်ဦး)

သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အသိပညာပေးဟောပြော

သံတွဲ နိုဝင်ဘာ ၆

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အောင်မြင်စွာဆောင်ရွက်နိုင်ရေးနှင့် ပြည်သူများသန်းခေါင်စာရင်းနှင့် ပတ်သက်၍ အကျယ်တဝင့်သိရှိစေရန် အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၃ ရက် မွန်းတည့် ၁၂ နာရီက ရခိုင်ပြည်နယ် သံတွဲမြို့နယ် ကင်းမော်ကျေးရွာအခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန သံတွဲခရိုင်ဦးစီးမှူး ဦးလှဌေးက ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းအကြောင်း ရှင်းလင်းပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သံတွဲခရိုင်ဦးစီးအရာရှိဦးဇော်မိုးအောင်က ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများအကြောင်းကိုလည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန သံတွဲမြို့နယ်ဦးစီးမှူး ဦးကံကောင်းက အခြေခံကောက်ယူမည့် မေးခွန်းပုံစံများနှင့် အထောက်အကူပြုကော်မတီများ၏ လုပ်ငန်းဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး ပြည်သူများ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားသည်။**(ခရိုင် ပြန်/ဆက်)**

အစိုးရ/စီးပွားရေးကြော်ငြာ

ပုလဲသွယ်စပ်မျိုးစပါး စမ်းသပ်စိုက်ပျိုးမှုအောင်မြင်

မော်လူး နိုဝင်ဘာ ၆

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသအတွင်း ယခင်က မိုးရာသီကာလ မိုးစပါးအတွက် စပါးမျိုးကောင်းများဖြစ်သော ချင်း(၃)၊ ဆင်းဧကရီ(၃)၊ မနော်အုပ်စု၊ ငွေတိုး၊ စောရှုတ်၊ မှော်ဘီ၊ လုံးသွယ်မွှေး စသည့် စပါးများကို အလေးထား၍စိုက်ပျိုးလာခဲ့ကြရာမှ ယခုနှစ်တွင် ပုလဲသွယ်စပ်မျိုးစပါးကို စမ်းသပ်စိုက်ပျိုးအောင်မြင်ခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

"ပုလဲသွယ်စပါးကို ကျွန်တော်တို့ လယ်သမားတွေအားလုံးက မစိုက်ပျိုးနိုင်ကြသေးပါဘူး၊ ဘာကြောင့်လဲဆိုတော့ မျိုးဝယ်ယူမှုစရိတ်၊ စိုက်ပျိုးမှုစရိတ်၊ ဓာတ်မြေဩဇာသုံးစွဲမှု ကုန်ကျစရိတ်တွေ များလွန်းပါတယ်၊ ပုလဲသွယ်စပ်မျိုးစပါးက မျိုးအဖြစ်ယူထားလို့မရတာပါ၊ အရင်ကစိုက်ပျိုးခဲ့တဲ့ စပါးမျိုးတွေဟာ မိမိလယ်ထဲကမျိုးကို ယူထားလို့ရတယ်၊ မျိုးယူထားလို့ရတဲ့ စပ်စပါးအမျိုးအစားဖြစ်ရင် ပိုကောင်းမှာပါ။ မျိုးနှစ်စဉ်ဝယ်ယူနေရတဲ့ ကုန်ကျစရိတ် အများကြီးသက်သာသွားတာပေါ့၊ ဝတ်မှုန်ကူးပြီး စပ်မျိုးစပါးကို ထုတ်လုပ်သူတွေက ကျွန်တော်တို့ ယခင်က စိုက်ပျိုးခဲ့တဲ့ စပါးတွေလိုပဲ မျိုးအဖြစ်ယူထားလို့ရတဲ့ စပ်မျိုးစပါး ထုတ်လုပ်ပေးနိုင်ရင် ပိုကောင်းမှာပါ" ဟု ဒေသခံ တောင်သူတစ်ဦးက ပြောပြသည်။

အထွက်ကောင်း မျိုးစပါးဖြစ်သည့် ပုလဲသွယ်စပ်မျိုးစပါးကို အင်းတော်မြို့နယ်တွင် ဧက ၁၀၀ စမ်းသပ်စိုက်ပျိုးခဲ့ရာ မော်လူးဒေသမှတောင်သူအချို့ မိမိတို့လယ်တွင် တစ်ဧက၊ နှစ်ဧက စသဖြင့် စမ်းသပ်စိုက်ပျိုးခဲ့ကြရာ သုံးလစပါးဖြစ်၍ အခြားစပါးများထက် ဦးစွာစော၍ရိတ်သိမ်းနိုင်ပြီး ခြွေလှေ့စက်ဖြင့် တစ်ဧကအထွက်နှုန်းကို စစ်ဆေးကြည့်ရာ တစ်ဧကတင်း ၁၂၀ မှ တင်း ၁၈၀ အထိ ထွက်ပြီး ရောင်းဈေးမှာလည်း တစ်တင်း ကျပ် ၅၀၀၀ နှုန်းရှိသဖြင့် ကောက်ဦးပေါ် ရောင်းဈေးကောင်းရ တွက်ခြေကိုက်သဖြင့် ပုလဲသွယ်စပ်မျိုးစပါး စမ်းသပ်စိုက်ပျိုးသူ တောင်သူများ အထူးဝမ်းသာလျက်ရှိကြောင်း သိရသည်။ **(နီတိုး-မော်လူး)**

မီး လောင်လျှင်	(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။ (ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။ (ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။ (ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်းငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။ **မီးသတ်ဦးစီးဌာန**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်းကြော်ငြာအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(က)	HDPE Pipe & G.1 Pipe	1 Lot	မြန်မာကျပ်ငွေ
(ခ)	Submersible Pump အပါအဝင် မြေအောက်ရေလုပ်ငန်းသုံးပစ္စည်းများ	1 Lot	မြန်မာကျပ်ငွေ
(ဂ)	Drag Bit, Rock Bit & DTH Hammer&Button Bit	1 Lot	မြန်မာကျပ်ငွေ
(ဃ)	RG Water Drilling Rig Spare Parts	1 Lot	မြန်မာကျပ်ငွေ
(င)	Flexible Pipe	40 Nos	မြန်မာကျပ်ငွေ
(စ)	4"PVC Pipe	200 Nos	မြန်မာကျပ်ငွေ
(ဆ)	Red Oxide	4000 gals	မြန်မာကျပ်ငွေ

ပိတ်ရက်နှင့်အချိန် - ၂၀-၁၁-၂၀၁၃ (၁၅း၀၀)နာရီ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းအသေးစိတ် အချက်အလက်များအား အောက်ဖော်ပြပါလိပ်စာတွင် လာရောက်ဆက်သွယ်ဝယ်ယူနိုင်ပါသည်-

ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန(ရုံးချုပ်)
ထုတ်လုပ်ရေးနှင့်ဖြည့်တင်းရေးဌာနခွဲ၊ ရုံးအမှတ်(၅၀)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၃၁၂၉၅၊ ၀၆၇-၄၃၁၃၀၈

အထူးကျေးဇူးတင်ဝမ်းမြောက်ခြင်း

၂၀၁၃ ခုနှစ်၊ မတ်လတွင် ကျင်းပပြီးစီးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ၌ အထက(၂)လသာမှ မသင်းဆုဆုသိန်း ခုံအမှတ်-ဆလသ(၃၁၂)ဖြင့် ဝင်ရောက်ဖြေဆိုခဲ့ပြီး အမှတ်ပေါင်း(၅၄၄)မှတ်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအဆင့် (န၀မ)ဆုရရှိအောင်သင်ကြားပေးခဲ့သော အထက(၂)လသာကျောင်းအုပ်ဆရာမကြီး ဒေါက်တာသိင်္ဂီကျော်နှင့်ဆရာမများအား အထူးကျေးဇူးတင် ဂါရဝပြုအပ်ပါသည်။

ကျေးဇူးတင်ခြင်းများစွာဖြင့်
သမီး-သင်းဆုဆုသိန်း
ပါပါး-ဒေါက်တာမြင့်သိန်း-မာမားဒေါက်တာအေးအေးသန်း
ချစ်သောဘိုးဘွားများ- ဦးတင်ရွှေ-ဒေါ်စောခင် (ချင်းတွင်းပွဲရုံ)
- ဦးရဲခင်-ဒေါ်ရင်ဝေ့ (ခေတ်သစ်ရော်ဘာစက်ရုံ)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၃ဘီ၊ မြေကွက်အမှတ် V၁၀၃၊ မြေကွက်တည်နေရာ-၄၃၊ ကွင်းကျောင်းလမ်း၊ ဂျူန်ရပ်ကွက်၊ အလုံ၊ (ဦးမြမောင်နှင့် မငွေဆိုင်) အမည်ပေါက် နှစ်(၉၀) မြေငှားဂရန်မြေအား အမည်ပေါက် နှစ်ဦးစလုံး ကွယ်လွန်ပြီး တစ်ဦးတည်းသောသားဖြစ်သူ ဦးကျင်လှိုင် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်တင်ကြည် [၁၂/အလန(နိုင်)၀၃၀၀၃၂]မှ ၎င်းတို့ပိုင်ဆိုင်သည့် အစိတ်အပိုင်း (၁၅ပေ× ပေ၆၀)မြေကွက်အတွက် မှတ်ပုံတင်စာချုပ်ဖြင့် အစိတ်အပိုင်း(၁၅ပေ×ပေ၆၀)အား ပိုင်ဆိုင်သူ Drခင်သန်းနွဲ့ [၁၂/လသန(နိုင်)၀၀၇၇၄၆] နှင့်ပူးတွဲ၍ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

သွေးသည် အသက်

ပြည်တွင်းရေးရာ

ရန်ကုန်နည်းပညာတက္ကသိုလ် ဝင်ခွင့်ရကျောင်းသားကျောင်းသူများ ကျောင်းဝင်ခွင့်လျှောက်လွှာပုံစံ ရယူနိုင်ပြီ

ရန်ကုန် နိုဝင်ဘာ ၆

၂၀၁၃-၂၀၁၄ ခုနှစ် ရန်ကုန်နည်းပညာတက္ကသိုလ် (YIT) တက်ခွင့်ရ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝင်ခွင့်လျှောက်လွှာပုံစံကို ယနေ့မှ စတင်ရယူလျှောက်ထားနိုင်ကြောင်း သိရသည်။

အဆိုပါ လျှောက်လွှာထုတ်ယူပါက ကျောင်းသား ကျောင်းသူ (သို့မဟုတ်) မိဘအုပ်ထိန်းသူသည် သက်ဆိုင်ရာကျောင်းသားကျောင်းသူ၏ နိုင်ငံသားစိစစ်ရေးကတ်နှင့် ဝင်ခွင့်ရ အကြောင်းကြားစာကို တစ်ပါတည်းယူဆောင်လာရမည်ဖြစ်ပြီး နယ်ကျောင်းသား ကျောင်းသူများအတွက် ထိုလျှောက်လွှာနှင့်အတူ အဆောင်လျှောက်လွှာကိုလည်း ရယူလျှောက်ထားနိုင်သည်။

"ဝင်ခွင့်လျှောက်ထားရာမှာ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးတဲ့သူတွေအတွက်လည်း ကျောင်းတက်ချိန်ကျမှ ကတ်ကိုပြသဖို့နဲ့ မိဘအုပ်ထိန်းသူ(ကွယ်လွန်)ဖြစ်ရင်လည်း ထောက်ခံစာမလိုဘဲ ကျောင်းအပ်နှံခွင့်ရရှိအောင် ဖြေလျှော့မှုတွေ လုပ်ထားပါတယ်။ အဆောင်အတွက်လည်း ပြည်ထောင်စုဝန်ကြီးရုံးကို ခွင့်ပြုမိန့်တောင်းခံထားပါတယ်"ဟု ရန်ကုန်နည်းပညာတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာအေးမြင့်က ပြောကြားခဲ့သည်။

ဆက်လက်၍ ၂၀၁၃ ခုနှစ် နည်းပညာတက္ကသိုလ်သို့ တက်ရောက်မည့် ကျောင်းသားကျောင်းသူများအတွက် နည်းပညာတက္ကသိုလ်ဦးစီးကော်မတီဥက္ကဋ္ဌ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း) ဦးညီလှငယ်ကို အမှာစကားလက်ဆောင်ပြောပေးရန် ပန်ကြားသောအခါ "မနှစ်က အတွေ့အကြုံအရ ဒီကျောင်းကို ဝင်ရောက်လာတဲ့ ကျောင်းသားကျောင်းသူတွေက အမှတ်အမြင့်ဆုံးဆိုတော့ ကလေးတွေက ယုံကြည်မှုအပြည့်နဲ့ဝင်လာကြတယ်။ ယုံကြည်မှုကပိုနေရင် မကောင်းဘူး။ ဒီကျောင်းမှာ စာမေးပွဲကို လွယ်လွယ်ကူကူနဲ့ အောင်မယ်လို့ ထင်ကြတယ်။ ပထမတစ်ကြိမ် စာမေးပွဲမှာ တစ်ဝက်လောက်ကျခဲ့တယ်။ အဲဒီအခါမှ YIT ဆိုတာ မလွယ်ကူမှန်းသိတော့မှ တအားကြိုးစားပြီး ဒုတိယအကြိမ် ပြန်ဖြေတော့မှ အကုန်လုံးနီးပါး အောင်တယ်။ ကျတဲ့သူ ၁၂ ဦးပဲ ရှိတယ်။ ဒီနှစ်တက်မယ့် ကျောင်းသားကျောင်းသူတွေ ပြင်ဆင်ထားရမှာက ဒီကျောင်းက ဉာဏ်စမ်းပုစ္ဆာတွေလည်း မေးတယ်။ လွယ်လွယ်ကူကူနဲ့မအောင်နိုင်ဘူး။ ကျောင်းမှာ e-Library လည်းရှိတယ်။ Download လုပ်ပြီး စာဖတ်နိုင်ဖို့ Internet လည်းရှိတယ်။ ကျောင်းသားတွေက စာကြည့်တိုက် ထိုင်တဲ့အကျင့်အားနည်းတယ်။ သွားထိုင်ရကောင်းမှန်းလည်း မသိဘူး။ စာကြည့်တိုက်ကိုတန်ဖိုးရှိရှိ အသုံးချစေချင်တယ်" ဟု ပြောကြားခဲ့သည်။

YIT ဝင်ကြောင်းအကြောင်းကြားစာကို အောက်တိုဘာ ၂၄ ရက်ကရရှိပြီး လမကုန်မီကျောင်းသို့လာရောက်စုံစမ်းသောအခါ နိုဝင်ဘာ ၄ ရက်တွင် ကျောင်းဝင်ခွင့်လျှောက်ထားနိုင်သည်ကို သိရှိရခြင်းဖြစ်သည်ဟု ရန်ကုန်မြို့နေ မိဘတစ်ဦးကဖြေကြားသည်။

ဆက်လက်၍ မိဘတစ်ဦးကိုမေးမြန်းခဲ့ရာ ၎င်းတို့မှာ နယ်မှဖြစ်ကြောင်း၊ ယခုနှစ်တွင် နယ်ကျောင်းသား ကျောင်းသူများအတွက် အဆောင်ပေးမည်ဆို၍ ဝမ်းသာကြောင်း၊ ဆရာ ဆရာမအုပ်ထိန်းမှုအောက်မှာ ကလေးကိုထားရတဲ့အတွက် စိတ်လည်းချပြီးစိတ်လည်းအေးရကြောင်း ဖြေကြားခဲ့သည်။

ယခုနှစ်ကျောင်းဝင်ခွင့်လျှောက်လွှာတွင် မိမိကြိုက်နှစ်သက်ရာ ဘာသာရပ်ကိုဦးစားပေးတစ်ပါတည်းဖြည့်သွင်းရမည်ဖြစ်သည်။ မိမိနေထိုင်ရာ ဒေသကြောင့်မဟုတ်ဘဲ ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မန္တလေးနည်းပညာတက္ကသိုလ်တို့ကို နှစ်သက်သလိုလျှောက်ထားခွင့်ရသဖြင့် ယခင်နှစ်က ရန်ကုန်နည်းပညာကျောင်းသို့ နယ်ကျောင်းသား ဦးရေ ၂၀ ခန့်သာ တက်ရောက်ခဲ့ပြီး ယခုနှစ်တွင် နယ်ကျောင်းသား ကျောင်းသူဦးရေ ၈၈ ဦးအထိ တိုးမြင့်ခဲ့သည်။ အဆိုပါကျောင်းလျှောက်လွှာကို နိုဝင်ဘာ ၂၂ ရက် နောက်ဆုံးထားလျှောက်ထားရမည်ဟု သိရသည်။

၂၀၁၃-၂၀၁၄ ခုနှစ် ရန်ကုန်နည်းပညာတက္ကသိုလ်သို့ ဝင်ခွင့်ရသော ကျောင်းသား ကျောင်းသူဦးရေ ၃၀၅ ဦးရှိသည်။

(ခင်ချိုဝင်း)

မြန်မာစာပေချစ်မြတ်နိုးသူများအသင်း ဆရာကြီး ပီမိုးနင်း အမှတ်တရဂုဏ်ပြုပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၆

မြန်မာစာပေချစ်မြတ်နိုးသူများအသင်းက ကြီးမှူးကျင်းပမည့် မြန်မာစာပေသမိုင်း၌ ထင်ရှားကျော်ကြားသော မြန်မာစာရေးဆရာကြီး ပီမိုးနင်း၏ နှစ်(၁၃၀)ပြည့် အမှတ်တရ ဂုဏ်ပြုပူဇော်ပွဲကို နိုဝင်ဘာ ၉ ရက်(စနေနေ့) မွန်းလွဲ ၁ နာရီတွင် အမှတ်(၁၈၈) ဆိပ်ကမ်းသာလမ်း (အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၌ ဂုဏ်ထူးမြန်မာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ယင်းဂုဏ်ပြုပွဲတွင် ဒေါ်သီသီထွေး၊ မြန်မာစာပါမောက္ခ/ဌာနမှူး(ငြိမ်း) ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် ဒေါ်ခင်သန်းဦး (မမိုးမြေ) မြန်မာစာပါမောက္ခ/ဌာနမှူး(ငြိမ်း) ပုသိမ်တက္ကသိုလ်တို့က ဆရာကြီး ပီမိုးနင်း၏ ဘဝနှင့် စာပေအကြောင်း ဟောပြောကြမည်ဟု သိရသည်။

(စိန်ရွှေလှိုင်)

ရွှေကူမြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ အောက်တိုဘာ ၃၀ ရက်က မြို့ပေါ်အတွင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ရှောင်တခင်စစ်ဆေး အရေးယူဆောင်ရွက်စဉ်။

မန်း(ကိုယ်ပွား)

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်နေ ဦးသန်းထွန်း-ဒေါ်ရီရီပြုံး မိသားစုက လှူဒါန်းသည့် အနောက်ပိုင်းရပ်ကွက် အောင်သီတာလမ်းနှင့် ရတနာမြေကွက်သစ်အား ဆက်သွယ်ပေးမည့် အောင်ရတနာသံကူကွန်ကရစ်တံတားနှင့် ရတနာမြေကွန်ကရစ်လမ်းကို နိုဝင်ဘာ ၃ ရက်က အလှူရှင်နှင့် တာဝန်ရှိသူများ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(ကြေးမုံ)

အစိုးရ/စီးပွားရေးကြော်ငြာ

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း) (၁၁/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-083(2013-2014)	Spare for CAT-D333C Lighting Set Engine	(11) Items	US$
(၂)	IFB-084(2013-2014)	Spare for Main Air Compressor, Oxygen Generator and Oxygen Compressor	(10) Items	US$
(၃)	IFB-085(2013-2014)	Roller Chains and Sprockets	(18) Items	US$
(၄)	IFB-086(2013-2014)	27/8"x6.5lb/ft J55 EUE Tubing	(5000)Mtr	US$
(၅)	IFB-087(2013-2014)	Bearings and Seals for PZ-7 Rig Pump Ex NAT 55/1 Drilling Rig	(6)Items	US$
(၆)	IFB-088(2013-2014)	Hydraulic Cathead and Hydraulic Cylinder	(5)Items	US$
(၇)	IFB-089(2013-2014)	Skid Mounted Single Pump Cementing Unit(With Engine Driven)	(1)Unit	US$
(၈)	IFB-090(2013-2014)	Welding Machine(400AMP)Mobile Type Diesel Engine Driven	(3)Units	US$
(၉)	IFB-091(2013-2014)	Portable Welding Machine & Accessories(200AMP DC)	(4)Units	US$
(၁၀)	IFB-092(2013-2014)	BOP Control Accumulator Unit	(1)Set	US$
(၁၁)	IFB-093(2013-2014)	6x8 R Mixing Pump	(3)Sets	US$
(၁၂)	IFB-094(2013-2014)	Stirred Fluid Loss Cell(Model-7120)	(1)Set	US$
(၁၃)	DMP/L-040(2013-2014)	Hydraulic Oil Light(Hol)	(270)Drums	Kyat
(၁၄)	DMP/L-041(2013-2014)	Gear Oil(PGO-140EP)(GL-5)	(300)Drums	Kyat
(၁၅)	DMP/L-042(2013-2014)	5 KW Diesel Engine Driven Generating Set(3)Sets & 5HP 3Phase Induction Motor(1)No	(2)Items	Kyat
(၁၆)	DMP/L-043(2013-2014)	Telephone Cable(3)Items & Cordless Telephone	(1)Lot	Kyat

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂-၁၂-၂၀၁၃ရက် ရုံးချိန်အတွင်း ၁၆း၃၀နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

မှော်ဘီ အမှတ်(၄)လမ်းမပေါ်တွင် မြေအကျယ် (၄)ကေနီးပါး၊ စက်ရုံအကျယ် Sqft-106000 ရှိသော စက်ရုံ(အသစ်)ငှားရန်ရှိသည်။
ဆက်သွယ်ရန်
ဖုန်း-၀၉-၄၂၀၀၆၈၇၇၇၊ ၀၉-၇၃၂၃၆၅၅၉

ပုဒ်မနှစ်ခုကြားမှ ရဲနှင့် ပြည်သူတို့လွဲမှားနေသော နားလည်မှုများ

စိုးကိုကို(လေးမျက်နှာ)

ယနေ့ရဲစခန်းအသီးသီးသို့ ရဲအရေးပိုင်သော အမှုများကို လာရောက်တိုင်တန်းသည့်အခါ ရဲစခန်းမှ တာဝန်ရှိသူ အဆင့်ဆင့်က ရဲစခန်းမှတ်ပုံတင်(၂၀)တွင် ရေးဖွင့်ခြင်းဖြင့် တိုင်တန်းလာသည့်အမှုအပေါ် အမှုစုံစမ်းစစ်ဆေးမှု စတင်ပြုလုပ်ကြရပေသည်။ သို့ရာတွင် ထိုသို့ လာရောက်တိုင်တန်းသည့်အမှုများအနက် စတင်စစ်ဆေးမှု မပြုသေးမီ တရားလို၏တိုင်စာ(သို့မဟုတ်) တိုင်ကြားချက်ကို မှတ်ပုံတင်(၂၀)တွင် ချက်ချင်းရေးဖွင့်ခြင်း မပြုသေးဘဲ စခန်းမှူးသည် မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ **(ဆက်လက်တင်ပြရန်လိုအပ်ပါက တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့မှူး)**အထိ တိုင်ကြားချက်ပါ အမှုအခြေအနေ ရှင်းလင်းဖော်ပြပြီး မည်သည့်ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မဖြင့် အမှုဖွင့်မည်ဖြစ်ကြောင်း အဆင့်ဆင့်တင်ပြကာ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးတို့က စိစစ်ဆုံးဖြတ်၍ မည်သည့်ပြစ်မှုဆိုင်ရာဥပဒေပုဒ်မဖြင့် အမှုရေးဖွင့်ဆောင်ရွက်ရန်ဖြစ်ကြောင်း မှတ်ချက်ပြုသည့်အခါမှသာ မှတ်ချက်ပြုသော ပုဒ်မအရမှတ်ပုံတင်(၂၀)တွင်ရေးဖွင့်၍ စခန်းမှူး (သို့မဟုတ်)အမှုစစ်တစ်ဦးဦးက တာဝန်ယူ၍ လိုအပ်သည့် စစ်ဆေးမှုကို စတင်ဆောင်ရွက်ရသည့် ပုဒ်မ(၂)မျိုး ရှိနေကြောင်းကို ဥပဒေနှင့် အကျွမ်းတဝင်မရှိသေးသည့် ပြည်သူများ၊ ရဲတပ်ဖွဲ့၏ဆောင်ရွက်နေရသည့် လုပ်ငန်းစဉ်အပေါ် သဘောပေါက်မှုမရှိသေးသည့် ပြည်သူများ သိရှိစေရန် ဤဆောင်းပါးကို ရေးသားတင်ပြရခြင်း ဖြစ်ပါသည်။

အထက်ဖော်ပြပါပုဒ်မ (၂)မျိုးသည် ပြည်သူများဘက်မှ နားလည်မှုနှင့် ရဲလုပ်ငန်းဆောင်ရွက်နေမှု အနေအထားတို့ တိုက်ရိုက်အချိုးမကျသည့်အခါတွင် အထင်အမြင်လွဲမှုများဖြစ်ရကြောင်း တွေ့ရှိရသကဲ့သို့ အချို့အပိုင်းများ၌ သက်ဆိုင်ရာရဲစခန်းများမှ တာဝန်ရှိသူ (သို့မဟုတ်)စခန်းမှူးတို့က နားလည်အောင် ရှင်းပြမှုမရှိခြင်း၊ ရှင်းပြသည့်အခါတွင်လည်း တိုင်ကြားသူနားလည်သဘောပေါက်လွယ်အောင် ရှင်းပြနိုင်မှုမရှိခြင်း၊ ပီယဝါစာ ချစ်ဖွယ်သောစကားများဖြင့် ပြောကြားရမည်ဟု မဆိုလိုသော်လည်း ချောင်ပြေပြစ်စွာ ပြည်သူကိုရှင်းပြနိုင်မှုမရှိခြင်း၊ (**"နှုတ်ချို သျှိုတစ်ပါး"** ဆိုသောစကားရပ်အဓိပ္ပာယ်မှာ **"ချောင်ပြေပြစ်စွာပြောဆိုမှုသည် ပြီးမြောက်ခြင်းကိုဖြစ်စေသည့် အကြောင်းတစ်ခု"**ဟု အဓိပ္ပာယ်ရှိကြောင်းကိုမသိခြင်း) တို့ကြောင့် တိုင်ကြားခံရသူများ ရှိနေကြောင်း ကြားသိနေရပါသည်။ **(သျှို၏အဓိပ္ပာယ်မှာ ပြီးမြောက်ခြင်း-accomplishment ဖြစ်ကြောင်းကို အဘိဓာန်တွင် ဖော်ပြထားပါသည်)**

ထိုသို့ဆိုလျှင် အထက်တွင်ဖော်ပြထားသည့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ(၂)ခုသည် အဘယ်သို့နည်းဟု သိချင်ပေလိမ့်မည်။ **ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၆ နှင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ ဟူ၍ဖြစ်ပါသည်။** ဤပုဒ်မနှစ်ခုနှင့် ရဲအရေးမပိုင်သည့် တရားမကြောင်းအရ ပဋိညာဉ်ဖောက်ဖျက်မှုတို့ အရောရောအထွေးထွေး အမှတ်များ၍ အယူအဆလွဲခြင်း၊ အယူအဆလွဲ၍အမှတ်မှားခြင်းတို့ ပတ်လည်ရိုက်ကုန်သည့်အခါ ရဲအပေါ်မကျေနပ်မှုများ၊ ရဲအပေါ်တိုင်တန်းမှုများ ဖြစ်လာရခြင်းဖြစ်ပေသည်။ တစ်နည်းအားဖြင့် ဤပုဒ်မနှစ်ခုအပေါ် ပြည်သူအပိုင်းမှ ကောင်းစွာနားမလည်၊ သဘောမပေါက်သည့်အခါ၊ ထိုသို့ နားမလည်သဘောမပေါက်မှုကို ရဲက ကောင်းစွာသဘောပေါက်နားလည်အောင် မူလအမှုဖွင့်ကတည်းက နားလည်အောင်ရှင်းမပြထားခဲ့သည့်အခါမျိုးတို့တွင် ရဲကြားညပ်ရကြောင်းကို မကြာခဏတွေ့ကြုံနေရပေသည်။

ဤပုဒ်မနှစ်ခုသည် တကယ်လေ့လာပါက လုံးဝမတူကြောင်း တွေ့ရှိရမည်ဖြစ်သော်လည်း ဖြစ်စဉ်များတွင် တစ်ခုနှင့်တစ်ခု လုပ်နည်းကွဲပြားသွားမှုကြောင့် ရဲများပင်လျှင် အမှုဖွင့်ရာ၌ လွဲမှားခဲ့ကြပါသည်။ ထို့အပြင် တရားမကြောင်းနှင့် ပြစ်မှုဆိုင်ရာ လွဲမှားခဲ့သဖြင့် ရှင်းလင်းခဲ့ရဖူးသည်ဖြစ်သောကြောင့် ထိုမှစ၍ ရဲစခန်းသို့ လာတိုင်သော အမှုသည် **ယုံကြည်အပ်နှံရေးဖောက်ဖျက်မှု ပုဒ်မ ၄၀၆ လား၊ လိမ်လည်မှု ပုဒ်မ ၄၂၀ လား၊ တရားမကြောင်းအရ ပဋိညာဉ်ဖောက်ဖျက်မှုဖြစ်၍ ရဲက အမှုဖွင့်မပေးနိုင်သည့်အမှုလား** ဆိုသည်များကို ရဲစခန်းမှ မြို့နယ်၊ မြို့နယ်မှခရိုင်၊ (လိုအပ်ပါက တိုင်း/ပြည်နယ်)အဆင့်အထိတင်ပြ၍ ချင့်ချိန်မှုရယူအတည်ပြုပြီးမှ ရဲက ၄၀၆ ဖြင့် ဖွင့်သင့်ပါက ၄၀၆၊ ၄၂၀ ဖြင့်ဖွင့်သင့်ပါက ၄၂၀ အရရေးဖွင့်ရကြောင်း၊ တရားမကြောင်းဖြင့် ဖွင့်ရမည်ဆိုပါက တရားရုံးသို့လျှောက်ထားရကြောင်း စသည်ဖြင့် လာရောက်တိုင်ကြားသူအား ပြေပြစ်ချောင်စွာဖြင့် နားလည်သဘောပေါက်အောင် ရှင်းပြရမည်ဖြစ်ပါသည်။ ထိုသို့မရှင်းပြဘဲ တရားမကြောင်းအရ ရဲအရေးမပိုင်မှုဆိုကာ တိုင်ကြားသူကို တရားရုံးသို့ သွားခိုင်းနေသည့် ရဲတို့၏လုပ်ရပ်များကြောင့်လည်းကောင်း၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို မသိကြရှာသည့် ပြည်သူများအနေဖြင့် အမှုတိုင်ကြားမည့်သူသည် ရဲ၏မပြေမပြစ်ဆက်ဆံမှုကို ကျေနပ်မှုမရှိသောကြောင့်လည်းကောင်း သက်ဆိုင်ရာများသို့ တိုင်ကြားမှုများ ပေါ်လာရခြင်းဖြစ်ကြောင်း တွေ့ရှိနေရပါသည်။ အချို့သော တိုင်ကြားသူများသည် အမှုလာတိုင်စဉ်ကတည်းက **"ပုဒ်မ ၄၂၀ နဲ့ဖွင့်ပေးပါ" "ပုဒ်မ ၄၀၆ နဲ့ဖွင့်ပေးပါ"** ဟု ပုဒ်မတပ်၍ ဖွင့်ခိုင်းသည်များလည်းရှိရာ ဤကဲ့သို့သောသူနှင့် တွေ့လျှင်လည်း ရဲက စိတ်ရှည်သည်းခံ၍ ရှင်းပြရန် လွန်စွာအရေးကြီးပါသည်။ ငွေကြေးနှင့် ပစ္စည်းဆိုင်ရာကိစ္စများတွင် ပုဒ်မ ၄၂၀ လား၊ ပုဒ်မ ၄၀၆ လား၊ တရားမကြောင်းလား ဆိုသည်များအတွက် ချက်ချင်းအမှုရေးဖွင့်ခြင်း မပြုရသည့်အကြောင်းကို တိုင်ကြားသူအားရေလည်စွာရှင်းပြရန်လိုပါသည်။ **(အကြောင်းမှာ ချက်ချင်းရေးဖွင့်မပေးရကောင်းလားဆိုပြီး ဆိုင်ရာများသို့ တိုင်ကြားမှုများ ရှိနေသည်ကို ကြားသိနေရ၍ဖြစ်ပါသည်။)**

> **တရားမကြောင်းအရ ရဲအရေးမပိုင်မှုဆိုကာ တိုင်ကြားသူကို တရားရုံးသို့ သွားခိုင်းနေသည့် ရဲတို့၏လုပ်ရပ်များကြောင့်လည်းကောင်း၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို မသိကြရှာသည့် ပြည်သူများအနေဖြင့် အမှုတိုင်ကြားမည့်သူသည် ရဲ၏မပြေမပြစ်ဆက်ဆံမှုကို ကျေနပ်မှုမရှိသောကြောင့်လည်းကောင်း သက်ဆိုင်ရာများသို့ တိုင်ကြားမှုများ ပေါ်လာရခြင်းဖြစ်။**

အကယ်၍ တရားရုံးသို့ ဦးတိုက်လျှောက်ထား စွဲဆိုရမည့် ကိစ္စများဖြစ်ပါကလည်း သေချာစွာရှင်းပြရမည့်အပြင် ယနေ့ ရဲစခန်းများ၌ ဆောင်ရွက်ပေးနေကျမြဲဖြစ်သော **ပုံစံ"က"နှင့်ပုံစံ "ခ"**တို့တွင် ရေးသွင်းရမည့် အချက်များရေးသွင်းကာ ရဲအနေဖြင့် တရားရုံးသို့ လိုက်လံပို့ဆောင်၍ စီစဉ်ဆောင်ရွက်ပေးသင့်သည်များကို ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိုသို့ လိုက်လံဆောင်ရွက်ပေးရန်လည်း ခရိုင်၊ မြို့နယ်စသည့် အထက်အဆင့်ဆင့်က မှာကြားပေးရမည်ဖြစ်ပါသည်။ **(သာမန်အားဖြင့် "တရားရုံးသို့သာသွားရန်" ဟုဆိုပြီး မျက်နှာလွှဲစကားပြောသောကြောင့်လည်း တိုင်ကြားသူက ရဲ၏ဆက်ဆံမှုအပေါ် မကျေနပ်သောကြောင့် ဆိုင်ရာများသို့ တိုင်ကြားမှုများ ရှိနေသည်ကို ကြားသိနေရ၍ဖြစ်ပါသည်။)**

ယခုဆောင်းပါး၏ အဓိကရည်ရွယ်ချက်မှာ ရဲစခန်းရှိရဲများက ပြည်သူများအား ဥပဒေပုဒ်မ၏ သဘောတရား၊ ရဲလုပ်ထုံးလုပ်နည်းတို့ကို စိတ်ရှည်စွာသည်းခံပြီး ရှင်းလင်းပြသမှုမရှိသောကြောင့် **"ကူညီပါရစေ"** ဆိုသော (Motto) ဆောင်ပုဒ်သည် ပြည်သူ၏ယုံမှားမှုများ ဖုံးလွှမ်းခံနေရ၍ မှေးမှိန်နေရခြင်းဖြစ်ကြောင်း၊ ပြည်သူတို့ နစ်နာမှုကို အပတ်တကုတ်ဖော်ထုတ်ပေးနေသည့် ရဲများသည် စိတ်မရှည်မှု၊ သည်းခံမပေးမှု၊ ရဲအရေးမပိုင်သောကိစ္စ မဟုတ်စေကာမူ အရေးတယူ လိုက်လံကူညီမပေးမှု၊ မိမိတို့ကိုယ်တိုင်လည်း အပြောအဆို လိမ္မာပါးနပ်ခြင်းမရှိမှုတို့ကြောင့် မိမိတို့ ရဲတပ်ဖွဲ့စွမ်းဆောင်ရည်များ အသိအမှတ်ပြုမခံရသည့် အနေအထားမျိုးသို့ ရောက်ရှိနေခြင်းဖြစ်ကြောင်း စသည်တို့ကို မိမိတို့ရဲများအပိုင်းက သိရှိစေလို၍ စေတနာကောင်းဖြင့် ဖော်ပြလိုက်ရပါသည်။ ။

ကထိန်အလှူတော်မင်္ဂလာ
ကုသိုလ်ရယူသာဓုအနုမောဒနာခေါ်ဆိုနိုင်ပါရန် ဖိတ်ကြားခြင်း

နိုင်ငံတော်တစ်ဝန်းရှိ စိတ္တသုခကမ္မဋ္ဌာန်းကျောင်း(၄၇)ကျောင်း၏ ပဓာနနာယက၊ သက်တော်(၉၁)နှစ်ရှိတော်မူသော သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တဉာဏစက္က အမျိုးပြုသော မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ စကားအင်းကျေးရွာ၊ မင်္ဂလာဇေယျံကျောင်းတိုက်တွင် ဝါဆိုဝါကပ်တော်မူကြသော သံဃာတော် အရှင်သူမြတ်များနှင့် ပင့်သံဃာအပါး(၂၀၀)ကျော်တို့အား ကထိန်လျာသင်္ကန်းကပ်လှူခြင်း၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် စတုဒိသာကျွေးမွေးလှူဒါန်းခြင်း အစရှိသည့် ကထိန်အလှူတော်မင်္ဂလာအခမ်းအနားကို မြန်မာသက္ကရာဇ် ၁၃၇၅ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ရက်၊ ၁၁-၁၁-၂၀၁၃ရက်(တနင်္လာနေ့)နံနက် (၉း၀၀)နာရီတွင် အဆိုပါကျောင်း၌ ပြုလုပ်ကျင်းပမည်ဖြစ်ပါသဖြင့် ဆရာတော်ကြီး၏ ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများနှင့် ဓမ္မမိတ်ဆွေအပေါင်းအား ကြွရောက်ကြည်ညိုကုသိုလ်ရယူ၍ သာဓုအနုမောဒနာခေါ်ဆိုနိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကထိန်အလှူရှင်မိသားစု
ဦးစံရွှေအောင်(ညွှန်ကြားရေးမှူးချုပ်)ဇနီး ဒေါ်အေးအေးသန်း



သိပ္ပံကျော်-ဦးကျော်မြင့်
School of MATHS IGCSE, GCE (A), SAT
၁၀၈၊ ၄(လွှာ)၊ ဗန္ဓုလနှင့် ကုန်သည်ကြား
ဖုန်း-၀၉- ၅၀၀၇၈၉၆၊ ၀၁-၃၈၆၆၃၉

ဖခင်အမည်မှန်
မောင်စိုးဇေယျာတူး (N/2327) ရေဝတီတပ်ခွဲ (ပ)နှစ် ရေကြောင်းကောလိပ်၏ ဖခင်အမည်မှန်မှာ ဦးငွေမင်းထူး [၅/မရန(နိုင်)၀၅၆၁၀၅]ဖြစ်ပါသည်။
ဦးငွေမင်းထူး

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားမှ အောက်ဖော်ပြပါ လုပ်ငန်းများအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များသို့ မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-
(က) ရန်ကုန်- မန္တလေးလမ်းပိုင်း၌ ပြေးဆွဲလျက်ရှိသည့် အမြန်ရထားကြီးများ၏ လူစီးတွဲများ၌ ကြော်ငြာတပ်ဆင်ခြင်းလုပ်ငန်း
(ခ) ရန်ကုန်- မန္တလေးလမ်းပိုင်း၌ပြေးဆွဲလျက်ရှိသည့် အမြန်ရထားကြီးများ၏ လူစီးတွဲများ၌ ရုပ်မြင်သံကြားစက်များ တပ်ဆင်၍ ကြော်ငြာခြင်းနှင့် ဖျော်ဖြေရေး အသိပညာပေးရေး လုပ်ငန်း
(ဂ) ရန်ကုန်မြို့ပတ်၊ ရိုးရိုးတွဲဆိုင်း(၁၄)ဆိုင်း၌ ကြော်ငြာတပ်ဆင်ခြင်းလုပ်ငန်း
(ဃ) မြန်မာ့မီးရထားပိုင်မြေများ၊ မြစ်ကူးတံတားများ၊ လူကူးခုံးကျော်တံတားများတွင် ကြော်ငြာတပ်ဆင်ခြင်းလုပ်ငန်း

၂။ ဖော်ပြပါ တင်ဒါအတွက် တင်ဒါစည်းကမ်းချက်၊ တင်ဒါအဆိုပြုလွှာပုံစံများကို (၁)စုံလျှင် ကျပ် (၁၀၀၀၀ိ/-) ဖြင့် ၈-၁၁-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း မန်နေဂျာ (စီးပွားရေး) တိုင်းအမှတ် (၇) ရန်ကုန်ဘူတာကြီး၊ မန်နေဂျာ (စီးပွားရေး) တိုင်းအမှတ်(၃) မန္တလေးဘူတာကြီးနှင့် စီးပွားရေးဌာန၊ နေပြည်တော်ဘူတာကြီးများ၌ ဝယ်ယူနိုင်ပါသည်။

၃။ သက်ဆိုင်ရာလုပ်ငန်းအလိုက် တင်ဒါအဆိုပြုလွှာများကို စာအိတ်(က)ဖြင့် လည်းကောင်း၊ ငွေကြေးဆိုင်ရာ အဆိုပြုလွှာများကို စာအိတ်(ခ)ဖြင့်လည်းကောင်း၊ ပြည့်စုံစွာဖော်ပြလျက် နေပြည်တော်ဘူတာကြီးရှိ မြန်မာ့မီးရထား၊ စီးပွားရေးဌာန၊ ဒုတိယအထွေထွေမန်နေဂျာ (စီးပွားရေး) ရုံးသို့ ၂၂-၁၁-၂၀၁၃ရက် (၁၂း၀၀) နာရီ နောက်ဆုံးထားပေးပို့သွားရမည်။ သတ်မှတ်ကာလထက် နောက်ကျပေးသွင်းပါက လက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ ဖုန်း-၀၆၇-၇၇၀၄၈၊ ၇၇၀၈၃၊ ၇၇၁၂၃၊ မန်နေဂျာ (စီးပွားရေး) တိုင်းအမှတ်(၇) ရန်ကုန်မြို့၊ ၀၁-၃၉ ၃၄၂၈၊ ၇၀၄၇၉၁၊ မန်နေဂျာ(စီးပွားရေး) တိုင်းအမှတ်(၃) မန္တလေးမြို့၊ ၀၂-၆၆၇၆၄သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ



နိုင်ငံသားပိုင် သံတော်မြတ်ဘိလပ်မြေစက်ရုံကြီး ပေါ်ပေါက်လာတော့မည်

ထွန်းထွန်းနိုင်
(ကျောက်ဆည်)

အခြေခံအဆောက်အအုံလိုအပ်ချက်များ ပြည့်မီရန်အတွက် အဓိကကုန်ကြမ်းအဖြစ် အသုံးပြုလျက်ရှိသည့် ဘိလပ်မြေကို နိုင်ငံအတွင်းမှတစ်နှစ်လျှင် တန်လေးသန်းခန့်သာ ထုတ်လုပ်လျက်ရှိပြီး လုံလောက်စွာ ထုတ်လုပ်နိုင်စွမ်းမရှိသေးသဖြင့် ပြည်ပနိုင်ငံများမှ တင်သွင်းလျက်ရှိသည်။

အခြေခံအဆောက်အအုံအတွက် အဓိကကုန်ကြမ်းဖြစ်သည့် ဘိလပ်မြေ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်အတွက် ကျောက်ဆည်မြို့၏အရှေ့ဘက် မှိုင်းပန်ကျေးရွာနှင့် နှစ်မိုင်ခန့်အကွာ မှိုင်းပန်ကျေးရွာပိုင် ကွင်းအတွင်း သံတော်မြတ်တောင်ကိုအမှီပြုပြီး သံတော်မြတ်ဘိလပ်မြေစက်ရုံကြီးကို တည်ဆောက်လျက်ရှိသည်။ သံတော်မြတ်ဘိလပ်မြေစက်ရုံကြီးကို သဘာဝပတ်ဝန်းကျင် ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်ပေါ်စေရေး နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်လျက်ရှိသည်။

သံတော်မြတ်ဘိလပ်မြေစက်ရုံ စီမံကိန်းကို မြန်မာနိုင်ငံသား တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင် ခြောက်ဦးက အစုရှယ်ယာများ ထည့်ဝင်လျက် ၂၀၁၀ ခုနှစ်တွင် သံတော်မြတ်ကုမ္ပဏီအဖြစ် မှတ်ပုံတင်ကာ ဒီဇင်ဘာလတွင် စီမံကိန်းကို စတင်အကောင်အထည်ဖော်ခဲ့သည်။ စက်ရုံ၏ အကျယ်အဝန်းမှာ ၁၆၅ ဒသမ ၇၆ ဧက ကျယ်ဝန်းသည်။ စက်ရုံမြေနေရာ ရရှိမှုနှင့်ပတ်သက်ပြီး "ကျွန်တော်တို့ စက်ရုံစီမံကိန်းကို ၂၀၁၀ မှာ စတာပါ။ လိုအပ်တဲ့မြေနေရာကို နိုင်ငံတော်အစိုးရကို တင်ပြပြီး ဒေသခံတောင်သူတွေနဲ့တွေ့ဆုံကာ ကာလပေါက်ဈေးနဲ့ ဝယ်ယူခဲ့တာပါ။ အစက ကျွန်တော်တို့ စက်ရုံက တန် ၂၀၀၀ သာထုတ်လုပ်ဖို့ ရည်ရွယ်ခဲ့တာပါ။ နောက်မှ နိုင်ငံရဲ့ ဘိလပ်မြေလိုအပ်ချက်ပြည့်မီအောင် တန် ၅၀၀၀ ထုတ်လုပ်ဖို့စီစဉ်ပြီး လိုအပ်တဲ့ မြေနေရာကို လယ်ပိုင်ရှင်တွေ၊ ဒေသဆိုင်ရာ အာဏာပိုင်တွေ၊ အဖွဲ့အစည်းအသီးသီးနဲ့ တွေ့ဆုံပြီး ကာလပေါက်ဈေးနဲ့

ဝယ်ခဲ့တာပါ။ လယ်သမားတွေနဲ့ အရှုပ်အရှင်းမရှိပါဘူး"ဟု စီမံကိန်းမန်နေဂျာ ဦးတင်ဝင်းအောင်၏ ပြောပြချက်အရ သိရသည်။

ဘိလပ်မြေထုတ်လုပ်ရာတွင် အဓိကကုန်ကြမ်းအဖြစ် အသုံးပြုသည့် ထုံးကျောက်နှင့် ရွှံ့စေးတို့ကို စီမံကိန်းဧရိယာဝန်းကျင်မှ ရယူဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်ကုန်ကြမ်းများကို အခြားဒေသများမှ ရယူသွားမည်ဖြစ်သည်။ ကုန်ကြမ်းအဖြစ် အဓိကအသုံးပြုရသည့် ထုံးကျောက်တောင် ရရှိမှုနှင့်ပတ်သက်ပြီး "ကျွန်တော်တို့ ထုံးကျောက်ကို ဒီသံတော်မြတ်တောင်က ရယူသွားမှာပါ။ ဒီလုပ်ကွက်က စက်မှုဝန်ကြီးဌာနက ရထားတာပါ။ စက်မှုဝန်ကြီးဌာနကနေ ကျွန်တော်တို့အတွက် ပြန်ပြီးခွဲပေးတာပါ။ ခွဲပေးတာလည်း လုပ်ထုံးလုပ်နည်းနဲ့အညီ သတ္တုဝန်ကြီးဌာနကို ပြန်အပ်၊ ကျွန်တော်တို့က ပြန်လျှောက်ပြီး ရယူတာပါ။ နှစ် ၂၀ စာချုပ်နဲ့ပါ" ဟု စီမံကိန်းမန်နေဂျာက ထပ်မံပြောပြသည်။

စက်ရုံစီမံကိန်းဧရိယာအတွင်း တည်ရှိသော သာသနိက အဆောက်အအုံများနှင့် ဘုရား၊ စေတီပုထိုးများကို အများပြည်သူစိုးရိမ်သကဲ့သို့ ကွယ်ပျောက်မှုမရှိစေရန် ထိန်းသိမ်းစောင့်ရှောက်မှုနှင့် ပတ်သက်၍ "ကျွန်တော်တို့ စီမံကိန်းဧရိယာအတွင်းမှာရှိတဲ့ ဘုရား၊စေတီတွေက ရှေးဟောင်းဘုရားတွေပါ။ အများပြည်သူတွေ စိုးရိမ်သလို ကျွန်တော်တို့ မလုပ်ပါဘူး။ စက်ရုံကြီးပြီးသွားရင် အကုန်လုံး ပြုပြင်ဆောင်ရွက်သွားဖို့ အစီအစဉ်ရှိပါတယ်။ အခုတောင် ဆုတောင်းပြည့် သံတော်မြတ်စေတီတော် ဘုရားဝင်းကို အုတ်တံတိုင်းကာရံခြင်း၊ မုခ်ဦးဆောက်လုပ်ခြင်းတို့ ဆောင်ရွက်ခဲ့ပါတယ်။ တောင်ပုလုတောင် တစ်တောင်လုံးကိုလည်း အုတ်တံတိုင်းကာရံပေးပါတယ်။ သံတော်မြတ်တောင်ပေါ်မှာရှိတဲ့ စေတီတော်ဝန်းကျင် ၆၆ ဧကကိုလည်း သာသနာ့နယ်မြေအဖြစ်သတ်မှတ်ပြီး လုပ်ကွက်ထဲ ထည့်မထားပါဘူး။ သာသနာ့အဆောက်အအုံတွေ ပြင်တဲ့အတွက် ကုမ္ပဏီတစ်ခုတည်း လုပ်တာမဟုတ်ဘဲ သက်ဆိုင်ရာ ကျေးရွာတွေက အာဏာပိုင်တွေ၊ လူမှုရေးအဖွဲ့အစည်းတွေ၊ ကျောင်းထိုင်ဆရာတော်တွေနဲ့ တိုင်ပင်ပြီးမှ လုပ်တာပါ"ဟု စက်ရုံမှူး ဦးအုန်းကြိုင်၏ ပြောပြချက်အရ သိရသည်။

သံတော်မြတ်ဘိလပ်မြေစက်ရုံကြီး ပေါ်ပေါက်လာခြင်းအားဖြင့် ဒေသခံလုပ်သားများကို အရည်အချင်းနှင့်ကိုက်ညီသည့် နေရာများတွင် အများဆုံးခန့်ထားပေးသွားမည်ဖြစ်၍ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာမည်ဖြစ်ကြောင်း၊ ပညာရှင်များသာ အဝေးနယ်မှ ခန့်ထားသွားမည်ဖြစ်ကြောင်း၊ စက်ရုံပေါ်ပေါက်လာခြင်းအားဖြင့် လုပ်သားအင်အား ၈၀၀ မှ ၁၀၀၀ ကြား လိုအပ်မည်ဖြစ်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပတ်သက်၍လည်း "အခုချိန်ကတော့ စီမံကိန်းကာလဖြစ်တဲ့အတွက် မြန်မာလုပ်သား ၃၀၀ လောက်ပဲ ဆောက်လုပ်ရေးလုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်နေတာ။ ကျွန်တော်တို့က ဒီစက်ရုံကြီးကို တရုတ်နိုင်ငံ Sinoma International Engineering Co.,Ltd. ကို ပုတ်ပြတ်စနစ်နဲ့ လုပ်ငန်းအပ်ခဲ့တယ်။ စက်တပ်ဆင်တာ၊ အဆောက်အအုံကအစပေါ့။ စက်ရုံကြီးပြီးလို့ စက်တွေလည်ပတ်ရင် ပညာရှင်အနည်းငယ်ပဲချန်ထားပြီး နောက်ပိုင်းမှာ မြန်မာလုပ်သားကျွမ်းကျင်သူတွေမွေးပြီး အကုန်လုံး မြန်မာလုပ်သားတွေနဲ့ လည်ပတ်သွားမှာပါ"ဟု စက်ရုံမှူး ဦးအုန်းကြိုင်၏ ပြောပြချက်အရ သိရသည်။

သံတော်မြတ်ဘိလပ်မြေစက်ရုံ စီမံကိန်းမှ စက်ရုံကြီး မပြီးစီးခင်ကတည်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဒေသခံများ၏အကျိုးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ နိုင်ငံ၏ ဘိလပ်မြေလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးဆိုသည့် ရည်မှန်းချက် (၃)ရပ်ကို ဆောင်ရွက်လျက်ရှိရာ စက်ရုံဧရိယာအတွင်းရှိ သာသနိက အဆောက်အအုံများ ပြင်ဆင်ခြင်းအပြင် စီမံကိန်း တည်ရှိရာ နယ်မြေဒေသများတွင် လျှပ်စစ်မီးလင်းရေး၊ စာသင်ကျောင်းများ ဆောက်လုပ်ပေးခြင်းနှင့် လိုအပ်သည်များ ကူညီထောက်ပံ့ခြင်းနှင့် သွားလာမှုလွယ်ကူစေရန် လမ်းတံတားများ ဖောက်လုပ်ပေးခြင်း၊ ဒေသခံများ၏ ကျန်းမာရေး၊ ရိုးရာပွဲတော်များတွင်လည်း လှူဒါန်းပါဝင်ပေးခြင်းများကို ယခုအချိန်ကတည်းက ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် လိုအပ်လျက်ရှိသော အခြေခံအဆောက်အအုံကဏ္ဍအလိုက် အဓိကကုန်ကြမ်းဖြစ်သည့် ဘိလပ်မြေကို ၂၀၁၅ ခုနှစ် နှစ်ဆန်းပိုင်းမှ စတင်ကာ တစ်နှစ် တန်ချိန် ၁ ဒသမ ၂ သန်းခန့် ထုတ်လုပ်ပေးသွားမည်ဖြစ်ကြောင်း စီမံကိန်းတာဝန်ရှိသူများ၏ ပြောကြားချက်များအရ သိရသည်။

အလုပ်အကိုင်အခွင့်အလမ်း/ စီးပွားရေးကြော်ငြာ

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

Win & Brothers Co.,Ltd တွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါ ရာထူးများအတွက် ဝန်ထမ်းများအလိုရှိပါသည်။

1. **Sales Manager** **ကျား(၁)ဦး**
-Any Graduate၊ Master Degree (သို့) Salesနှင့် သက်ဆိုင်သော Diplomaရရှိသူ၊ အသက် ၃၅ မှ ၄၀ နှစ်ဝန်းကျင်၊ FMCGနှင့် ပတ်သက်၍ Sales Managerရာထူးဖြင့် လုပ်ငန်းအတွေ့အကြုံ(၃)နှစ်ရှိသူ၊ Computer ကျွမ်းကျင်၍ Sales Plan/Strategies/ Report များအား ကောင်းစွာရေးဆွဲနိုင်သူ။
2. **Sales Supervisor** **ကျား(၅)ဦး**
-Any Graduate၊ Sales & Marketing နှင့်သက်ဆိုင်သော Diploma (သို့)Certificateရရှိသူ၊ အသက် ၂၅ မှ ၃၀ နှစ်ဝန်းကျင်၊ FMCGနှင့် ပတ်သက်၍ Sales Supervisorရာထူးဖြင့် အတွေ့အကြုံ(၃)နှစ်ရှိသူ၊ သက်ဆိုင်ရာနယ်မြေကျွမ်းကျင်၍ Distributionနှင့် Market Informationကို ထိရောက်စွာဖော်ဆောင်နိုင်သူ၊ Sales Teamကို ကောင်းမွန်စွာ ဦးဆောင်နိုင်သူ၊ ယာဉ်မောင်းလိုင်စင်ရှိ၍ နေရာဒေသမရွေးခရီးသွားလာနိုင်သူ။
3. **Sales Representative** **ကျား(၈)ဦး**
-Any Graduate အသက် ၂၅ နှစ်ဝန်းကျင်၊ အရောင်းနှင့် သက်ဆိုင်သော လုပ်ငန်းအတွေ့အကြုံ (၂)နှစ်ရှိသူ၊ စာရင်းဇယားနိုင်နင်း၍ လူမှုဆက်ဆံရေးကောင်းမွန်သူ၊ ကျန်းမာရေးကောင်းမွန်၍ နေရာဒေသမရွေးခရီးသွားလာနိုင်သူ။
4. **Driver** **ကျား(၈)ဦး**
-အခြေခံပညာအထက်တန်းအဆင့်၊ အသက် ၃၀ နှစ်ဝန်းကျင်၊ လိုင်စင်အနက် (သို့) အညို (သို့)အနီ ကိုင်ဆောင်ထားသူ၊ ယာဉ်မောင်းသက်တမ်း အနည်းဆုံး (၃)နှစ်ရှိသူ၊ Hand Gear, Ball Gear ကျွမ်းကျင်၍ နယ်ဝေးခရီးမောင်းနှင်နိုင်သူ။

မှတ်ချက်။ ။ရာထူးအားလုံးအတွက် နေရာဒေသမရွေးခရီးသွားလာနိုင်ရမည်ဖြစ်သည်။ လုပ်ငန်းအတွေ့အကြုံပေါ်မူတည်၍ အသက်နှင့် ပညာအရည်အချင်းကို လျှော့ပေါ့စဉ်းစားပေးမည်။

လျှောက်ထားလိုသူများသည် လျှောက်လွှာတွင် မိမိလျှောက်ထားလိုသည့် ရာထူးနှင့် ခန့်မှန်းလစာတို့ကို ဖော်ပြ၍ လိုင်စင်ဓာတ်ပုံ (၃)ပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ မှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်/ရဲစခန်းထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ သက်ဆိုင်ရာ အောင်လက်မှတ်မိတ္တူများနှင့် ကြေညာပါသည့်နေ့မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါလိပ်စာသို့ လာရောက်လျှောက်ထားနိုင်သည်။

*****လိုအပ်သော ရာထူးနှင့် သက်ဆိုင်သည့် အရည်အချင်းပြည့်မီသော လျှောက်ထားသူများကိုသာ လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။**

အမှတ်(၅)၊ အသောကလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၉၆၈၈၉၅၂

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

- အထွေထွေမန်နေဂျာ (၂)ဦးအလိုရှိသည်။
- အသက်(၃၅-၄၀) ဝန်းကျင်ရှိရမည်။
- အကျင့်စာရိတ္တကောင်းမွန်ပြီး သစ္စာရှိသူဖြစ်ရမည်။
- နေပြည်တော်နှင့် မန္တလေးမြို့များတွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး ဒေသခံကို ဦးစားပေးမည်။
- MBA ဘွဲ့ ရရှိပြီးသူကို ဦးစားပေးမည်။
- English 4 Skill ပိုင်နိုင်ကျွမ်းကျင်ရမည်။
- Computer, Internet, Email များကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်ရမည်။
- အစိုးရဌာနများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သူ ဖြစ်ရမည်။
- လိုအပ်လျှင် ခရီးဝေး၊ နယ်ထွက်ခြင်းများ ဆောင်ရွက်နိုင်ရမည်။
- Automobile Industry လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၅)နှစ်မှ အများဆုံး (၁၀)နှစ်အတွင်းရှိရမည်။
- မိမိလုပ်ငန်းနှင့်ပတ်သက်၍ မဟာဗျူဟာ၊ နည်းဗျူဟာများချမှတ်၍ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရမည်။
- လာရောက်လျှောက်ထားသူသည် အောက်ပါစာရွက်စာတမ်းများယူဆောင်လာရမည်-
  ၁။ မှတ်ပုံတင် (မိတ္တူ)၊
  ၂။ သက်ဆိုင်ရာ ဘွဲ့၊ သင်တန်း၊ ကျောင်း၊ ပညာအရည်အချင်း အောင်လက်မှတ်များ (မိတ္တူ)၊
  ၃။ သက်ဆိုင်ရာ ရပ်ကွက်၊ ရဲစခန်း၏နေထိုင်ကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်၊
  ၄။ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ

မှတ်ချက်။ Final Interview တွင် အထက်ပါ စာရွက်စာတမ်းများ၏ မူရင်းကို တင်ပြနိုင်ရမည်။

ဆက်သွယ်ရန်လိပ်စာ

MEGA RESOURCES Co.,Ltd

အမှတ်-၂၂၊ စီ၊ ကမ္ဘာအေးစေတီလမ်း၊ နှင်းဆီကုန်းဈေးရုံနောက်ကျော၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၅၂၇၀၇၊ ၀၁-၅၅၂၇၀၂

ဝန်ထမ်းအမြန်အလိုရှိသည်

Human Resource Executive Male/Female(1)Post

[illegible]

MYANMAR ZWE MANN Co., Ltd.
No.647, Mya Kan Thar (1) Street, Kamaryut Township, Yangon.
Tel:01-2304342, 2304346

ဂိတ်ခန်း ရောင်းမည်

၄၀' × ၆၀'၊ မြင်းခြံလမ်း၊
အောင်မင်္ဂလာအဝေးပြေးကားကွင်း၊
မင်္ဂလာဒုံ၊ ဖုန်း-၀၉-၂၃၀၀၇၅၂

ခြံရောင်းမည်

၁၀၀'×၄၀၀'၊ နှစ်(၆၀)ဂရန် အမည်ပေါက်၊
ပုလဲမြို့နယ်၊ အမှတ်(၃)လမ်းမကြီးဘေး
ဖုန်း-၀၉-၂၃၀၀၇၅၂

တိုက်ရောင်းမည်

ပေ(၄၀'×၆၀')၊ နှစ်(၆၀)ဂရန်အမည်ပေါက်၊
မင်္ဂလာဒုံမြို့နယ်၊ ဖုန်း-၀၉-၄၃၀၇၈၇၁၁

ဆောင်းရာသီအတွက် အသားအရေထိန်းသိမ်းနည်း

ကျွန်မတို့ အသားအရေဟာ ပူပြင်းခြောက်သွေ့တဲ့နွေရာသီ၊ ပူအိုက်စိုစွတ်တဲ့ မိုးရာသီတွေကို အံတုလို့ လာလိုက်ကြတာ ဟော. . . . . . ချမ်းအေးတဲ့ ဆောင်းရာသီအရောက်မှာတော့ အသားအရေတွေခြောက်သွေ့လာပြီး အချို့ကတော့ ခြောက်သွေ့ရုံမက အသားတွေယားယံ ပတ်ကြားအက်လာတတ်ကြပါတယ်။ ကဲ. . . ဒီတစ်နှစ်မှာတော့ အောက်ပါရိုးရှင်းလွယ်ကူတဲ့ နည်းလမ်းခြောက်သွယ်ဖြင့် ဆောင်းရာသီကို ကျော်ဖြတ်ရင်း အသားအရေထိန်းသိမ်းကြည့်လိုက်ကြရအောင်။



(၁) ဗီတာမင်အီး ပါဝင်မှု ပမာဏများတဲ့ မျက်နှာသစ်ဆပ်ပြာလေးတွေကို ဦးစားပေးရွေးချယ်ဝယ်ယူကြပါနော်။ သူက အသားအရေကို သန့်စင်စေရုံသာမက အာဟာရလည်းဖြစ်စေတယ်လေ။ နောက်ပြီး ရက်သတ္တတစ်ပတ်ကို တစ်ကြိမ်လောက် နွားနို့(အစိမ်း)နဲ့ မျက်နှာသစ်ပေးလိုက်ပါဦး။ နွားနို့က အသားအရေကို ဖြူစင်ဝင်းမွတ်ရုံသာမက အစိုဓာတ်ကိုပါ ထိန်းပေးတာကြောင့် ဆောင်းရာသီမှာ အသားအရေခြောက်သွေ့ကြမ်းတမ်းနေမှာကို စိတ်မပူရတော့ဘူးပေ့ါ။

(၂) ဆောင်းရာသီရဲ့ နေပူဒဏ်က နွေနေလိုပူပြင်းခြောက်သွေ့တာမို့ နေ့ဘက် အပြင်များများထွက်သူတွေအဖို့ ခရမ်းလွန်ရောင်ခြည်ရဲ့ ဒဏ်ကို ပိုခံစားရစမြဲပါပဲ။ နေလောင်ဒဏ်ကို ကာကွယ်နိုင်ရန်၊ နောက်ပြီး အသားအရေကို အာဟာရပြုပြီး အစိုဓာတ်ထိန်းသိမ်းနိုင်အောင် SPF များများပါတဲ့ မျက်နှာအောက်ခံကရင်မ်တွေ၊ အောက်ခံမိတ်ကပ်တွေကို ရွေးဝယ်တတ်ဖို့ အရေးကြီးပါတယ်။ အထူးသဖြင့် ကရင်မ်၊ မိတ်ကပ် ဘူးခွံပေါ်မှာ “winter cream၊ winter makeup” စာသားပါတာကို ရှာဝယ်နိုင်ရင်တော့ အကောင်းဆုံးရွေးချယ်မှုပေ့ါရှင်။

(၃) ခန္ဓာကိုယ်တွင်း အပူဓာတ်ကို လျှော့ချပေးနိုင်တဲ့ ဖရဲသီး၊ စိမ်းစားဥ၊ သခွားသီး၊ ဘယ်ရီသီးတွေ စားပေးပါ။ ဗီတာမင်နဲ့ ပရိုတင်းဓာတ်တွေကြွယ်ဝတဲ့ ဗာဒံစေ့၊ သစ်ကြားသီးတွေ စားပေးပါ။ မုန်ညင်းစိမ်းလိုမျိုး အစိမ်းရောင်လတ်လတ်ဆတ်ဆတ်ဟင်းသီးဟင်းရွက်တွေ စားပေးပါ။ ချမ်းအေးတဲ့ ဆောင်းရာသီရောက်ရင် လူ ၁၀ ဦးမှာ ရှစ်ဦးခန့် ဝမ်းချုပ်တတ်တာကြောင့် “နံနက် ငှက်ပျော၊ ည သဘော်”ဆိုတဲ့ ဆောင်ပုဒ်အတိုင်း အိပ်ရာထဖီးကြမ်းငှက်ပျောသီးမှည့်မှည့်၊ အိပ်ရာဝင်ခါနီး သဘော်သီးမှည့်မှည့်လေးတွေ စားပေးနိုင်ရင်တော့ အကောင်းဆုံးပေ့ါရှင်။

(၄) ဆောင်းရာသီက ချမ်းအေးပေမယ့် ရေလျှော့မသောက်ကြဘဲ နွေပူပူ ရင်ပူပူမှာ ရေသောက်သကဲ့သို့ ရေများများသောက်ပေးဖို့ လိုအပ်ပါတယ်။ ဒါမှ အသားအရေ အစိုဓာတ်ထိန်းသိမ်းရာရောက်ပြီး အသားပတ်၊ နှုတ်ခမ်းကွဲတွေ ဖြစ်မလာစေတော့ဘူးပေ့ါ။ ဒါတင်မကသေးပါဘူး ခန္ဓာကိုယ်တွင်း အူကလီစာတွေ အလုပ်ကောင်းကောင်းလုပ်တော့ ဓာတ်ကြီးလေးပါးမှန်ပြီး ဝက်ခြံတွေမပေါက်စေတော့ဘူးလေ။

(၅) ဆောင်းနံနက်တွေမှာ ဘယ်လောက်ပဲချမ်းနေပါစေ ရှုံးနောက်မကျစေဖို့ နံနက်အိပ်ရာထ ရေချိုးကြရတဲ့အခါ သွေးပူလေ့ကျင့်ခန်းလေးလုပ်ပြီးမှ ရေချိုးတော့ သိပ်မချမ်းတော့ဘူးပေ့ါ။ လူအများစုက ဆောင်းရာသီရောက်မှသာ ရေနွေးနဲ့ ရေချိုးကြတာကြောင့် ရေနွေးသုံးလေ့မရှိသူများအဖို့ သိသိသာသာ အသားအရေခြောက်သွေ့ပတ်ကြားတွေအက်လာပြီး အသားယားလာပါတော့တယ်။ ဖြစ်နိုင်ရင် ရေနွေးနဲ့ (လုံးဝ) ရေမချိုးကြပါနဲ့။ အကယ်၍ ရေနွေးသုံးချင်ရင် မိမိအသားအရေ ခံနိုင်ရုံလောက် အပူကိုသာသုံးပါ။ ရေနွေးအပူဓာတ်ကြောင့် အသားအရေမစိုပြည်တော့ဘဲ ညိုညစ်သွားတတ်တာကို သတိထားဦးနော်။

(၆) သိသိသာသာ အသားပတ်သူများအဖို့ moisturizer ပါတဲ့ ပေါင်ဒါ (သို့မဟုတ်) ကရင်မ်ပတ်ဖ်လေးတွေ ရွေးလိမ်းပေးသင့်ပါတယ်။ သူက မျက်နှာအစိုဓာတ်ကို ထိန်းသိမ်းပေးတော့ ဆောင်းရာသီမှာ အသားခြောက်တာတွေ၊ အသားအရေတင်းရင်းတာတွေကို လျော့ပါးသက်သာစေတယ်လေ။ ထိခိုက်လွယ်တဲ့ အသားအရေပိုင်ရှင်အချို့က moisturizer နဲ့ ဓာတ်မတည့်တတ်ပြန်ပါဘူး။ အဲဒီအခါ ညအိပ်ရာဝင်ခါနီးတိုင်း ရှားစောင်းလက်ပပ် (ဂျယ်လီ)လေး လိမ်းပေးပြီး ၁၅ မိနစ်ခန့်အကြာမှာ မျက်နှာကို ရေအေးအေး (ရေခဲရေမဟုတ်ပါ)နဲ့ သန့်စင်ပြီးမှ အိပ်ရာဝင်ကြပါနော်။

ကိုင်း. . . ဒါဆိုရင်ဖြင့် အထက်ပါနည်းလမ်းတွေကို လက်ကိုင်ထားရင်း“နေ့ပူလို့ညချမ်းတဲ့” ဒီတစ်နှစ်ဆောင်းဥတုကို ပျော်ပျော်ကြီး စောင့်မျှော်ကြိုဆိုကြပါစို့လားရှင်။

တင်ထက်ထက်ဇော်

ပျက်စီးသွားသောတံတားလေး ပြန်လည်တည်ဆောက်ပေးစေချင်

သတင်း-မင်းမင်းလတ်
(မန်းတက္ကသိုလ်)

နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်တွင် အောက်တိုဘာ ၂၆ ရက် မွန်းလွဲပိုင်းက ရွာသွန်းခဲ့သော မိုးကြောင့် ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်ကို ဆက်သွယ်ထားသော ဆင်သေချောင်းပေါ်တွင် တည်ဆောက်ထားသည့် မေတ္တာပေါင်းကူးတံတားသည် အောက်တိုဘာ ၂၇ ရက် ညပိုင်းက ချောင်းရေတိုက်စားခြင်းခံရကာ ရေစီးဖြင့် မျောပါပျက်စီးခဲ့ကြောင်း သိရသည်။

ယခုပျက်စီးသွားသော ဆင်သေချောင်း၏ မေတ္တာပေါင်းကူးတံတားသည် ၂၀၁၁ ခုနှစ်မှ စတင်တည်ဆောက်ပြီးစီးပြီး ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာအုပ်စုမှ ဒေသခံများအနေဖြင့် ပုဗ္ဗသီရိမြို့နယ် ဝဲကြီးကျေးရွာဘက်သို့လည်းကောင်း၊ဝဲကြီးကျေးရွာဘက်ခြမ်းမှ ဒေသခံများအနေဖြင့် ဇေယျာသီရိမြို့နယ်နှင့် တပ်ကုန်းမြို့နယ်ဘက်သို့ သွားလာရာတွင် လည်းကောင်း အဆိုပါ မေတ္တာပေါင်းကူးတံတားကို အဓိကအားထားပြီး သွားလာအသုံးပြုရသော တံတားဖြစ်ကြောင်း သိရသည်။

ပုဗ္ဗသီရိမြို့နယ် ဝဲကြီးကျေးရွာမှ ဦးမောင်ကြီးက “ကျွန်တော်တို့ ဝဲကြီးကျေးရွာနဲ့ဇေယျာသီရိမြို့နယ် ဝင်ပြန်ကျေးရွာကို ဆက်သွယ်ထားတဲ့ မေတ္တာပေါင်းကူးတံတား ရေတိုက်စား မျောပါသွားတဲ့အတွက် ဇေယျာသီရိဘက်ကို သွားချင်ရင် လယ်သာရွာဘက်ကနေ တစ်ကွေ့တစ်ပတ်ကြီးသွားလာနေရတာ ၁၅ မိုင်လောက်ဝေးတယ်။ ဝဲကြီးဒေသထွက်ကုန်ပစ္စည်းတွေကို တပ်ကုန်းမြို့ပေါ် သယ်ယူရောင်းဝယ်ဖောက်ကား စတဲ့အရောင်းအဝယ်လုပ်ငန်းတွေ၊ သံဃာတော်တွေ၊ ကျောင်းသားကျောင်းသူတွေ လမ်းခရီးသွားလာဖို့ အစစအရာရာ ခက်ခဲမှုတွေဖြစ်ပေါ်နေရပါတယ်။ ပျက်စီးသွားတဲ့ တံတားလေးကို ပြန်လည်ပြုပြင်တည်ဆောက်ပေးရင် အားလုံးအတွက် အဆင်ပြေသွားနိုင်ပါတယ်”ဟု ရှင်းပြသည်။

“ခေတ်အေးကျေးရွာ၊ ခရေပင်လမ်းခွဲ၊ ဝင်ပြန်ကျေးရွာတွေမှာ စာသင်ကျောင်းမရှိပါဘူး။ အဲဒါကြောင့် ဆင်သေချောင်းပေါ်မှာ တည်ဆောက်ထားတဲ့ မေတ္တာပေါင်းကူးတံတားကို ဖြတ်သန်းပြီး ဝဲကြီးကျေးရွာ အမကမှာ မူလတန်းအဆင့်ပညာသင်ကြားပြီး တစ်ဖန် ဝဲကြီးကျေးရွာ အနောက်ဘက်မှာရှိတဲ့ ကျောင်းကုန်းအလကမှာ အလယ်တန်းပညာ ဆက်လက် ပညာသင်ကြားကြရပါတယ်။ ဒါကြောင့် ယခု တံတားပျက်စီးသွားတဲ့အခါ လှေနဲ့တစ်မျိုး၊ ဝါးဖောင်နဲ့တစ်ဖုံ စီးနင်းသွားလာနေရတဲ့အတွက် ကျောင်းသား ကျောင်းသူတွေရဲ့ အသက်အန္တရာယ်ဟာ ဆင်သေချောင်းရေစီးနဲ့အတူ ထပ်မံမျောပါသွားဖို့ ကြုံတွေ့ရမှာကို တံတားမပြင်သရွေ့ကာလတစ်လျှောက်လုံး မိဘတွေအနေနဲ့ စိုးရိမ်နေကြရပါတယ်”ဟု ဇေယျာသီရိမြို့နယ် ဝင်ပြန်ကျေးရွာမှ ဒေသခံဦးပြည်အေးက ကြုံတွေ့နေရသည့် အခက်အခဲများကို ရှင်းလင်းပြောပြသည်။

သို့ပါ၍ ဇေယျာသီရိမြို့နယ် ခေတ်အေးအုပ်စု ဝင်ပြန်ကျေးရွာနှင့် ပုဗ္ဗသီရိမြို့နယ် ဝဲကြီးကျေးရွာသို့ ဆက်သွယ်ပေးထားသည့် ဆင်သေချောင်းပေါ်ရှိ ကျိုးပဲ့ပျက်စီး၍ ရေထဲမျောပါသွားသော မေတ္တာပေါင်းကူးတံတားအား သက်ဆိုင်ရာမှ အမြန်ဆုံးပြန်လည် ပြုပြင်ပေးရန် ဒေသခံများက လိုလားလျက်ရှိကြောင်း ထင်သာမြင်သာကဏ္ဍမှ ရေးသားတင်ပြအပ်ပါသည်။

စီးပွားရေးကြော်ငြာ



ငွေစိုက်ရင် ငွေသီးမယ့်မြေ

မကြာမီ ဖွံ့ဖြိုးလာတော့မည့် ကြည့်မြင်တိုင် တစ်ဖက်ကမ်းရှိ ရန်ကုန်မြို့၏ရှုခင်းကို ခံစားကြည့်ရှုနိုင်သည့်နေရာ (River View)၊ မြေ ပေ(၂၀×၄၀) (အိမ်+မီး) နှစ်ကွက်၊ ၁၂၅ သိန်း၊ ၁၃၅ သိန်း။

ဖုန်း-၀၁-၂၂၇၃၂၉၊ ၀၁-၂၁၄၉၇၃



တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
အင်ဂျင်နီယာသင်တန်းသားများ
အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ၊

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဘူးသူ (လူပျို)** ဖြစ်ရမည်၊

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ၊

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ၊

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်၊

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၁၈-၉-၂၀၁၃** ရက်နေ့မှ စတင်၍ **၃၀-၁၁-၂၀၁၃** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်၊

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်၊

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ၊** နံနက် ၉ နာရီမှ ၁၁ နာရီထိ၊

(ခ) **သင်္ချာ** ၊ မွန်းလွဲ ၁ နာရီမှ ၃ နာရီထိ၊

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ **၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်၊

၆။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်၊

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို ဟိုပုံးမြို့ (တောင်ကြီးခရိုင်)တွင်လူတွေ့စစ်ဆေးမည်၊ လူတွေ့အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်၊ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းနှင့်သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များတွင် **၂၉-၁၂-၂၀၁၃** မှ **၃၀-၁၂-၂၀၁၃** ရက်နေ့များအတွင်း မေးမြန်းနိုင်သည်၊

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၆၅၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၆၆၀၀၀/-** ၊ တတိယနှစ် **ကျပ် ၆၇၀၀၀/-**ရရှိမည်၊ ထို့အပြင် နိုင်ငံတော်မှ ခံစားခွင့်ပြုထားသော အပိုထောက်ပံ့ကြေး **ကျပ် ၃၀၀၀၀/-** အား ခံစားခွင့်ပြုသည်၊ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များခံစားခွင့်ရှိသည်၊

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း၊** အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်၊

(ခ) **တာဝန်ပေးအပ်ခြင်း၊** တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည်အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်၊

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း၊** တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်၊

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်၊** ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်၊

၁၀။ ရွေးချယ်ခံရသူများသည် သင်တန်းပြီးဆုံးပြီးနောက်တပ်မတော်တွင် အနည်းဆုံး ၁၀ နှစ်တာဝန်ထမ်းဆောင်ရမည်၊

ဝမ်းနည်းကြေကွဲခြင်း
ဦးကိုကိုသိန်း(ခ)ဦးကိုသိန်း(ညောင်တုန်း)
အသက်(၉၂)နှစ်

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်-ဒေါ်တင်အုန်းမြင့်တို့၏ ဖခင် ဦးကိုကိုသိန်း(ခ)ဦးကိုသိန်း(ညောင်တုန်း)သည် ၂-၁၁-၂၀၁၃(စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ
အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း
စက်မှုဝန်ကြီးဌာန

ဝမ်းနည်းကြေကွဲခြင်း
ဦးကိုကိုသိန်း(ခ)ဦးကိုသိန်း
အသက်(၉၂)နှစ်
လက်ထောက်အမှုဆောင်အင်ဂျင်နီယာ(ငြိမ်း)

ဦးသန်းအောင်-ဒေါက်တာခင်စန္ဒာအောင်(လက်ထောက်ညွှန်ကြားရေးမှူး၊ အခြေခံကျန်းမာဌာနစိတ်၊ ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်)တို့၏အဘိုး ဦးကိုကိုသိန်း(ခ)ဦးကိုသိန်းသည် ၂-၁၁-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူး (ပြည်သူ့ကျန်းမာ)နှင့်
အခြေခံကျန်းမာရေးဌာနစိတ်မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးခင်မောင်ယဉ် (၆၇)နှစ်
B.A,B.Ed
(ကျောင်းအုပ်ဆရာကြီး-ငြိမ်း)

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်နေ (ဦးမောင်စိန်-ဒေါ်အေးချစ်) တို့၏သား၊ ဒေါ်ပန်းသင်(ကျောင်းဆရာမ-ငြိမ်း)၏ ခင်ပွန်း၊ ဗိုလ်မှူးသန့်အောင်စိုး (တပ်မတော်၊ ရေ)-ဒေါက်တာသက်ဆုဝင်း(နေပြည်တော်ဆေးရုံ ခုတင်-၁၀၀၀) တို့၏ ဖခင်သည် ၅-၁၁-၂၀၁၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

စစ်တက္ကသိုလ်အမှတ်စဉ်(၄၁)
ကျောင်းဆင်း၊ တပ်မတော်(ရေ)မှ သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း
ဦးဇော်လွင်
အသက်(၅၂)နှစ်

သူငယ်ချင်း ဒေါ်သန်းသိန်း(အန်တီသိန်းအထည်ဆိုင်၊ အုတ်ကျင်း)၏ ခင်ပွန်း ဦးဇော်လွင်သည် ၄-၁၁-၂၀၁၃ (တနင်္လာနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အထက(၁) မရမ်းကုန်းမှ သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်ဌေးဖြူ
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ အမှတ်-၆၀၁-A၊ ညောင်တပင်လမ်း၊ ရွာသစ်(အရှေ့)အောင်ဆန်း၊ အင်းစိန်မြို့နယ်နေ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဒုတိယဥက္ကဋ္ဌ၊ ဟင်္သာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး-မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက ဒေါ်နီနီဝင်းတို့၏ချစ်လှစွာသော မိခင်ဒေါ်ခင်ဌေးဖြူသည် ၃၀-၁၀-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးမောင်မောင်စိန်
အနော်ရထာတာယာဆိုင်

အထူးဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးကြီး တင်ဦး (တပ်မတော်-ရေ-ငြိမ်း)
အသက်(၇၆)နှစ်

အမှတ်(၅၉)၊ သုမင်္ဂလာ(၂)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ်နေ ကပ္ပတိန်ညီညီ-ဒေါ်တင်ဝင်းဝင်းသန်းတို့၏ဖခင်သည် ၃-၁၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါကြောင်း။

ဗိုလ်မှူးကြီး မိုးအောင်-ဒေါက်တာအေးခိုင်ညွှန့်
တနင်္သာရီရေတပ်စခန်းဌာနချုပ်မှူး

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ဌေးဖြူ
အသက်(၈၈)နှစ်

ဒေါက်တာဖေမြတ်ဝင်း-ဒေါက်တာခင်လေးညို၊ ဦးဌေးဦး-ဒေါ်နီနီဝင်း၊ ဦးဝင်းနိုင်-ဒေါ်ခင်အေးဝင်းညိုတို့၏မိခင် ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်ခင်ဌေးဖြူသည် ၃၁-၁၀-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးဌေးလှိုင်-ဒေါ်လှဲ့လှဲ့ဦး
မာလာမြိုင်ကုမ္ပဏီလီမိတက်

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးကြီးတင်ဦး
အသက်(၇၆)နှစ်
(တပ်မတော်-ရေ-ငြိမ်း)

Captain ညီညီ-ဒေါ်တင်ဝင်းဝင်းသန်းတို့၏ဖခင် ဗိုလ်မှူးကြီးတင်ဦး(တပ်မတော်-ရေ- ငြိမ်း)(၇၆)နှစ်သည် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါ်ကျော့မြခင် (စိန်ပန်းခင်းရတနာ-ရွှေဘုံသာလမ်း)
ဒေါ်တင်တင်အေး (ထက်ဝဏ္ဏာကုမ္ပဏီလီမိတက်-ရွှေဘုံသာလမ်း)
ဒေါ်စန္ဒာလွင် (သက်ထားရတနာ-ဗိုလ်ချုပ်အောင်ဆန်းဈေး)

ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)
ဦးကိုကိုသိန်း(ခ)ဦးကိုသိန်း (ရာ/၈၁) (နာယက)
(လ/ထအမှုဆောင်အင်ဂျင်နီယာ၊ ငြိမ်း၊ ဆောက်လုပ်ရေး)
အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၁)၊ ဆရာထွန်းလမ်းနေ (ဦးဘတင်-ဒေါ်မိမိ)တို့၏သား (ဒေါ်ခင်ညိန်း)၏ခင်ပွန်း၊ ဒေါ်ခင်ဆွေသိန်း (မန်နေဂျာ၊ ဆသရ-ငြိမ်း)၊ ဦးမျိုးအောင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)-ဒေါ်တင်အုန်းမြင့်(အထပြ-ငြိမ်း)၊ ဒေါ်ခင်စန်းရီ(အထပြ-ငြိမ်း)၊ ဒေါက်တာဝင်းအောင်၊ ဒေါက်တာခင်လေးမြင့်တို့၏ ဖခင်ကြီးသည် ၂-၁၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၁-၂၀၁၃ ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအပ်ပါသည်။

အမှုဆောင်အဖွဲ့

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်အေးကြည်(ခ)ဒေါ်လင်ရှုတင်
အသက်(၇၇)နှစ်

ဦးခင်ဇော်-ဒေါ်စန်းစန်းအေးတို့၏ မိခင်ကြီး ဒေါ်အေးကြည်(ခ) ဒေါ်လင်ရှုတင် အသက်(၇၇)နှစ်သည် ၃၁-၁၀-၂၀၁၃ (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးသိန်းဝင်းဇော်-ဒေါ်တင်လတ်မင်း
ရွှေဗျိုင်းဖြူကုမ္ပဏီလီမိတက်

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးဟန်ညွန့်
အသက်(၇၂)နှစ်

မန္တလေးတိုင်းတရားသူကြီး(ငြိမ်း) ဆရာဦးဟန်ညွန့်သည် ၃၀-၁၀-၂၀၁၃ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါ်အေးသိန်း၊ ညွှန့်ညွှန့်လွင်၊ ခင်လှကြည်၊ စိုးခက်ခက်၊ နှင်းသီတာ၊ စန္ဒာအောင်၊ ကြည်ကြည်စိမ်း၊ ဌေးမြင့်အေး၊ သော်ဒါစိန်။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဒေါ်သိန်းသိန်း (၆၃)နှစ်
(မောင်ကြိုင်လက်ဖက်ရည်ဆိုင်)

သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၃)ရပ်ကွက်၊ မာလာမြိုင်လမ်း၊ အမှတ် (၄၀၂/ခ)နေ(ဦးကြိုင်-ဒေါ်ဘီ)(မောင်ကြိုင်လက်ဖက်ရည်ဆိုင်)တို့၏ သမီး၊ (ဦးနွဲ့-ဒေါ်သိန်းရှင်)တို့၏ သမီးချွေးမ၊ ဒေါ်စန်းစန်း၊ ဒေါ်ချိုချို ဦးသောင်းညွှန့်-ဒေါ်သန်းသန်းစိုး၊ ဦးအောင်မြင့်ထွန်း-ဒေါ်စံပယ်၊ ဦးလှဆွေ-ဒေါ်တင်တင်အေးတို့၏အစ်မ၊ (ဦးအေးမြင့်)၏ ချစ်လှစွာသောဇနီး၊ ဦးအောင်ဇော်မိုး-ဒေါ်နွယ်နီလှိုင်၊ ဦးကျော်စိုးမိုး-မဂျင်းမီ၊ ဦးငွေမင်းသိန်း၊ ဦးမျိုးမင်းအောင်-ဒေါ်စိုးစန္ဒာမိုးတို့၏မိခင်၊ မမိုးအိန္ဒြာအိအိခိုင်၊ မအိန္ဒြာထက်ထက်ခိုင်၊ မောင်အဂ္ဂဘုန်းခေါင်တို့၏အဘွားသည် ၃-၁၁-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၃(ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးဘိုးလှော်(ခနေဖြူ-သပြု)
အသက်(၇၅)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ သပြုကျေးရွာနေ (ဦးဖိုးသွင်-ဒေါ် စိုးရင်)တို့၏ သား၊ (ဦးမောင်တင်-ဒေါ်ငွေတင့်)တို့၏ သားသမက်၊ ဓနုဖြူမြို့နေ (ဒေါ်ခင်ထွေး)၏ခင်ပွန်း၊ ဦးအောင်မြင့်ဌေး-ဒေါ်မိမိခိုင်၊ ဦးသိန်းဝင်း-ဒေါ်တင်တင်ရီ၊ ဦးစံသိန်းကျော်(ခ)ဦးကျော်ကြီး-ဒေါ်ရှုခင်၊ ဒေါ်ချိုချိုဝင်းတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး ဦးဘိုးလှော်သည် ၅-၁၁-၂၀၁၃ (အင်္ဂါနေ့) နံနက် ၆ နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၃(ကြာသပတေးနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ဓနုဖြူမြို့ ဖိုးမြကုန်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်းအလှူဒါယကာကြီး
ဦးဇော်လွင်
အသက်(၅၂)နှစ်
(ညောင်ကျိုး)
လေ/၁၈၈၈၅ အုပ်ခွဲတပ်ကြပ်ကြီး(ငြိမ်း)

ရန်ကုန်မြို့နေ ဦးတင်အေး-ဒေါ်ထွားစိန်တို့၏သား၊ ဦးရီရှောင်-ဒေါ်ကူးမွှေး (ကျောက်စိမ်းမိသားစု)တို့၏သားသမက်၊ လှိုင်မြို့နယ်၊ အမှတ်(၂၈)၊ ရန်ကုန်-အင်းစိန်လမ်းမကြီးနေ ဒေါ်သိန်းသိန်း (အန်တီသိန်းအထည်ဆိုင်)၏ ခင်ပွန်း၊ မအေးမြင့်မြတ် (TTC)၊ မဖူးပွင့်သန့်(TTC)တို့၏ဖခင် ဦးဇော်လွင်သည် ၄-၁၁-၂၀၁၃ (တနင်္လာနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၁-၂၀၁၃ (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဗိုလ်ကြီးအီးစော(မ်)ဟန်(ငြိမ်း)
အသက်(၈၆)နှစ်
မြို့နယ်ပြည်သူ့ကောင်စီဥက္ကဋ္ဌ၊ တီးတိန်-(ငြိမ်း)
(ကလေး)

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ လုံးဖေကျေးရွာနေ (ဦးလင်းဇမ်း-ဒေါ် ဆွောင့်ဒိမ့်)တို့၏သား၊ ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ခေါ်ဆရွာနေ (ဦးဝိုင်ခိုထန်-ဒေါ်ဒိမ့်လျန်)တို့၏ သားသမက်၊ ကြို့သုံးပင်ရပ်ကွက်၊ ကလေးမြို့နေ ဒေါ် ကျင်းခိုဟောက်၏ခင်ပွန်း၊ ဒေါ်နီနီရွှေ (ဘက်စုံသားဖွားဆရာမ)၊ ဒေါ်မြင့်မြင့် (ဦးစီးအရာရှိ၊ စိုက်ပျိုးရေး)၊ ဒေါ်ကြည်ကြည်မြိုင် (အထက်တန်းသူနာပြု)၊ ဒေါ်တင်တင်ဝေ (အလပြ)၊ ဒေါ်လီလီဝေ (ဆသရ-ငြိမ်း)၊ ဒေါ်စီစီဝေ၊ ဒေါ်ချယ်ရီမြ (ဒုရဲအုပ်၊ မှုခင်းတပ်ဖွဲ့)၊ ဦးမောင်မောင်မြတ်ကျော်၊ ဒေါ်မန်ဇာပွေး(ခ) ဒေါ်စန်းစန်းထွေး(အား/ကာ ဆေးခန်း)၊ မောင်နန်ခန့်ပုမ်း(ခ)စိုင်းစောရွှေစင်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေး ၁၀ယောက် တို့၏အဘိုးသည် ၂၉-၁၀-၂၀၁၃(အင်္ဂါ နေ့) မွန်းလွဲ ၁ နာရီတွင် ကလေးမြို့ ဝယ်စလီဆေးရုံ၌ ခရစ်တော်တွင်အိပ်ပျော်သွားပါသဖြင့် ၃၁-၁၀-၂၀၁၃ ရက် ညနေ ၃ နာရီတွင် ကြို့သုံးပင် ခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘူးသီးတောင်မြို့နယ်အသင်း(ရန်ကုန်)
ဒေါ်ခင်အေး(ခ)ဒေါ်ကျော့ကျော့
အသက်(၅၇)နှစ်
ပြည်တွင်းအခွန်ဦးစီးဌာန၊
အောင်ဘာလေသိန်းဆုဌာနခွဲ
(စစ်တွေ)

တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည်(၁၄)လမ်း၊ အမှတ် (၆၃၅)နေ [ဦးစံအေး (ဥက္ကဋ္ဌ၊ ဘူးသီးတောင်မြို့နယ်အသင်း (ရန်ကုန်)] ၏ ချစ်လှစွာသောဇနီး ရာသက်ပန်အသင်းဝင်သည် ၁-၁၁-၂၀၁၃(သောကြာနေ့) ည ၁၀း၅၅ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၁၁-၂၀၁၃(တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းသူ/အသင်းသားများအား အသိပေးအပ်ပါသည်။

အမှုဆောင်အဖွဲ့

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တနန္ဒမာလာ
သိက္ခာတော်(၇၃)ဝါ၊ သက်တော်(၉၃)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့၊ လယ်ပြင်ကျောင်းတိုက်၊ ပဓာနနာယက ဝေဠုဝန်နိကာယ ဩဝါဒါစရိယဖြစ်တော်မူသော သက်တော်ရှည် ဆရာတော်ကြီး ဘဒ္ဒန္တနန္ဒမာလာ မထေရ်မြတ်သည် (၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်) ၅-၁၁-၂၀၁၃ (အင်္ဂါနေ့) နံနက် ၇ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်) ၁၁-၁၁-၂၀၁၃(တနင်္လာ နေ့) မွန်းလွဲ ၁ နာရီတွင် အန္တိမအဂ္ဂိစျာပနပူဇော်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်သံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအပ်ပါသည်။

အန္တိမအဂ္ဂိစျာပနကျင်းပရေးကော်မတီ

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ အာလောက
နိုင်ငံတော် သံဃသမ္မုတိယ သံဃာ့ကိုယ်စားလှယ်
တိုင်းသံဃနာယကအဖွဲ့ဝင်(ဟောင်း)
ချောင်းတွင်းသုဓမ္မာပဝါရဏာဂိုဏ်း၏ဒုတိယနာယက
သိက္ခာတော်(၅၇)ဝါ၊ သက်တော်(၇၆)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့၊ သလိပ်ကြီးကျေးရွာနေ ခမည်းတော် ဦးမြမောင်-မယ်တော် ဒေါ်မှင်တို့၏ ဒုတိယမြောက်သားတရနာ၊ ဖျာပုံမြို့နယ်၊ ချောင်းတွင်းရွာ၊ သီရိမင်္ဂလာသိမ်ကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တအာလောက အရှင်သူမြတ်သည် (၁၃၇၅ ခုနှစ်၊ သီတင်းကျွတ် လပြည့်ကျော် ၆ ရက်) ၂၅-၁၀-၂၀၁၃ (သောကြာနေ့) ညနေ ၆း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားသဖြင့် (၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်) ၁၀-၁၁-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိစျာပန သာဓု ကီဠနသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးရှိ တပည့် သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြာအပ်ပါသည်။

အန္တိမအဂ္ဂိစျာပနကျင်းပရေးကော်မတီနှင့်
တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများ

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တနန္ဒမာလာ
သိက္ခာတော်(၁၆)ဝါ၊ သက်တော်(၃၆)နှစ်
သာသနတက္ကသီလ ဓမ္မာစရိယ
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ဧရာဝတီဆောင် ကျောင်းသားဟောင်း
အုတ်ဖိုမြို့၊ သန္တိသုခကျောင်းတိုက် ပဓာနနာယကဆရာတော်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့၊ ကုန်းသာရွာနေ ခမည်းတော် ဦးတင်ပု-မယ်တော် ဒေါ်ခင်သန်းတို့၏ တတိယမြောက်သားရတနာ၊ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်၊ ချမ်းမြသာမြေရပ်ကွက်၊ သန္တိသုခကျောင်းတိုက်၏ ပဓာနနာယက၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၊ ဧရာဝတီဆောင် ကျောင်းသား ဟောင်းဖြစ်သည့် ဆရာတော်ဘဒ္ဒန္တနန္ဒမာလာ အရှင်မြတ်သည် (၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ရက်) ၃၁-၁၀-၂၀၁၃ (ကြာသပတေးနေ့) ညနေ ၃း၅၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်) ၇-၁၁-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် စျာပနအခမ်းအနားကျင်းပပူဇော်၍ မွန်းလွဲ ၁ နာရီတွင် အန္တိမအဂ္ဂိစျာပန ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်း တို့အား အသိပေးအပ်ပါသည်။

အန္တိမ အဂ္ဂိစျာပနကျင်းပရေးကော်မတီနှင့်
တပည့်သံဃာ ဒါယကာ၊ ဒါယိကာမများ

အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း
ဦးခင်မောင်တင်
အသက်(၈၀)
ဒုညွှန်မှူး(ငြိမ်း)

ရာသက်ပန် အသင်းဝင်အမှတ် (၄၅၆) ဦးခင်မောင်တင်သည် ၄-၁၁-၂၀၁၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၁-၂၀၁၃ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ၊ အသင်းသားများ သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့

ဘုရား၊ ရဟန်း၊ ကျောင်း အလှူ ဒါယကာကြီး
ဦးဇော်လွင်(ညောင်ကျိုး) (၅၂)နှစ်
လေ/၁၈၈၈၅
အုပ်ခွဲတပ်ကြပ်ကြီး(ငြိမ်း)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ နိဗ္ဗာန်လမ်း၊ တိုက်အမှတ်(၄)၊ သုံးလွှာနေ ဦးတင်အေး-ဒေါ်ထွားစိန်တို့၏သား၊ ဒေါ်အေးသင်၊ ဒေါ်မြကြည်၊ ဒေါ်စိန်သွယ်၊ ဦးမြထွန်းတို့၏တူ၊ ဦးအောင်မြင့်- ဒေါ်ခင်ရီ၊ ဦးအေးကျော်-ဒေါ်အေးအေးမြင့်တို့၏ညီ၊ ဒေါ်ခင်ချို၏မောင်၊ ဦးအေးလွင်-ဒေါ်လှဲ့လှဲ့ခိုင်၊ ဦးအေးနိုင်-ဒေါ်လှဲ့လှဲ့ဝင်းတို့၏အစ်ကို၊ တူ/တူမ ကိုးယောက်တို့၏ ဦးလေးသည် ၄-၁၁-၂၀၁၃ (တနင်္လာနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၁-၂၀၁၃ (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [လှိုင်မြို့နယ်၊ အမှတ်(၂၈)၊ ရန်ကုန်-အင်းစိန်လမ်း နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်)
ဦးဇော်လွင်(ညောင်ကျိုး)
အသက်(၅၂)နှစ်
လေ/၁၈၈၈၅ အုပ်ခွဲတပ်ကြပ်ကြီး(ငြိမ်း)
အင်္ဂပူမြို့နယ်အသင်း အလုပ်အမှုဆောင်

ရန်ကုန်မြို့နေ ဦးတင်အေး-ဒေါ်ထွားစိန်(သက်ကြီးကန်တော့ခံ)တို့၏သား၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ အမှတ်(၂၈)နေ ဒေါ်သိန်းသိန်း (အန်တီသိန်းအထည်ဆိုင်)၏ ချစ်လှစွာသောခင်ပွန်း၊ မအေးမြင့်မြတ်(TTC)၊ မဖူးပွင့်သန့်(TTC)တို့၏ချစ်လှစွာသောဖခင် ဦးဇော်လွင်သည် ၄-၁၁-၂၀၁၃ (တနင်္လာနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၁-၂၀၁၃ (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် အသင်းသူ၊ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

သံတွဲခရိုင်အသင်း(ရန်ကုန်)
ဦးခင်မောင်တင်(Albert)
(သံတွဲ)
အသက်(၈၀)
အကောက်အခွန် လ/ထညွှန်မှူး(ငြိမ်း)

ရန်ကုန်မြို့၊ ကမာရွတ်၊ လှည်းတန်း၊ (၈)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၃၃) နေ [ဦးအော်ဘရေး(ခ)ဦးဆံနီ-ဒေါ်မြရင်]တို့၏သား၊ ဒေါ်တင်တင်၏ မောင်၊ (ဦးထွန်းတင်)၊ ဒေါက်တာထွန်းအောင် (ဩစတြေးလျ)တို့၏ ညီ/မောင်သည် ၄-၁၁-၂၀၁၃ (တနင်္လာနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၁-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါသဖြင့် သံတွဲခရိုင်သူ/သားများအား အသိပေးအပ်ပါသည်။

အမှုဆောင်အဖွဲ့

ပဲခူးမြို့နယ်အသင်း(ရန်ကုန်)
ဦးခင်မောင်တင်(ခ)
Albert Aubrey
အသက်(၈၀)
အသင်းအမှုဆောင်ဟောင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်း၊ (၈)ရပ်ကွက်၊ အမှတ်(၃၃)၊ မင်္ဂလာလမ်းနေ [ဦးအော်ဘရေး(ခ) ဦးဆံနီ-ဒေါ်မြရင်]တို့၏ သားထွေး၊ (Dorise Koban)၏ ခင်ပွန်းသည် ၄-၁၁-၂၀၁၃(တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၁-၂၀၁၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါ၍ အသင်းသား/အသင်းသူများအား အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာ
ဦးသိန်းအောင်(လားရှိုး)(၆၇)နှစ်
ဒုအရာခံဗိုလ်(ငြိမ်း)

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ကြက်ဆူတောကျေးရွာနေ (ဦးအောင်ဆင့်-ဒေါ်ရှမ်း)တို့၏သား၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၀) ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ် (၅၈၀/က)နေ ဒေါ်စိန်မြင့်၏ခင်ပွန်း၊ ဦးအောင်သွင်ဦး-ဒေါ်အေးအေးကြိုင်၊ ကိုလှိုင်မင်းထွန်း၊ မလှိုင်လှိုင်မြင့် (Y.C.D.C)၊ ကိုမင်းသိန်း၊ မဝင်းဝင်းထွေး တို့၏ဖခင်၊ မောင်ငြိမ်းချမ်းဇော်၏ အဘိုးသည် ၅-၁၁-၂၀၁၃ (အင်္ဂါနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၃ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ဒဂုံတောင်ကြည်စုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ ကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်မာကြည်

အသက်(၇၁)နှစ်

ဦးကျော်ဆွေ (Famous Parami Construction)-ဒေါ်စန္ဒာဝင်းတို့၏မိခင်ကြီး ဒေါ်ခင်မာကြည် အသက်(၇၁)နှစ်သည် ၁-၁၁-၂၀၁၃ရက် ည ၁၀ နာရီတွင် အာရှတော်ဝင် အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးရဲမင်း-ဒေါ်သန်းသန်းဌေးမိသားစု

နေပြည်တော်

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး

ဒေါ်ခင်မေ(မိုးကောင်း)

အသက် (၈၆)နှစ်

သူငယ်ချင်း ဒေါက်တာနိုင်ဦး-ဒေါ်ခင်ဝတ်ရည်(USA)တို့၏ မိခင်ကြီး ဒေါ်ခင်မေ(မိုးကောင်း)သည် ၁၅-၁၀-၂၀၁၃ (အင်္ဂါနေ့)တွင် မန္တလေးမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

၁၉၇၉ စီးပွားရေးတက္ကသိုလ်ဘွဲ့ရ သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

ဦးထွန်းသင်

(ရေယာဉ်မှူး-ငြိမ်း)

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး

အသက်(၈၅)နှစ်

ဦးသန်းအောင်-ဒေါ်စန်းစန်းမော်(ဗိုတာဝန်မိသားစု ကွန်ကရစ်လုပ်ငန်းနှင့် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၏ ဖခင် ဦးထွန်းသင်သည် ၅-၁၁-၂၀၁၃ (အင်္ဂါနေ့) ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ရွှေမဲကုမ္ပဏီလီမိတက် ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းများ

ရွှေမေတ္တာအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး

Win အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး

အဲဗားအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးစိုးသန်း

အသက်(၅၉)နှစ်

ကျောင်းအုပ်ကြီး၊ အထက(၁)ရန်ကင်း

အစ်ကိုကြီး ကိုစိုးသန်း ၇-၁၀-၂၀၁၃ရက်က ခွဲခွာသွားတာ တစ်လတာ ပြည့်သွားပေမယ့် မိသားစုနဲ့ထပ်တူ ဝမ်းနည်း ကြေကွဲရပါသည်။

1975-80 B.Ed ညီ/ညီမများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးစိုးမိုးအောင်(ဦးစီးအရာရှိ၊ ဘူမိ/မိုင်း)

အသက်(၄၂)နှစ်

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်နေစဉ် ၄-၁၁-၂၀၁၃ရက်တွင် ဦးစိုးမိုးအောင်(ဦးစီးအရာရှိ ဘူမိ/မိုင်း)သည် ရုတ်တရက်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးဝင်းသန့်(ဒုတိယညွှန်ကြားရေးမှူး၊ လွန်တူး/မိုင်း)-ဒေါ်မြမြသန်း

ဦးမြင့်ဆွေ(ဦးစီးအရာရှိ၊ လွန်တူး/မိုင်း)-ဒေါ်လင်းမြတ်မြတ်မျိုး

လွန်တူးနှင့် မိုင်းဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန၊ မိတ္ထီလာမြို့

အထူးဝမ်းနည်းကြေကွဲခြင်း

တိုးကြီး(ခ)စိုးမိုးအောင် (ဦးစီးအရာရှိ၊ ဘူမိ/မိုင်း)

အသက်(၄၂)နှစ်

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်နေစဉ် ၄-၁၁-၂၀၁၃ရက်တွင် တိုးကြီး(ခ)ဦးစိုးမိုးအောင်(ဦးစီးအရာရှိ ဘူမိ/မိုင်း)သည် ရုတ်တရက်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ရန်ကုန်နည်းပညာတက္ကသိုလ် ဇီဝကဆောင်မှ သူငယ်ချင်းများ

2000 Batch B.E (Mining) မှ သူငယ်ချင်းများ

ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)

ဒေါ်ခင်ပြုံး(ခ)ဒေါ်ကြွက်(ဖျာပုံ)

အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၇)ရပ်ကွက်၊ (၂၃)လမ်း၊ အမှတ်(၁၇/အေ)နေ အမှုဆောင် ဒေါ်ကျင်ငြိမ်း၏ ကျေးဇူးရှင်မွေးသမိခင် ရာသက်ပန်အသင်းဝင် ကန်တော့ခံသက်ကြီး ဒေါ်ခင်ပြုံး(ခ) ဒေါ်ကြွက်သည် ၅-၁၁-၂၀၁၃(အင်္ဂါနေ့)တွင် ကွယ်လွန်ပါသဖြင့် ၇-၁၁-၂၀၁၃ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။

အမှုဆောင်အဖွဲ့

ဦးအမ်ဇော်ဆွေ (၄၄)နှစ်

မြစ်ကြီးနားမြို့၊ သီတာရပ်၊ အမှတ်(၅၉)နေဒုတိယဗိုလ်မှူးကြီးအမ်ဇော်ယော်(ငြိမ်း) (ကချင်ပြည်နယ် ကောင်စီဥက္ကဋ္ဌ-ငြိမ်း)-(ဒေါ်အယ်နန်ဘောက်)တို့၏ တစ်ဦးတည်းသောသား ဦးအမ်ဇော်ဆွေသည် ၅-၁၁-၂၀၁၃ရက် ညနေ ၅း၁၀နာရီတွင် အထက်ပါနေအိမ်၌ ခရစ်တော်တွင်အိပ်ပျော်သွားပါ၍ ၇-၁၁-၂၀၁၃ရက် နံနက် ၉ နာရီတွင် ဝတ်ပြုဆုတောင်းပြီး နောင်နန်းခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်ဆွေသင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးကျေးဇူးတင်ရှိပါကြောင်း

ဗိုလ်မှူးကြီးတင်ဦး(ရေ)(ငြိမ်း) (ရေ-၃၁၅၅)

အသက်(၇၆)နှစ်

၃-၁၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားခဲ့သော ဗိုလ်မှူးကြီးတင်ဦး(ရေ)(ငြိမ်း)၏ နာရေးကိစ္စအဝဝကို အဘက်ဘက်မှ မေတ္တာဖြင့် ဝိုင်းဝန်းကူညီပေးကြပါသော ဧရာဝတီရေတပ်စခန်းဌာနချုပ်၊ ဌာနချုပ်မှူးနှင့် တပ်မတော်(ရေ)မှ အရာရှိ အရာခံ၊ အကြပ်၊ စစ်သည်များအားလည်းကောင်း၊ ဝမ်းနည်းကြောင်း ပန်းခြင်းပေးပို့ခဲ့သော ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် စစ်ဦးစီးအရာရှိချုပ်(ရေ)တို့အားလည်းကောင်း၊ နာရေးသို့လိုက်ပါပို့ဆောင်ပေးခဲ့ကြသော တပ်မတော်(ရေ)မှ ကာကွယ်ရေးဦးစီးချုပ်(ရေ)အငြိမ်းစားများနှင့် လုပ်ဖော်ကိုင်ဖက်အရာရှိကြီး(အငြိမ်းစား)များအားလည်းကောင်း၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားလည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း ဝမ်းနည်းကြောင်း နှစ်သိမ့်အားပေးစကားပြောကြားပေးသော မိတ်ဆွေသင်္ဂဟများနှင့် လှူဖွယ်ပစ္စည်းများပေးပို့ကြပါသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် နာမကျန်းစဉ် မေတ္တာစေတနာဖြင့် ကုသပေးခဲ့သော နှလုံးအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဒေါ်ချိုလေးမာအားလည်းကောင်း အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးကျော်ကျော်ဦး [စစ်ဦးစီးဗိုလ်မှူးကြီး(ရေ)]-ဒေါ်တင်အေးမွန်သန်းတို့၏ဖခင် ဗိုလ်မှူးကြီးတင်ဦး(ငြိမ်း) အသက် (၇၆)နှစ်သည် ၃-၁၁-၂၀၁၃ရက်တွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

စစ်တက္ကသိုလ်အမှတ်စဉ်(၂၇)

သူငယ်ချင်းများနှင့် မိသားစု

အထူးကျေးဇူးတင်ရှိပါကြောင်း

ဗိုလ်မှူးခင်ဦး(ငြိမ်း) (ကြည်း-၅၇၆၇)

ဂျပန်ခေတ်စစ်တက္ကသိုလ်ပထမပတ်(ယောနင်း)(စံပြကျောင်းသား)

လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)၊ နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)

ဒု-ညွှန်ကြားရေးမှူး(ငြိမ်း)လဝက

၃-၁၁-၂၀၁၃ရက်တွင် ကွယ်လွန်ခဲ့သော ဗိုလ်မှူးခင်ဦး(ငြိမ်း) နာမကျန်းစဉ်က မေတ္တာစေတနာဖြင့် အထူးဂရုစိုက် ကုသပေးခဲ့သော ပါမောက္ခ ဒေါက်တာဦးသိန်းလွင်(ခွဲစိတ်အထူးကုဆရာဝန်ကြီး)၊ ပါမောက္ခ ဒေါက်တာဦးသိန်းမြင့်(အစာအိမ်နှင့်အူလမ်းကြောင်းအထူးကုဆရာဝန်ကြီး)၊ ပါမောက္ခ ဒေါက်တာဦးဝင်းနိုင်(အဆုတ်နှင့်ရင်ခေါင်း အထူးကုဆရာဝန်ကြီး)၊ အာရှတော်ဝင်ရှိ ဆရာဝန်များ၊ သူနာပြုဆရာမကြီးများ၊ သူနာပြုဆရာ၊ ဆရာမများ၊ နာရေးကိစ္စတွင် ဝမ်းနည်းကြောင်း နှစ်သိမ့်အားပေးစကားပြောကြားပေးကြသော ဖခင်ကြီး၏သူငယ်ချင်းရောင်းရင်းများ၊ နာရေးသို့ လိုက်ပါပို့ဆောင်ပေးကြသော စစ်ဘက်နယ်ဘက်မှ ပုဂ္ဂိုလ်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ အငြိမ်းစားဝန်ထမ်းများ၊ ပန်းခြင်းပေးပို့ပေးပါသော လဝကတိုင်းဦးစီးမှူး၊ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ရပ်ဝေးရပ်နီးမှ မိတ်ဆွေများ၊ ဌာနအသီးသီးမှဝန်ထမ်းများ၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း ဖုန်းဖြင့်ဝမ်းနည်းကြောင်း ပြောကြားကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု

ဦးအောင်မြင့်

အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ အမှတ်(၉၂/ခ)၊ ကျန်စစ်သားလမ်း၊ ကြီးပွားရေးရပ်ကွက်(မြောက်ပိုင်း)နေ (ဦးစင်းဟန်)-ဒေါ်ရှုဆုံတို့၏သားကြီး၊ ဦးလှထွေး-ဒေါ်အေးညိုတို့၏ သားသမက်၊ မအိရွှေစင်၊ မယွန်းရွှေစင်(ခ)ချမ်းချမ်းတို့၏ မွေးသဖခင်၊ ဒေါ်မင်းမင်းခိုင်၏ခင်ပွန်း ဦးအောင်မြင့်သည် ၅-၁၁-၂၀၁၃ (အင်္ဂါနေ့) ည ၈း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၉-၁၁-၂၀၁၃ (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

ဒေါ်သန်း(အိုင်ကလောင်)

အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မင်းလမ်း၊ အမှတ်(၅၁)၊ (ပထမထပ်)နေ (ဦးအောင်ကြွယ်-ဒေါ်ဒိုစီ)တို့၏ သမီး၊ ဒေါ်ခင်မြ၊ ဒေါ်ခင်မြင့်၊ (ဦးညဏ်တင်)တို့၏ညီမ၊ ဦးကြည်-ဒေါ်လှမေ၊ (ဦးလှမြင့်)၊ ဦးလှတင်-ဒေါ်ခင်စန်း၊ ဒေါ်မြချို၊ ဦးထွန်းရင်-ဒေါ်ဝင်းကြည်၊ (ဦးကျော်လှ)တို့၏အစ်မ၊ ကိုတင်ထွန်း-မအေးအေးမော်တို့၏အဒေါ်၊ မခိုင်ပြည့်ပြည့်ထွန်း၏ အဘွားသည် ၆-၁၁-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၁-၂၀၁၃(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်တင်မြ(ထားဝယ်) (၇၄)နှစ်

မူ/အုပ်(ငြိမ်း)

ထားဝယ်မြို့၊ ရှမ္မလည်ဆွဲရပ်၊ အောင်သုခလမ်း၊ အမှတ်(၁၄၇)နေ (ဦးဖစု-ဒေါ်သင်းလှိုင်)တို့၏သမီး၊ ဦးလှဝင်း(ဒုရဲမှူး-ငြိမ်း)၏ဇနီး၊ ကိုခင်မောင်ဝင်း၊ ကိုခင်အောင်ဝင်း-မစန်းမြင့်ရှိန် (ကိုဝင်းဗိဒီယို/ဓာတ်ပုံ)၊ (ကိုဝင်းနိုင်)၊ ကိုဝင်းလှိုင်-မသင်းသင်းထိုက်တို့၏မွေးသမိခင်၊ မယွန်းဝတီလှိုင်၊ မောင်သီဟနိုင်၊ မောင်ဟိန်းထက်၊ မောင်တည်ကြည်မြင့်မြတ်၊ မမေပွင့်ဖူးလှိုင်တို့၏အဘွားသည် ၆-၁၁-၂၀၁၃(ဗုဒ္ဓဟူးနေ့) ညနေ ၃း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၁-၂၀၁၃ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ဇဟာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး

ဒေါ်ခင်ရီ(ကြို့ပင်ကောက်)

အသက်(၉၃)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့၊ ပျဉ်းထောင်တွင်းလမ်းနေ (ဦးဖိုးမြစ်-ဒေါ်အေး)တို့၏သမီး၊ (ဦးပိုးတု)၏ဇနီး၊ (ဦးထွန်းရီ-ဒေါ်စန်းမြင့်)တို့၏မိခင်ကြီး၊ ဦးသိန်းထွန်း(ခ)ကိုပြားကြီး (M.D, KO PYA GYI Trading Co., Ltd.)-ဒေါ်ခင်စန်းရီတို့၏ အဘွား၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပန်းလှိုင်အိမ်ရာဝင်း၊ တိုက်အမှတ် (R-3/204)နေ ကိုထင်လင်းအောင်-မစိုးသန္တာထွန်း(ခ)မဝိုင်းလေး၊ မောင်ရန်နိုင်ထွန်း (O.T.A.C)တို့၏ဘွားဘွားကြီး၊ မြေးတစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၆-၁၁-၂၀၁၃ရက် နံနက် ၂း၄၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၃ရက် မွန်းလွဲ ၂နာရီတွင် သဲတွင်း အနတ္တဒါနသို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးသန်းမြင့် (ခ)

Baskar Nathan (၇၂)နှစ်

(အလက-၂၊ ပန်းဘဲတန်း-ငြိမ်း)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ လမ်း(၅၀)၊ အမှတ်(၁၂၅)နေ (U.Nathan-Paravathi)တို့၏ တစ်ဦးတည်းသောသား၊ Sharda Patel (BECI) ၏ခင်ပွန်း၊ N.Kumar (Journeys Adventure Travels)-မနီနီဝင်းတို့၏ ချစ်လှစွာသောဖခင်သည် ၄-၁၁-၂၀၁၃ရက် နံနက် ၂နာရီတွင် ကွယ်လွန်သွားပါ၍ ညနေ ၃နာရီတွင် ရေဝေးဟိန္ဒူသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရားရဟန်းသိမ်ကျောင်းဒါယကာကြီး

ဦးအုန်းမောင်

အသက် (၉၈)နှစ်

လှည်းကူး(ဆင်ကူး)

(မင်းမနိုင်/သာကေတ)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၇/အရှေ့ရပ်ကွက်၊ အောင်သပြေအနောက်(၁၁)လမ်း၊ အမှတ်(၉၄၇)နေ (ဦးမြတ်မင်း-ဒေါ်ငွေညွန့်)တို့၏ သားကြီး၊ ဦးသန်း-ဒေါ်သီတို့၏သားသမက်၊ (ဒေါ်ရှုရင်)၏ခင်ပွန်း၊ ဦးဇော်မင်း(နေရှင်နယ်)(တရားလွှတ်တော်ရှေ့နေ)၊ ဦးမောင်ဝ-ဒေါ်မြင့်မြင့်၊ ဦးအောင်ဆန်း (၃၄/A-ရုံ၊ သိမ်ကြီးဈေး)- ဒေါ်တင်တင်နွဲ့၊ (ဦးသန်းမောင်)-ဒေါ်ခင်ဝင်း(၄၆/ A- ရုံ သိမ်ကြီးဈေး)၊ ဦးမောင်ရှိန်-မခင်ဝင်းကြည်၊ ဦးတင်မြင့်(ဖြူစင်ဦး ဖိနပ်ဆိုင်၊ မင်္ဂလာဈေး)-ဒေါ်ကြည်ကြည်သိန်း(တရားလွှတ်တော်ရှေ့နေ)တို့၏ဖခင်၊ မြေး ၂၄ ယောက်၊ မြစ် ၁၄ယောက်၊ တီတစ်ယောက်တို့၏ အဘေးသည် ၅-၁၁-၂၀၁၃ရက် ည ၇း၂၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၉-၁၁-၂၀၁၃ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၄၅နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၁-၂၀၁၃ (တနင်္လာနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ အလှူ့ဒါယိကာမကြီး

ဒေါ်ခင်သန်း (၈၄)နှစ်

ခလောက်သိုက်ကျေးရွာ၊ အိမ်မဲ

ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ ခလောက်သိုက်ကျေးရွာနေ (ဦးဘလွင်-ဒေါ်သိန်းတန်)တို့၏သမီး၊ (ဦးမြမောင်)၏ဇနီး၊ ဦးမြထွန်း(လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)-ဒေါ်ထွေးတင်၊ ဦးသန်းဝင်း-ဒေါ်ဝင်းကြည်၊ ဦးမြဝင်း-ဒေါ်တင်တင်မြင့်၊ ဦးစိန်ဝင်း-ဒေါ်အေးကြူ၊ ဗိုလ်မှူးစိုးဝင်း(ငြိမ်း)(ဒုတိယညွှန်ကြားရေးမှူး၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ နေပြည်တော်)-ဗိုလ်ကြီးဒေါ်မြင့်မြင့်စန်း(ငြိမ်း) [အမှတ်(၂) တပ်မတော်ဆေးရုံ]တို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၅-၁၁-၂၀၁၃(အင်္ဂါနေ့) ညနေ ၄နာရီတွင် ခလောက်သိုက်ကျေးရွာ၊ အိမ်မဲမြို့နယ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၃ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ခလောက်သိုက်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်မြတ်မြတ်မင်း(ခ)အေးမိစံ

အသက်(၅၅)နှစ်

(ရွှေတောင်)

ရွှေတောင်မြို့၊ ကြာနီကန်ရပ်ကွက်၊ ဆေးရုံလမ်းနေ (ဦးကျင်)-ဒေါ်စန်းမြင့်တို့၏သမီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ နိဗ္ဗာန်လမ်း အမှတ်(၆၂၈)နေ (ဦးဝင်းမင်း)-ဒေါ်သန်းမြင့်တို့၏ ညီမ၊ ဦးနိုင်ဦး-ဒေါ်ခိုင်သဇင်၊ ဦးသော်သော်အောင်-ဒေါ်နုနုစိုးတို့၏ အစ်မ၊ ဗိုလ်ကြီးဝေယံနိုင်-မသူဇာမြင့်၊ အောင်အာကာမင်း(အငယ်တန်းအင်ဂျင်နီယာ-၂၊ ဓာတ်အားပေးစက်ရုံ၊ ရွှေတောင်မြို့)တို့၏ မွေးသမိခင်၊ တူ/တူမ ငါးယောက်တို့၏အဒေါ်၊ မအေးချမ်းမြင့်မိုရ်၏အဘွား ဒေါ်မြတ်မြတ်မင်း(ခ)အေးမိစံသည် ၅-၁၁-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် SSC အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၃ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည် (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၁၁-၂၀၁၃ (စနေနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ ကောဝိဒ

သိက္ခာတော် (၄၄)ဝါ၊ သက်တော် (၆၄)နှစ်

ရန်ကုန်မြို့၊ သွေးဆေးကန်တိုက်၊ မဏိရတနာမိုးကုတ်ကျောင်း၌ သီတင်းသုံးတော်မူသော ဘဒ္ဒန္တကောဝိဒ (မိုးကုတ်ဓမ္မကထိက၊ ကမ္မဌာနာစရိယ)သည် (၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ရက်) ၃-၁၁-၂၀၁၃ (တနင်္ဂနွေနေ့) ညနေ ၅း၀၈နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ရက်) ၇-၁၁-၂၀၁၃ (ကြာသပတေးနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ကျောင်းတိုက်မှ ရေဝေးသုသာန်သို့ ပင့်ဆောင်၍ မွန်းလွဲ ၂နာရီတွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ဆရာတော်အားရည်စူး၍ (တန်ဆောင်မုန်းလဆန်း ၇ရက်) ၉-၁၁-၂၀၁၃ (စနေနေ့) နံနက် ၉ နာရီမှ ၁၂ နာရီအထိ ဆရာတော်၏ကျောင်းတိုက်၌ တရားတော်နာ ရေစက်ချမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဒါယကာ၊ ဒါယိကာမ ဓမ္မမိတ်ဆွေအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။]

စျာပနကျင်းပရေးကော်မတီ

မဏိရတနာမိုးကုတ်ကျောင်း၊ သွေးဆေးကန်တိုက်၊ဗဟန်း

ဦးသန်းအောင် အသက်(၆၀)

လက်ထောက်အထွေထွေမန်နေဂျာ(ငြိမ်း)၊

မြန်မာ့စီးပွားရေးဘဏ်၊ တိုင်းမန်နေဂျာ(ငြိမ်း)

(ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး)

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ အမှတ်(၂)၊ စာတိုက်လမ်း၊ ဒါရိကာရပ်ကွက်နေ (ဦးထွန်းမြတ်-ဒေါ်ငွေမြ)တို့၏သား၊ (ဦးခင်မောင်အေး-ဒေါ်စန်းစန်းမြင့်)၊ ဦးမြင့်သိန်း၊ ဦးငြိမ်းမောင်-ဒေါ်ကြည်ကြည်လေး၊ ဦးအောင်ချစ်-ဒေါ်သန်းသန်းအေး၊ ဦးဆန်းအောင်-ဒေါ်ကြည်ကြည်သန်းတို့၏ ညီ/မောင်၊ ဦးမျိုးမြင့်-ဒေါ်ခင်သန်းမြင့်တို့၏အစ်ကို၊ တူ/တူမ ၁၃ယောက်တို့၏ဦးလေး၊ မြေး ၁၂ယောက်တို့၏အဘိုးသည် ၄-၁၁-၂၀၁၃ရက် ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၁-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ပျဉ်ထောင်ကျောင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁၁-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း ဒါယိကာမကြီး

ဒေါ်စန်းတင့် (၈၉)နှစ်

အလယ်တန်းပြဆရာမ(ငြိမ်း)

အထက(၁) ပုဇွန်တောင်၊

အထက(၃) ဗိုလ်တထောင်၊

အထက(၃) စမ်းချောင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖိုမြေရပ်ကွက်၊ ဖိုမြေလမ်း၊ အမှတ်(၁၁)နေ [ဝဏ္ဏကျော်ထင်ဦးသန့်ဇင် (ဆားခွန်တော်ဝန်ထောက်)-ဒေါ်သိန်းတင်]တို့၏ သမီး၊ ဦးအေးမြင့်-ဒေါ်အုန်းကြည်၊ (ဦးကျင်မောင်)-ဒေါ်စန်းလွင်၊ (ဒေါ်စောမြင့်)တို့၏ အစ်မကြီး၊ (ဦးဝင်းနိုင်)၊ ဦးမောင်မောင်-ဒေါ်ချိုချိုစိန်၊ ဦးမျိုးသန့်(မန်နေဂျာ-ငြိမ်း၊ ဆသရ)-ဒေါ်ယုယုစိန် (ဦးစီးအရာရှိ၊ ပတခ)တို့၏မိခင်၊ မောင်ပိုင်စိုး-မအိပွင့်ဖြူတို့၏အဘွား၊ မောင်ထူးမြတ်ပိုင်၏ဘွားဘွားသည် ၅-၁၁-၂၀၁၃(အင်္ဂါနေ့) ညနေ ၅း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၇-၁၁-၂၀၁၃ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၁-၂၀၁၃ (တနင်္လာနေ့) နံနက် ၇နာရီမှ ၉ နာရီအထိ အထက်နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အရာခံဗိုလ်ဦးစိုးမြင့်

အသက်(၇၂)နှစ်

တပ်မတော်-ရေ(ငြိမ်း)

လှိုင်သာယာမြို့နယ်နေ (ဦးလှ-ဒေါ်ကျင်သန်း)တို့၏သား၊ သာကေတမြို့နယ်နေ (ဦးဘသန်း-ဒေါ်သန်းရွှေ)တို့၏ သားသမက်၊ (ဦးစိုးဝင်း)-ဒေါ်တင်အေး၊ ဦးတင်မြင့်-ဒေါ်ချိုချို၊ ဒေါ်ပေါက်စ၊ ဦးစိုးမင်း၊ ဦးအောင်စိုးတို့၏ အစ်ကို၊ ဦးတင့်လွင်(တပ်မတော်-ရေ)-ဒေါ်မငယ်၊ [ဦးကြည်စိုး(တပ်မတော်-ရေ၊ ငြိမ်း)]၊ မသန်းသန်းစိုးတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုး၊ ဒေါ်မြသန်း၏ခင်ပွန်းသည် ၂-၁၁-၂၀၁၃(စနေနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၁-၂၀၁၃(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၈-၁၁-၂၀၁၃ (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီထိ လှိုင်သာယာမြို့နယ်၊ (၃/၁)ရပ်ကွက်၊ ရှင်စောပုလမ်း၊ အမှတ်(၁/၁၈၀) နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးကျော်ထွန်း(မြောက်ဦး)

အငြိမ်းစားကျောင်းဆရာကြီး

အသက်(၈၈)နှစ်

မြောက်ဦးမြို့နေ ကျောင်းဆရာ ကြီး (ဦးချက်ချွန်း-ဒေါ်မြညိုဦး) တို့၏ သား၊ (ဒေါ်ခိုင်စိန်လှ)၊ ဒေါ်လှအေး၊ ဒေါ်လှနုစိန်၊ (ဒေါ်စောမေ)တို့၏ အစ်ကို/မောင်၊ (ဒေါ်မမြတင်)၏ခင်ပွန်း၊ (ဦးဦးစစ်လှိုင်)-ဒေါ်လှခိုင်စိန် (ဘင်္ဂလားဒေ့ရှ်)၊ ဦးစံရွှေမောင်-ဒေါ်စိန်စိန်အေး၊ ဒုအရာခံဗိုလ်မြင့်အေး-ဒေါ်နုနုအေး(ပုသိမ်)၊ ဦးမောင်တင်အောင် - ဒေါ်သန်းသန်းကြည် (USA)တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုးရှင်သည်၃-၁၁-၂၀၁၃ရက် နံနက် ၄း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၉-၁၁-၂၀၁၃(စနေနေ့) နံနက်ပိုင်းတွင် ရက်လည်ဆွမ်းကျွေးမည်ဖြစ်ပါ၍ ဦးစံရွှေမောင်-ဒေါ်စိန်စိန်အေးတို့၏ နေအိမ်အခန်း၃(B) တိုက်အမှတ်(၈) လှည်းတန်း(၅)လမ်း၊ ကမာရွတ်မြို့နယ်သို့တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်ခိုင်မေသူ (၆၇)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ စက်မှုဇုံ(၃)လမ်း၊ တိုက်အမှတ်(၅)၊ အခန်း(၁၀၄)နေ(ဒေါက်တာဦးကျော်ထွန်းဦး-ဒေါ်အေးနု)တို့၏သမီး၊ (ဒေါ်ဦးကြော့)၊ ဒေါ်အေးသန်း-(ဦးရွှေဖံအောင်)၊ ဒေါက်တာခိုင်စံဝေ-ဦးတင်ဦးတို့၏ ညီမ၊ ဒေါက်တာဦးထွန်းမင်း-ဒေါ်နုနုစော၊ ဒေါ်ခိုင်ညိုဝေတို့၏အစ်မ၊ ဦးဖံရွှေခိုင်၊ ဒေါ်လှမိုးသူ၊ ဦးဖံရွှေနိုင်-ဒေါ်စိုးစန္ဒာလင်း၊ ဦးအောင်ကျော်ဖြူ-မဉမ္မာသင်းမောင်ဉာဏ်ဇော်မင်း၊ မစုယဉ်မင်း၊ မကေခိုင်မင်း၊ မောင်အောင်ခိုင်မင်း၊ မောင်သော်ဇင်တို့၏အဒေါ်၊ မြေးငါးယောက်တို့၏အဘွားလေးသည် ၆-၁၁-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၄၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၁၁-၂၀၁၃(သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၁-၂၀၁၃ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ မေးလ် themirror.npt@gmail.com၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ **R/184**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်ရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဇဗ်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသအမျှုးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ တက်ရောက်ကြည်ညို၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းမိသားစုများလည်း တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် သာသနာ့မဟာဗိမာန်တော်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်းများ ကပ်လှူကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ရန်ကုန်မြို့ ခြောက်ထပ်ကြီးဘုရားကြီးတိုက် သာသနာ့နုဂ္ဂဟကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဆရာတော်ထံ ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆီးဂိမ်းပွဲတော်တွင် ထိုင်းဘုရင့်မြေးတော် မြင်းစီးအားကစားနည်း ပါဝင်ယှဉ်ပြိုင်မည်

ကြယ်စင်လင်း

မကြာမီတွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးတွင် ထိုင်းဘုရင် Bhumibol Adulyadej ၏ မြေးတော် မင်းသမီး Siriwanwaree က မြင်းစီးအားကစားနည်းတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

မင်းသမီး Siriwanwaree သည် အနုပညာကဏ္ဍနှင့် အားကစားနည်းများကို စိတ်ဝင်စားသူတစ်ဦးဖြစ်ပြီး ၂၀၀၅ ခုနှစ်က ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပခဲ့သည့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ ကြက်တောင်အားကစားနည်းတွင်လည်း ထိုင်းနိုင်ငံကိုယ်စားပြုအနေဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့သူတစ်ဦးဖြစ်သည်။

(၂၇)ကြိမ်မြောက် ဆီးဂိမ်းအားကစားပြိုင်ပွဲတွင် ထိုင်းနိုင်ငံ မြင်းစီးအဖွဲ့ချုပ်က ထိုင်းနိုင်ငံကိုယ်စားပြုအနေဖြင့် မြင်းစီးအားကစားနည်း၏ အမျိုးအစားသုံးမျိုးတွင် ပါဝင်ယှဉ်ပြိုင်သွားကြမည်ဖြစ်သည်။ အဆိုပါအားကစားနည်းအတွက် နိုင်ငံပေါင်း ရှစ်နိုင်ငံမှ အားကစားသမားပေါင်း ၇၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ❒**

ဆီးဂိမ်းပြိုင်ပွဲကြီး ကျင်းပရန် ၃၃ ရက်သာ လိုတော့သည်

ဆီးဂိမ်းဘောလုံးပြိုင်ပွဲအုပ်စုများ မဲနှိုက်ရွေးချယ်

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ အမျိုးသားဘောလုံးပြိုင်ပွဲနှင့် အမျိုးသမီးဘောလုံးပြိုင်ပွဲအုပ်စုများ မဲနှိုက်ရွေးချယ်ခြင်းကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပရာ မြန်မာယူ-၂၃ အမျိုးသားအသင်းမှာ နာမည်ကြီး ထိုင်းနှင့်အင်ဒိုနီးရှား၊ မြန်မာအမျိုးသမီးအသင်းမှာ နာမည်ကြီး ဗီယက်နမ်တို့နှင့် တစ်အုပ်စုတည်းကျရောက် လျက်ရှိသည်။

အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အသင်းရှစ်သင်းကို အုပ်စုနှစ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စု(က)တွင် အိမ်ရှင်မြန်မာ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ အုပ်စု(ခ)တွင် ထိုင်း၊ လာအို၊ မလေးရှားနှင့် တီမောတို့ပါဝင်သည်။ အုပ်စုအနေအထားအရ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍**

အင်အားအသင့်အတင့်ရှိ ငလျင်လှုပ်

နေပြည်တော် နိုဝင်ဘာ ၆

ယနေ့ နံနက် ၁၀ နာရီ ၄၉ မိနစ် ၃၀ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် မိုင် ၃၅၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အာဆမ်၊ အိန္ဒိယနိုင်ငံ)ကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၅ ဒသမ ၄ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ သတင်းထုတ်ပြန်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

ကြော်ငြာစာမျက်နှာ အပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာစာမျက်နှာ အပိုရှစ်မျက်နှာ ပါရှိပါသည်။



ရန်ကုန်စီးပွားရေးတက္ကသိုလ် စာရင်းအင်းပညာသင်ကြားမှု
နှစ်(၆၀)ပြည့်အထိမ်းအမှတ်အခမ်းအနားကျင်းပမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

မြန်မာနိုင်ငံတွင် စာရင်းအင်းပညာသင်ကြားမှုကို ၁၉၅၃ ခုနှစ်မှ စတင်ခဲ့ရာ ၂၀၁၃ ခုနှစ်တွင် နှစ် (၆၀) ပြည့်မည်ဖြစ်ပါသဖြင့် ၂၄-၁၁-၂၀၁၃ရက်တွင် စာရင်းအင်းပညာသင်ကြားမှု နှစ် (၆၀)ပြည့်အထိမ်းအမှတ် အခမ်းအနားကို စာတမ်းဖတ်ပွဲ၊ အာစရိယပူဇော်ပွဲ၊ ဓာတ်ပုံ၊ မှတ်တမ်းပြပွဲနှင့် မိတ်ဆုံစားပွဲများဖြင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်နှင့် မုံရွာစီးပွားရေးတက္ကသိုလ်များတွင် စာရင်းအင်းပညာသင်ယူခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများ တက်တက်ကြွကြွ ပါဝင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။ အခမ်းအနားဖြစ်မြောက်ရေးအတွက် စာရင်းအင်းပညာ ကျောင်းသား၊ ကျောင်းသူများမှ အလှူငွေများ တတ်စွမ်းနိုင်သမျှ ထည့်ဝင်လှူဒါန်းကူညီကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ဆက်သွယ်စုံစမ်းရန်-

၁။ ဒေါက်တာလေးကြည်	ဖုန်း-၀၉-၅၅၀၆၉၁၉	၂။ ဦးတင်အောင်	ဖုန်း-၀၉-၄၃၀၇၄၁၀၃
၃။ ဒေါက်တာခင်မေသန်း	ဖုန်း-၀၉-၅၀၀၀၇၀၅	၄။ ဒေါက်တာမြသန္တာ	ဖုန်း-၀၉-၅၁၁၈၀၅၉
၅။ ဒေါ်အေးအေးသန်း(၁)	ဖုန်း-၀၉-၄၃၁၂၄၁၄၃	၆။ ဒေါ်အေးအေးသန်း(၂)	ဖုန်း-၀၉-၇၃၁၂၇၉၃၂
၇။ ဒေါ်ခင်နုဝင်း	ဖုန်း-၀၉-၅၀၁၅၇၆၅	၈။ ဒေါ်အေးသီတာ	ဖုန်း-၀၉-၂၉၂၀၈၁

နှစ်(၆၀)ပြည့်အခမ်းအနားဖြစ်မြောက်ရေးကော်မတီ

RIVER SIDE "နှစ်ချုပ်ဖြင့်အိမ်ခြံငှားမည်"

မြောက်ဒဂုံ၊ ငမိုးရိပ်ချောင်းဘေးမျက်နှာလှည့်၍ အုတ်တံတိုင်းခတ်ထားပြီးသော နှစ်ထပ်တိုက်သစ်ငှားမည်။(တစ်လ သိန်း ၂၀)

ခြံ ပေ(၃၀၀×၁၀၀)၊ အိမ် ပေ(၃၀×၄၀)

ဖုန်း-၀၉-၅၀၅၈၃၅၃၊ ၀၉-၅၀၅၇၃၅၄၊ ၀၉-၅၅၀၃၈၇၃

ရေနံချောင်းမြို့နယ်အသင်း(ရန်ကုန်)
ကထိန်နှင့်သက်ကြီးပူဇော်ပွဲဖိတ်ကြားလွှာ

ရေနံချောင်းမြို့နယ်အသင်း(ရန်ကုန်)မှ ကထိန်နှင့် သက်ကြီးပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် မြို့နယ်သူ/ သားများ ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

နေရာ။ ။ **ဇီဝိတဒါနသံဃာ့ဆေးရုံ**

အချိန်။ ။ **နံနက် ၉ နာရီ**

ရက်စွဲ။ ။ **၉-၁၁-၂၀၁၃ ရက် (စနေနေ့)**

အမှုဆောင်အဖွဲ့
ရေနံချောင်းမြို့နယ်အသင်း(ရန်ကုန်)

ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)
(၁၉)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်သင်္ကန်းကပ်လှူပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ဖိတ်ကြားစာ

၁၇-၁၁-၂၀၁၃ ရက် (တနင်္ဂနွေနေ့)၊ (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့)နံနက် ၉ နာရီတွင် ဖျာပုံမြို့၊ (၁၅)ရပ်ကွက်၊ အောင်သစ္စာလမ်း၊ အကြီးဝဘုန်းတော်ကြီးကျောင်းတွင် သံဃာတော်အပါး (၁၂၀)အား ကထိန်သင်္ကန်း၊ ပစ္စည်းစုံပဒေသာပင်နှင့် ငွေပဒေသာပင်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ဖျာပုံမြို့၊ (၈)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အထက(၃) ကျောင်းခန်းမတွင် ၂၀၁၃ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင် ဂုဏ်ထူးရ ဖျာပုံမြို့နေ ကျောင်းသား၊ ကျောင်းသူ (၁၁၈)ဦးကို ပညာရည်ချွန်ဆုချီးမြှင့်ပွဲသို့ ရန်ကုန်မြို့မှ ဖျာပုံမြို့သို့ နေ့ချင်းပြန် သွားရောက်မည်ဖြစ်ပါ၍ လိုက်ပါလိုသူများ ကြိုတင်စာရင်းပေးကြပါရန် ဒုတိယဥက္ကဋ္ဌ ဦးခင်ဦး ဖုန်း-၀၉-၇၃၀၁၃၈၄၈၊ အတွင်းရေးမှူး ဦးကျော်ဆန်းနိုင် ဖုန်း-၀၉-၅၀၂၆၈၃၃၊ တွဲဖက်အတွင်းရေးမှူး ဦးညီညီဝင်း ဖုန်း-၀၉-၅၀၇၇၀၂၆၊ အမှုဆောင်ဒေါ်မေမေလွင် ဖုန်း-၀၉-၅၁၅၃၄၁၄၊ ဖျာပုံမြို့နယ် အသင်း (ရန်ကုန်)အသင်းတိုက် အမှတ်(၂၈/၃၀)၊ ပထမထပ်၊ ဘိုကလေးဈေးလမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၀၁-၃၉၂၁၇၆ သို့ ဆက်သွယ်လှူဒါန်းကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

မော်လမြိုင် G.T.I,G.T.C, T.U
အာစရိယပူဇော်ပွဲနှိုးဆော်ခြင်း

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်၊ မွန်းလွဲ ၁ နာရီမှ ၅ နာရီအထိ အာစရိယပူဇော်ပွဲ အခမ်းအနားအား ရွှေဂုံတိုင် တော်ဝင်နှင်းဆီခန်းမတွင် အစဉ်အလာမပျက် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း မွန်းလွဲ ၁ နာရီမှ ၃ နာရီအထိ ရွှေတိဂုံဘုရားအနောက်ဘက်မုခ်၊ မော်လမြိုင်ဓမ္မာရုံတွင် ညှိနှိုင်းဆွေးနွေး မေးမြန်းလှူဒါန်း အကြံပေးနိုင်ပါသည်။ ညှိနှိုင်းဆွေးနွေးနိုင်ရန်အတွက် ကျောင်းသူ/သားဟောင်းများ တက်ရောက်ကြပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ခေါ်အပ်ပါသည်။ **ဆက်သွယ်ရန်ဖုန်းနံပါတ်များ**

၁။	ဦးဌေးနိုင်	(85-MT)09-5086321
၂။	ဦးကြည်ဇင်	(80-MT) 09-5151160
၃။	ဦးစိုးမြင့်သိန်း	(86-MP)09-450039024
၄။	ဦးရွှေဝင်း	(86-MP)09-450055873
၅။	ဒေါ်ချိုလင်းစံ	(87-Civil)09-5039961
၆။	ဦးသူရ	(87-MT)09-5177264
၇။	ဦးမျိုးဝင်းထွန်း	(94-Civil)09-43067057
၈။	ဒေါ်သင်းသင်းအောင်	(93-Civil)09-8622280
၉။	ဒေါ်ဇင်မာထွန်း	(99-E.C)09-420070756
၁၀။	ဦးမြတ်ကြည်စိုး	(2000-MP)09-450046665

ဆရာကန်တော့ပွဲဖြစ်မြောက်ရေးအဖွဲ့

လိပ်စာပြောင်းလဲဖွင့်လှစ်ခြင်း

Hein Htike Swe Trading Co.,Ltd မှ တင်သွင်းသော Zulex Showroom and Service Center ကို ယခင် အောင်သပြေလမ်း၊ မင်္ဂလာတောင်ညွန့်မှ ယခု စံပယ်လမ်း၊ တိုက်(၂၁)၊ အခန်း(၂)၊ တာမွေမြို့နယ်သို့ ပြောင်းလဲဖွင့်လှစ်ကြောင်း ကြေညာအပ်ပါသည်။

Hein Htike Swe Trading Co.,Ltd

ဖုန်း-၀၁-၂၀၂၇၃၄၊ ၂၀၅၃၈၅၊ ၂၉၅၉၀၀၊ ၀၉-၇၃၀၀၉၇၈၈၊ ၀၉-၂၅၀၁၆၇၄၉၁

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉K^2 ၊ မြေကွက်အမှတ် II၁၇၊ မြေကွက်တည်နေရာအမှတ် ၁၃၁/၁၃၃၊၅၇လမ်း၊ ပုဇွန်တောင်မြို့နယ် A.R Nizami အမည်ပေါက် နှစ်(၉၀) ဂရန်မြေအားအမည်ပေါက် A.R Nizami ထံမှ အရောင်းအဝယ်စာချုပ်အမှတ် ၈၂၃/၁၉၆၃ (၁၆. ၅. ၁၉၆၃)အရပိုင်ဆိုင်သူ ဦးဂိုဗင်ဒါဆွာမိရာမချန်ဒရာ၊ ဇနီး ဒေါ်ခင်သန်းမြင့်၊ သားများဖြစ်သည့် ဦးမိုဂန်းနှင့် ဇနီးဒေါ်မေခလာ၊ ဦးရာဂျကူးမား(လူပျိုကြီးဘဝဖြင့်) အသီးသီးကွယ်လွန်သဖြင့် (၁)ဦးစီဗာရာ(ဂျ်)(K/RGN.၀၂၁၆၇၉)၊ (၂)ဒေါ်ဝီဂျယ်လက်ချ်မီး(BHN.၀၂၄၈၅၂)၊ (၃)ဦးဆေးဂါး[၁၂/မဂတ(နိုင်)၀၄၁၉၂၁)]၊ (၄)ဒေါ်စွန်သီ(MTNT. ၀၁၇၈၄၈)၊ (၅) ဒေါ်ဆူမာသီ[၁၂/မဂတ (နိုင်)၀၄၁၅၀၃]၊ (၆)ဦးချစ်ကိုဦး[၁၂/မဂတ(နိုင်)၀၈၃၄၉၇]၊ (၇)ဒေါ်အင်ကြင်းစုလှိုင်[၁၂/မဂတ(နိုင်)၀၈၈၃၉၄]တို့မှ သားသမီးနှင့် မြေးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရောင်းမည်

၁။ပုသိမ်မြို့-ကင်မလင်းကျွန်းလမ်း၊ အဝေးပြေးကားကြီးဝင်းနှင့် စက်မှုဇုန်မြေ ပေ၁၇၀×ပေ(၄၆×၂၃)အိမ် ပေ(၄၀×၂၀) BN ၂ ထပ် (ရေ၊ မီးစုံ) သိန်း(၁၅၀၀)

၂။ ထောက်ကြန့်၊ မင်္ဂလာဒုံတိုးချဲ့ (၃)၊ ဗိုလ်မင်းရောင်လမ်း - အေးရိပ်ငြိမ် မြေ ပေ(၁၀၀×၅၀)၊ RC2ထပ်၊ ပေ(၃၆×၂၁) မီးဖိုကြွေပြားကပ်၊ ဘိုထိုင်၊ ရေ၊ မီးစုံ၊ (၁)လုံး၊ ပေ(၂၄×၁၆) RC ၁½ ရေ၊ မီးစုံ၊ (၁)လုံး၊ အုတ်တံတိုင်းခတ် ရှေ့နှင့်ဘေးတွင် မြက်ခင်းအလှစိုက်ပြီး၊ သိန်း (၃၀၀၀)

ဖုန်း-၀၉ ၄၂၂၅၂၅၀၆၇၊ ၀၉- ၄၉၂၂၀၆၅၂

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း (၁/၂၀၁၃)

ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေစင်ရွှေပြား ရွှေသင်္ကန်းတော်များ ကပ်လှူပူဇော်မည်ဖြစ်ပါသဖြင့် အောက်ပါလုပ်ငန်းများ လုပ်ကိုင်လိုသူများသည် ၂၀၁၃ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက် (တနင်္ဂနွေနေ့)၊ မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ဂေါပကအဖွဲ့ရုံးသို့ ချိပ်ပိတ်တင်ဒါ တင်သွင်းနိုင်ပါသည်။

(၁) ၂"×၂"ရွှက်ရေ(၁၀၀)ပါ မျက်ပါးရွှေဆိုင်း(၆၀၀၀)ဆိုင်း တင်သွင်းခြင်းလုပ်ငန်း၊

(၂) ရွှေမိုက်ဟောင်းများ ချွတ်ယူခြင်းလုပ်ငန်း၊

(၃) မျက်ပါးရွှေဆိုင်းကပ်ခြင်းလုပ်ငန်း၊

(၄) နှစ်ထပ်ငြမ်းဆင်ခြင်းလုပ်ငန်း

အသေးစိတ်သိရှိလိုပါက ဂေါပကအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

ဂေါပကအဖွဲ့၊ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်

ဖုန်း-၂၉၂၁၆၉၊ ၂၀၁၇၆၄

ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး မသိုးသင်္ကန်းပြိုင်ပွဲနှင့် ဆွမ်းတော်ကြီးကပ်လှူပူဇော်ပွဲ

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့မှကြီးမှူးကျင်းပသော (၁၆)ကြိမ်မြောက် မသိုးသင်္ကန်းပြိုင်ပွဲ၊ ရက်လုပ်ကပ်လှူပူဇော်ပွဲနှင့် ဆွမ်းတော်ကြီး ကပ်လှူပူဇော်ပွဲအား (၁၃၇၅ခုနှစ်၊တန်ဆောင်မုန်းလဆန်း ၁၄ ရက်) ၁၆-၁၁-၂၀၁၃ရက် (စနေနေ့)ညနေ၅နာရီတွင် ရင်ပြင်တော်၌ ဖွင့်ပွဲအခမ်းအနားကျင်းပ၍ ဆက်လက်ရက်လုပ်က (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလပြည့်) ၁၇-၁၁-၂၀၁၃ရက် (တနင်္ဂနွေနေ့)နံနက် အာရုံမတက်မီ ၄း၃၀နာရီတွင် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ မသိုးသင်္ကန်းတော်များ ကပ်လှူပူဇော်ပါမည်။ နံနက် ၅း၁၅ နာရီတွင် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ အရဟံဆွမ်းဆက်ကပ်လှူဒါန်းပြီး နံနက် ၆နာရီတွင် ရေစက်ချအနုမောဒနာတရား နာကြားကြပါမည်။ သဒ္ဓါကြည်လင်ပါရမီရှင်များအား မသိုးသင်္ကန်းရက်ပြိုင်ပွဲကြီးနှင့် ဆွမ်းတော်ကြီး ကပ်လှူပွဲကြီးသို့ ကြွရောက်အားပေးချီးမြှင့်၍ ကြည်ညိုသဒ္ဓါပွားများကာ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ကြပါရန် ဖိတ်ကြားအပ်ပါကြောင်းနှင့် မသိုးသင်္ကန်းအလှူနှင့် ဆွမ်းတော်ကြီးအလှူကုသိုလ်များ ပါဝင်လှူဒါန်းလိုပါက ဂေါပကအဖွဲ့ရုံးသို့ အချိန်မီ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန် ဖုန်းနံပါတ်များ- ၆၆၀၀၀၂၊ ၆၆၅၄၂၅

ဂေါပကအဖွဲ့

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်





ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ဓမ္မာရုံကျောင်း ပရိယတ္တိစာသင်တိုက်၌ စာချ/စာသင် သံဃာတော်အရှင်သူမြတ်များ သီတင်းသုံးရန်အတွက် ပေ(၇၀×၆၇)အကျယ်အဝန်းရှိ ၃ ထပ်ကျောင်းဆောင်သစ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ခွင့်ပြုချက်ဖြင့် ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ

ဓမ္မာရုံပရိယတ္တိစာသင်တိုက်

ဖုန်း-၀၁-၇၀၈၈၇၄၊ ၀၉-၈၆၃၀၅၁၆



မွေးသက္ကရာဇ်အမှန်

ရန်ကုန်တောင်ပိုင်းခရိုင်၊ ခရမ်းမြို့နယ်၊ အမှတ်(၁၁)ရပ်ကွက်၊ ရွာမလမ်းသွယ်နေ ဦးအောင်မင်း၏ သမီးဖြစ်သူ မသီသီထွန်း(ခ) မသီသီအောင်[၁၂/ခရန(နိုင်)၀၉၉၃၄၁]ကိုင်ဆောင်သူသည် ကျောင်းမှတ်တမ်းများအရ မွေးသက္ကရာဇ်အမှန်မှာ (၂၀-၁-၁၉၈၉)ဖြစ်ပါကြောင်း။ **မသီသီထွန်း(ခ)မသီသီအောင် [၁၂/ခရန(နိုင်)၀၉၉၃၄၁]**



မီးသတိပြု

ရော်ဘာမြေရောင်းမည်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ငါးဆူတောင်ဒေသ၊ ကြာအင်းကျေးရွာ၊ ကွင်းကြီးအမှတ်(၃၉)၊ ကွင်းအမှတ်(၉၆၇)တွင် စိုက်ပျိုးထားသော (၁၄)နှစ်သားရှိ ရော်ဘာ(၃၇၀၀)ပါ မြေဧက(၂၀)ရောင်းမည်။ စာရွက်စာတမ်းအပြည့်အစုံပါရှိပြီး ပိုင်ရှင်အမည်ပေါက်ဖြစ်သည်။

ဈေးနှုန်း သိန်း(၁၅၀၀)

ဆက်သွယ်ရန် ဖုန်း-၀၉-၄၅၀၀၅၈၆၈၂၊ ၀၉-၄၂၀၀၄၄၈၂၄

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။ ပွဲစားမလိုပါ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၊ မြေကွက်အမှတ်-၃၆၀/က၊ မြေကွက်တည်နေရာအမှတ်(၃၆၀/က)၊ ရတနာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ (ဦးအေး) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးအေးထံမှအရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် မူလဧရိယာ ပေ(၄၀×၆၀)အနက်မှ ပေ(၁၉×၆၀)ဝယ်ယူထားသူ ဦးတင်မောင်ဝင်းအား (တရားပြိုင်)ထား၍ တောင်ဥက္ကလာပမြို့နယ်တရားမရုံး၊ တရားမကြီးမှုအမှတ်(၂၇/၂၀၁၂)ဖြင့် တရားစွဲဆိုပြီး အနိုင်ဒီကရီရရှိခဲ့သော (တရားလို) ဦးထင်ကျော်စွာ[၁၂/တမန(နိုင်)၀၅၆၆၆၂]မှ အရပ်ကတိ အရောင်းအဝယ်စာချုပ်များ၊ တရားရုံး၏စီရင်ချက်အမိန့်နှင့် ဒီကရီတို့တင်ပြ၍ဂရန်သစ်လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

၃၁-၁၀-၂၀၁၃ရက်ထုတ် ကြေးမုံသတင်းစာပါ တရားလွှတ်တော်ရှေ့နေဦးညွန့်စိန်နှင့်ဦးမျိုးညွန့်ဝင်းတို့၏ အများပြည်သူများသိစေရန် အသိပေးကြေညာခြင်းအပေါ် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဘက်မှ တုံ့ပြန်ရှင်းလင်းကြေညာချက်

၁။ ၃၁-၁၀-၂၀၁၃ ရက်ထုတ်၊ ကြေးမုံသတင်းစာ ပြန်လည်ရှင်းလင်းကြေညာချက်အပိုဒ်(၁)နှင့်ပတ်သက်၍ မြင်သာထင်သာဖြစ်စေရန် တုံ့ပြန်ရှင်းလင်းသည်မှာ ဒေါ်စန်းစန်းမော်အပါအဝင် ဦးသန်းအောင်၊ ဦးတင်အောင်မြင့်၊ ဦးတင့်လွင်၊ ဦးမင်းသန်း(ခ)ဦးမော်ကြီးနှင့် ဦးအောင်အောင်တို့အား ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၊ ခရိုင်များမှ ဗီဒီယိုအခြေခံအဖွဲ့ဝင်များအားလုံး၏ မဲဆန္ဒဖြင့် ရွေးကောက်တင်မြှောက်ခြင်းမဟုတ်ဘဲ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ထုတ်လုပ်ဖြန့်ချိသူများထဲမှ (၅)ဦး ငှားရမ်းလုပ်ငန်းရှင်များအထဲမှ (၄)ဦး စုစုပေါင်း(၉)ဦးကို မဲဆန္ဒပေးခွင့်ရှိသော (၆၂)ဦးမှ မဲပေးရွေးချယ်ခဲ့ခြင်း ဖြစ်ပါသည်။ ထိုရွေးချယ်ခံရသူများတွင် ဦးမြတ်မင်းမောင် (၃၅)မဲ၊ ဦးတင့်လွင်(၃၀)မဲ၊ဦးအောင်ဇာနည်ထွန်း (၂၈)မဲ၊ ဒေါ်စန်းစန်းမော်(၂၅)မဲ၊ ဦးသန်းအောင်(၁၉)မဲဖြင့် ဖော်ပြပါ (၅)ဦးသည် ထုတ်လုပ်ဖြန့်ချိသူများထဲမှ ရွေးချယ်ခံရသူများဖြစ်ပါသည်။ ၎င်းနောက် ရွေးချယ်ခံရသူ (၉)ဦးထဲမှ ထပ်မံ၍ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ စာရင်းစစ်၊ စည်းရုံးရေးမှူး၊ အဖွဲ့ဝင်တို့ကို ရွေးချယ်ရာ ဒေါ်စန်းစန်းမော်သည် ဥက္ကဋ္ဌအဖြစ်(၅)မဲဖြင့် ရွေးခံရခြင်းဖြစ်ပါသည်။ ဒေါ်စန်းစန်းမော်သည် ဥက္ကဋ္ဌတာဝန် စတင်ထမ်းဆောင်သည့်အချိန်က မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ ဗီဒီယိုအခြေခံအဖွဲ့(ဗဟို)၊ ရန်ကုန်တိုင်းဒေသကြီး ဗီဒီယိုအခြေခံအဖွဲ့အမှုဆောင်အဖြစ် တာဝန်ထမ်းဆောင်လိုခြင်း အဆိုပြုလွှာ၏ ဝန်ခံချက်အပိုဒ်(၂)တွင် ကျွန်တော်/ကျွန်မသည် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ ဗီဒီယိုအခြေခံအဖွဲ့(ဗဟို)၏ ရန်ကုန်တိုင်းဒေသကြီး ဗီဒီယိုအခြေခံအဖွဲ့ အမှုဆောင်အဖွဲ့တွင် ရွေးချယ်တာဝန်ပေးအပ်ခြင်း ခံရပါက ရုပ်ရှင်နှင့်ဗီဒီယိုလောက ဖွံ့ဖြိုးတိုးတက်မြင့်မားစေရန် ပေးအပ်လာသည့်တာဝန်ကို ဦးလည်မသုန်တာဝန်ထမ်းဆောင်သွားမည်ဖြစ်ကြောင်းဝန်ခံကတိပြုပါသည်ဟု ဝန်ခံလက်မှတ်ရေးထိုးခဲ့ပါသည်။

၂။ အပိုဒ်(၁)ပါအတိုင်း ဒေါ်စန်းစန်းမော်သည် ဝန်ခံလက်မှတ်ရေးထိုးခဲ့သော်လည်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဗီဒီယိုအခြေခံအဖွဲ့(ဗဟို)၏ ပေးအပ်သည့်တာဝန်များကို ဦးလည်မသုန် ဆောင်ရွက်ခဲ့ခြင်းမရှိဘဲ (၃၅)မဲဖြင့် အများဆန္ဒနှင့်အညီ မဲအများဆုံးရရှိခဲ့သော ဦးမြတ်မင်းမောင်အား ရုံးမှန်မှန်မတက်သဖြင့်ဟုဆိုကာ ရန်ကုန်တိုင်းဒေသကြီး ဗီဒီယိုအခြေခံအဖွဲ့အမှုဆောင်အဖြစ်မှ ထုတ်ပယ်ခဲ့ပါသည်။ ထိုသို့ထုတ်ပယ်ခဲ့ခြင်းအပေါ်မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ စည်းရုံးရေးပျက်ပြားမှုမရှိစေရန် ညှိနှိုင်းပေးပြီး ဦးမြတ်မင်းမောင်အား ရုံးမှန်မှန်တက်ရန်နှင့် တာဝန်များပြန်လည်ထမ်းဆောင်ရန် ညွှန်ကြားခဲ့၍ ရုံးပြန်တက်သည့်အခါ ဒေါ်စန်းစန်းမော်က လက်မခံဘဲ ၎င်းညွှန်ကြားချက်အပေါ် ငြင်းပယ်ခဲ့ခြင်းသည် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ ညွှန်ကြားချက်အပေါ် ဆန့်ကျင်၍ လုပ်ဆောင်ခဲ့ခြင်းသာ ဖြစ်ပါသည်။ ဒေါ်စန်းစန်းမော်၏ လုပ်ဆောင်ချက်များအပေါ် ရန်ကုန်တိုင်းဒေသကြီး မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့ဝင်များမှ ကန့်ကွက်သည့်စာအများအပြား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ လက်ခံရရှိခဲ့ပါသည်။ ထို့အပြင် ဒေါ်စန်းစန်းမော်သည် လှိုင်သာယာအခြေခံအဖွဲ့၊ မင်္ဂလာဒုံအခြေခံအဖွဲ့အပါအဝင် အခြားမြို့နယ်မှ အမှုဆောင်များအား မိမိသဘောဖြင့် ထုတ်ပယ်ခြင်း၊ အစားထိုးခန့်အပ်ခြင်းများ ဆက်လက်ပြုလုပ်လာပါသည်။

၃။ ဒေါ်စန်းစန်းမော် အပါအဝင်အထက်အမည်ဖော်ပြပါ ပုဂ္ဂိုလ်(၅)ဦးအား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယကအဖွဲ့နှင့် အလုပ်အမှုဆောင်အဖွဲ့သည် မိမိတို့၏သဘောဆန္ဒဖြင့် မလေ့လာမသုံးသပ်ဘဲ တာဝန်မှအကြောင်းမဲ့ရပ်စဲခြင်း မဟုတ်ပါ။ ဒေါ်စန်းစန်းမော်အပါအဝင် အထက်အမည်ဖော်ပြပါ ပုဂ္ဂိုလ်(၅)ဦးတို့ ပြုမူဆောင်ရွက်ချက်များအပေါ် သည်းမခံနိုင်၍ စာဖြင့်အကြိမ်ကြိမ် တင်ပြလာခဲ့မှုများအပေါ် မေတ္တာတရားရှေ့ထား သည်းခံစောင့်ကြည့်ခဲ့သော်လည်း တစ်ဖြေးဖြေးအခြေအနေများမှ ထိန်းသိမ်းမရနိုင်လောက်အောင် ဖြစ်လာသည့်အတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသည် နာယကအဖွဲ့များနှင့်လည်းကောင်း၊ အလုပ်အမှုဆောင်(၂၂)ဦး အထူးအစည်းအဝေးပြုလုပ်၍လည်းကောင်း၊ အစည်းအဝေးတက်ရောက်သူများအားလုံး၏ တစ်သဘောတည်း ဆုံးဖြတ်ချက်ချမှတ်၍လုပ်ငန်းတာဝန်မှ တရားဝင် ရပ်စဲခဲ့ကြောင်းစာအား ၉-၈-၂၀၁၃ရက်စွဲဖြင့် စာထုတ်ပြန်ပေးပို့ခဲ့ရခြင်း ဖြစ်ပါသည်။ ထိုသို့ တာဝန်မှ တရားဝင်ရပ်စဲကြောင်း စာအား မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့ (၄၃)မြို့နယ်သို့ ပေးပို့ခဲ့ရာ မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့(၃၃)ဖွဲ့မှ ထောက်ခံစာများ ပြန်လည်ပေးပို့ခဲ့ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် တုံ့ပြန်ရှင်းလင်းအပ်ပါသည်။

၄။ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အလုပ်တာဝန်မှ တရားဝင်ရပ်စဲကြောင်း အကြောင်းကြားစာများ ပေးပို့ခဲ့ပြီးနောက် တရားဝင်တာဝန်မှ ရပ်စဲခံခဲ့ရသူနှင့် အထက်အမည်ဖော်ပြပါ ပုဂ္ဂိုလ်(၅)ဦးတို့သည် မိမိတို့တာဝန်ယူစဉ်က မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ယုံကြည်စွာအပ်နှံခဲ့သော ရန်ကုန်တိုင်းဒေသကြီး ဗီဒီယိုအခြေခံအဖွဲ့ပိုင် ရုံးခန်းနှင့်သော့၊ စာရွက်စာတမ်းများ၊ ငွေသားများ၊ ဘဏ်စာအုပ်များ၊ ရုံးခန်းသုံးပစ္စည်းများ၊ လက်ကိုင်ဖုန်းများ၊ တရားဝင်စနစ်တကျ လွှဲအပ်ပေးရန် တောင်းဆိုခဲ့သော်လည်း လွှဲပြောင်းပေးအပ်ရန် ပျက်ကွက်နေသည့်အပြင် တာဝန်မှ ရပ်စဲခံထားရပြီးဖြစ်ပါလျက် ၁၉-၈-၂၀၁၃ရက် (စနေနေ့)တွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ပရဝဏ်အတွင်းရှိ ရန်ကုန်တိုင်းဒေသကြီး ဗီဒီယိုအခြေခံအဖွဲ့ ရုံးခန်းသို့ မိမိတို့သဘောဆန္ဒဖြင့် ရောက်ရှိ၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတာဝန်ရှိသူများ၏ ခွင့်ပြုချက်မရှိဘဲ ရုံးခန်းတံခါးဖွင့်ခြင်း၊ ရုံးခန်းအတွင်း မိမိတို့သဘောဖြင့် ဆောင်ရွက်ခဲ့ခြင်းသာ ဖြစ်ပါသည်။ ထို့အပြင် ဒေါ်စန်းစန်းမော်တို့၏ ၃၁-၁၀-၂၀၁၃ ရက်စွဲပါ ကြေးမုံသတင်းစာ၏ ကြေညာချက်အပိုဒ်(၅)၌ လက်ဝယ်ထားအသုံးပြုနေသော ရုံးခန်းအတွင်းဝင်၍မရအောင် သော့ခတ်တံခါးပိတ်၍ ဝင်ထွက်သွားလာခွင့်မရခြင်းဖြစ်ကြောင်း ဖော်ပြထားချက်သည် လုံးဝမှန်ကန်မှုမရှိပါ။ သော့ခတ်တံခါးပိတ်မထား၍သာ ၁၉-၈-၂၀၁၃ရက်တွင် ဝင်ရောက်ခဲ့ခြင်းသာဖြစ်ကြောင်းနှင့် အဆိုပါနေ့က ၎င်းတို့(၅)ဦး ဝင်ရောက်ခဲ့မှုအပေါ် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးထားသဖြင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးလက်ဝယ် အထောက်အထားအဖြစ် ရှိနေပါသည်။ ဒေါ်စန်းစန်းမော်သာလျှင် ၎င်းတို့ဝင်ထွက်သွားလာနေသည့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်းအတွင်းရှိ ရန်ကုန်တိုင်းဒေသကြီး ဗီဒီယိုအခြေခံအဖွဲ့ ရုံးခန်းသော့ခတ်ထားခြင်းကို ယနေ့တိုင် ဆောင်ရွက်ထားပါသည်။ ထိုသို့ ပြုမူဆောင်ရွက်ခြင်းကြောင့် ရန်ကုန်တိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်းရှင်များနှင့်သက်ဆိုင်သော စာရွက်စာတမ်းများ၊ စာရင်းဇယားများ၊ ဝင်ငွေထွက်ငွေဖိုင်တွဲများ၊ ဘဏ်စာရင်းစာအုပ်များ၊ ငွေသားများ၊ ဗီဒီယိုလိုင်စင်သက်တမ်းတိုးရေးနှင့် သက်ဆိုင်သောစာရွက်စာတမ်းများ၊ ဗီဒီယိုလုပ်ငန်းရှင်များအဖြစ် အသစ်ဝင်ရောက်ရန်အတွက် လျှောက်ထားသည့်လျှောက်လွှာများ၊ ရုံးခန်းအတွင်းရှိ စာရေးကိရိယာမှအစ အသုံးအဆောင်ပစ္စည်းများ ကျန်ရှိနေပါသည်။ ထို့ကြောင့် ၁၃-၁၀-၂၀၁၃ ရက် ကြေးမုံသတင်းစာနှင့် ၁၄-၁၀-၂၀၁၃ရက် မြန်မာ့အလင်းသတင်းစာတို့တွင် စည်းမျဉ်းစည်းကမ်းများနှင့်အညီ (၇)ရက်အတွင်း တရားဝင်လွှဲပြောင်းပေးအပ်ရန်နှင့် ရန်ကုန်တိုင်းဒေသကြီး ဗီဒီယိုအခြေခံအဖွဲ့ခေါင်းစဉ်ပါ (Letter Head)များ ဆက်လက်အသုံးမပြုရန် အကြောင်းကြားစာပေးပို့၍ တားမြစ်ထားသည့်ကိစ္စရပ်အား ဖော်ပြခဲ့ပါသည်။ လူကြီးမင်းတို့မှ လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ ၃၁-၁၀-၂၀၁၃ရက်တွင် ကြေးမုံသတင်းစာ၌ ဖော်ပြခဲ့ခြင်းများ ပြုလုပ်လာခဲ့ခြင်းတို့အတွက် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန် စီစဉ်ထားပြီးဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် တုံ့ပြန်ရှင်းလင်းကြေညာအပ်ပါသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးချစ်ကိုကို LL.B,H.G.P,Dip in Business Law, Dip in Applied Psychology
Dip in Martime Law, WIPO (Switzerland)
(စဉ်-၂၈၀၃/၁၉၈၄ခုနှစ်)
တရားလွှတ်တော်ရှေ့နေနှင့် စီးပွားရေးလုပ်ငန်းဥပဒေဆိုင်ရာအကြံပေးပုဂ္ဂိုလ်
အမှတ်(၆၀)၊ မြေညီထပ်။ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၅၂၉၂၄

ဦးသန်းဌေး D.L101,WIPO(Switzerland)
တရားလွှတ်တော်ရှေ့နေနှင့်ဥပဒေဆိုင်ရာအကြံပေး
(စဉ်-၃၈၅၁/၁၉၈၆ခုနှစ်)
ဖုန်း-၀၉-၇၃၁၈၁၀၀၇၊ ၀၁-၅၅၃၂၁၆
အမှတ်(၅၀၁)၊ ယမုံနာလမ်း၊ မြို့သစ်ရပ်ကွက်၊ ဗန္ဓုလတံတားအနီး၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

မောင်စိုးမိုးနှင့် မပွင့်သီရိဝေတို့၏ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ မြသီတာအိမ်ရာ၊ သီဟသူလမ်း၊ အမှတ်(1,A2)နေအိမ်၌ ၂၀၁၃ခုနှစ်၊ အောက်တိုဘာလ ၂၆ရက်(စနေနေ့)တွင် ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးသည့် အခမ်းအနား၌ တက်ရောက်ချီးမြှင့်ပေးပါသော သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာဦးစိုးသိန်းနှင့် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော အဂ္ဂမဟာသီရိသုဓမ္မ သီဂီဒေါ်ခင်ချိုအုန်း(ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)အားလည်းကောင်း၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အင်းလျားမြိုင်လမ်း၊ မင်းကွန်းတောရကျောင်းတိုက်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဆွမ်းကျွေးပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ ဧည့်သည်တော်လူကြီးမင်းများအားလည်းကောင်း၊ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂ရက်(စနေနေ့)တွင် Sedona Hotel (Grand Ballroom)၌ ကျင်းပပြုလုပ်ခဲ့သည့် မင်္ဂလာဧည့်ခံပွဲ အခမ်းအနားသို့ မင်္ဂလာအောင်စံပယ်ပန်းကုံးများ ဆင်မြန်းပေးပါသော သီရိပျံ့ချီ ဗိုလ်မှူးချုပ် အောင်သိန်းလင်း (ငြိမ်း)နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်များ ဆင်မြန်းပေးပါသော သုဓမ္မမဏိဇောတဓရ ဗိုလ်မှူးကြီးတင်ရှိန် (ငြိမ်း)နှင့် ဇနီး ဒေါ်အေးမွှန်ရှိန်အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦးအားလည်းကောင်း၊ သတို့သားအရံ မောင်ခန့်ညားနှင့် မောင်သူရထွန်း၊ သတို့သမီးအရံ မမြမြင့်ကြည်နှင့် မလွင်နှင်းခိုင်ဝါ တို့အားလည်းကောင်း၊ မင်္ဂလာပန်းများကြဲပေးပါသော မမေဇော်ကိုကိုအားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်းကိုင် မအိန္ဒြေမြတ်မွန်နှင့် မင်္ဂလာလက်ထပ်လက်စွပ်ဗန်းကိုင် မကုဋေကုဋာတို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံဖန်တီးချုပ်လုပ်ပေးပါသော ဒီဇိုင်နာမဇူဇူ(Zu Zu Collection) နှင့် ဆံပင်မိတ်ကပ်အလှဆင်ယင်ပေးပါသော မိတ်ကပ်ဇေဇေတို့အားလည်းကောင်း၊ လက်ဝတ်ရတနာများအား မေတ္တာဖြင့် ဆင်မြန်းပေးပါသော Ruby Jewellery Shop မိသားစုအားလည်းကောင်း၊ မင်္ဂလာပန်းအလှဖန်တီးရှင် နီနီပွိုင့်(ဗိုလ်ချုပ်ဈေး) အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေးသီချင်းသီကြွေးပေးပါသော နိုင်ငံကျော်အဆိုတော် ဒေါ်ရီရီသန့်အားလည်းကောင်း၊ မင်္ဂလာတေးသံသာများနှင့် တီးခတ်ဧည့်ခံပေးပါသော Cupid Music Bandနှင့် နိုင်ငံကျော်တေးသံရှင်များအားလည်းကောင်၊ မင်္ဂလာအခမ်းအနားတွင် ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးပေးပြီး Pre Wedding မင်္ဂလာဓာတ်ပုံများ ရိုက်ကူးပေးပါသော 7 Picture Wedding Dress and Photo Studioအားလည်းကောင်း၊ မင်္ဂလာဖိတ်စာများ ရိုက်နှိပ်ပေးပါသော Dagon Printing အားလည်းကောင်း၊ မင်္ဂလာစားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံပေးပါသော Sedona Hotel မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ လူကိုယ်တိုင်လာရောက်နိုင်ခြင်းမရှိသဖြင့် လက်ဖွဲ့များပေးပို့ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲပြီးမြောက်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားလည်းကောင်း၊ အခြားကျေးဇူးတင်ထိုက်သူအားလုံး အားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါသည်။

နှစ်ဖက်မိဘများနှင့်
မောင်စိုးမိုး-မပွင့်သီရိဝေ

Myanmar First License Training

COFFEE BARISTA INSTITUTE

[illegible]

Enroll Now...

Early Birds 30% Off

Coffee Barista [illegible]

Weekend Classes are Opening!

COSMO World Training Center

[illegible]

ကန့်ကွက်နိုင်ပါသည်

[illegible]

- 518760, 518940, 518950, 590643, 592517, 2304311

ကန့်ကွက်နိုင်ပါသည်

[illegible]

- 518760, 518940, 518950, 590643, 592517, 2304311

''(၂၇)နှစ်မြောက်မင်္ဂလာဆုတောင်း''

မြင့်မိုရ်မကာအနန္တကျေးဇူးရှင်

ချစ်ဖေဖေ - Captain ဦးထွန်းမင်း နှင့်

ချစ်မေမေ - ဒေါ်နှင်းနှင်းဇေ (တော်ဝင်ရွှေရည်ဦးရွှေပန်းထိမ်)

(၇-၁၁-၂၀၁၃)တွင်ကျရောက်သောမင်္ဂလာနှစ်ပတ်လည်ရက်မြတ်မှသည် ရတုများစွာတိုင်အောင် တူယှဉ်လက်တွဲမခွဲမခွာ ချစ်ကြင်စွာဖြင့် လောကီလောကုတ္တရာ နှစ်ဖြာအကျိုး ဆပွားတိုးလျက် ကာယစိတ္တသုခ ချမ်းသာပြည့်ဝပါစေ၊ ချစ်သားသမီးတို့ကဆုမွန်ခြွေလျက်...

ချစ်သမီး - Dr.Sandy Tun Min, MBBS (Sydney)
Hunter New England Health, Newcastle

ချစ်သား - Randy Aung
Final - Medicine, Dalhousie Uni.(Canada)

''(၂၇)နှစ်မြောက်မင်္ဂလာဆုတောင်း''

အရာရာကိုဦးဆောင်နိုင်ပြီး စေတနာရှေ့ထားမိဘများသဖွယ်
ချစ်ခင်လေးစားရပါသော

အန်ကယ် - Captain ဦးထွန်းမင်း နှင့်

အန်တီ - ဒေါ်နှင်းနှင်းဇေ (တော်ဝင်ရွှေရည်ဦးရွှေပန်းထိမ်)

တို့၏(၇-၁၁-၂၀၁၃)တွင်ကျရောက်သော မင်္ဂလာရက်မြတ်မှသည် နှစ်ပေါင်းရှည်ကြာ ချစ်ကြင်နာစွာဖြင့် လောကီကောင်းကျိုး အတူသယ်ပိုး၍ ချမ်းမြေ့ပျော်ရွှင် ချစ်သောတပည့်များနှင့် ထာဝရလက်တွဲ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်.......

မန်နေဂျာ - မနန်းယုမော်ဦးနှင့် ဝန်ထမ်းတပည့်များ

(တော်ဝင်ရွှေရည်ဦးရွှေပန်းထိမ်)

Highway Star Travels & Tours

- ကျိုက်ထီးရိုးခနေ့ချင်းပြန် အပတ်စဉ် (စနေ၊ တနင်္ဂနွေ)
- တောင်ကြီးမီးပုံးပျံပွဲ (Nov 15) ၃ ညအိပ်/၄ရက်

Air-con Express [illegible] Hotel, Restaurant [illegible]

10% discount (၁၀) ဦး [illegible] 5%discount

09- 73197636 , 09-36 220 108 , 09- 36 220 162

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်
ပထမအကြိမ်သက်ကြီးသင်္ဘောသားများအား ထောက်ပံ့ကြေးပေးအပ်ပွဲ

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်မှ အသက်(၇၀)နှင့်အထက် သက်ကြီးသင်္ဘောသားများအား ပထမအကြိမ်ထောက်ပံ့ကြေးငွေပေးအပ်ပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

သင်္ဘောသားညီနောင်များမှ မိမိတို့၏ နောင်တော်သက်ကြီးသင်္ဘောသားများအား ကူညီထောက်ပံ့လှူဒါန်းလိုပါက အဖွဲ့ချုပ်ရုံးတည်ရှိရာ အမှတ်(၅၃)၊ (၃၇)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၇၅၈၂၀၊ ၃၈၁၅၉၂၊ ၃၉၂၀၇၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်းနှင့် အခမ်းအနားသို့တက်ရောက်နိုင်ပါရန် လေးစားစွာဖြင့်ဖိတ်ကြားအပ်ပါသည်။

(၁) ကျင်းပမည့်နေ့ရက်။ ။၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၇ရက် (တန်ဆောင်မုန်းလပြည့်နေ့) (တနင်္ဂနွေနေ့)
(၂) ကျင်းပမည့်အချိန်။ ။နံနက် ၉း၀၀နာရီ
(၃) ကျင်းပမည့်နေရာ။ ။ယုဇနဟိုတယ်၊ (Grand Ball Room)
အမှတ်(၁၃၀)၊ အုတ်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

အလုပ်အမှုဆောင်အဖွဲ့
